
# ရုရှန်စအောင်

မြှားနီလေးသည်တော်



စာမူ ခွင့်ပြုချက်အမှတ် ၅၉ / ၉၅ / ၁

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၅၀ / ၉၅ / ၁

ထုတ်ဝေခြင်း

ပထမအကြိမ်

၁၉၉၅ ခု၊ မတ်လ

အုပ်ရေ

၅၀၀ အုပ်

တန်ဖိုး

သုံးဆယ်ကျပ်တိတိ

စာပေ

အထက်မြန်မာပြည် ဖြန့်ချိရေး၊ မန္တလေး



# ရဲရန်အောင်

'မြားနီလေးသည်တော်'

စာစဉ် ၂ (ဇာတ်သိမ်း)

ဖြန့်ချိရေး

ရွှေမိုးဆောင်း စာပေ

အမှတ် ၇၂-၆ လမ်း ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ် ၁၁၈၃

ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

ကွင်းစာပေ
အမှတ် ၁၅/၁၃၈၊ မြေ ...
တောင် ဥက္ကလာ
ဖုန်း ၂၀၄၆၆



**လင်ဟုတ်အန်း**

အစိုင်းဖြူအရပ်မှာ မျောက်ပါးစပ်ရွာနှင့် အနည်းငယ်ကွာလှမ်း၍ တီသင်ချိုသစ်တောအနီးတွင် ရှိသည်။

ထိုနေရာတွင် လမ်းနှစ်ခု ဆုံနေလေသည်။ တစ်လမ်းမှာ တီယင်ချိရွာ 'လောကအလင်း' ဘုန်းကြီးကျောင်းမှ တီယင်ချိ သစ်တောသို့ လာသောလမ်းဖြစ်၍ နောက်တစ်လမ်းမှာ 'လီ'မြို့စားဘက်မှ မကြာမီက ရှုံးနိမ့်ပြီး သုတ်ခြေတင်ရသော မျောက်ပါးစပ်ရွာလေးနှင့် မိုးမခရွာကြားရှိ လမ်းတစ်ခု ဖြစ်သည်။

အပိုင်းဖြူတွင် လမ်းနှစ်ခုဆုံရာ ထိုမှတစ်ဖန် တစ်လမ်းတည်းအဖြစ်နှင့် မျောက်ပါးစပ်ရွာသို့ရောက်အောင် ဖောက်လုပ်ထားသည်။

လမ်းဆုံ၏နောက်ဘက်တွင် ကုန်းမြင့်လေးတစ်ခုပေါ်၌ ရှေးကျသော ဟောင်းနွမ်းနေသည့် အိမ်အိုလေးတစ်လုံးကို တွေ့ရသည်။

ဤနေရာသို့ စွန်ချန်းက ရှေးဦးစွာ ရောက်ရှိလာသည်။

ရာသီဥတုမှာ အလွန်အေးချမ်းပြီး မြေပြင် တစ်ခုလုံး ဆီးနှင်းများ ဖုံးလွှမ်းကာ ဖြူဖွေးဆွတ်နေသည်။ အရှေ့ဘက်ကောင်းကင်တွင် နေရောင်ခြည်သစ်သည် နောက်တစ်နေ့၏ အစကို ဖော်ကျူးနေသကဲ့သို့ ထိန်လင်းနေလေသည်။

စွန်ချန်းသည် အိမ်အိုလေး၏ နံဘေးတွင် မြင်းကို ရပ်နားကာ တစ်စုံတစ်ရာအား စောင့်မျှော်လျက်ရှိသည်။

မကြာမီတွင် လောကအလင်း ဘုန်းကြီးကျောင်းမှ လာသော လမ်းဘက်၌ လူကြီးတစ်ဦးသည် အလွန်ခန့်ညားသော အဝတ်အစားများနှင့် သားမွေးအင်္ကျီ တစ်မျိုးကို ခြုံလျက် ကြံ့ခိုင် တောင့်တင်းလှသော မြင်းဖြူကြီးအားစီး၍ လာနေသည်ကို တွေ့ရှိရာ သူ၏ နောက်၌ လှံကိုင်သမား တစ်ဦးနှင့် ဓားကိုင်တစ်ဦးတို့ ခြံရံလိုက်ပါလာသည်။

ထိုလူကြီးသည် စွန်ချန်းအား တွေ့မြင်ရလေသျှင် သူ၏ လူများအား ချန်ရစ်ကာ စွန်ချန်းထံသို့ ချဉ်းကပ်လာသည်။



အနားရောက်၍ အသေအချာ ရှုကြည့်လိုက်လေရာ ယမန်နေ့က သူနှင့် တိုက်ခိုက်ခဲ့သော ခေါင်းဆောင် ဓားသမားကြီးအား တွေ့ရှိလိုက်ရတော့သည်။

အလွန်ခန့်ညားသော ဝတ်စုံနှင့် တောက်တောက်ပြောင်ပြောင် ရှိနေသဖြင့် စွန်ချန်းမှာ ရုတ်တရက် မမှတ်မိနိုင်ခြင်းဖြစ်သည်။

‘ဒီလိုအချိန်မှန် ရောက်ရှိလာတဲ့ အတွက် အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ၊ မြင်းပေါ်က အောက်ကိုဆင်းပြီး စကားပြောရအောင်လား’

‘ဩော်....မောင်ရင် တစ်ဦးတည်းပါလား’

‘ကျွန်တော် ဒီလောက်မညံ့လှပါဘူးခင်ဗျာ၊ ဟောဒီဘက် သစ်တောထဲမှာ ကျွန်တော့်လူတွေဟာ လေးနဲ့မြားကို အရံသင့် ကိုင်ပြီး ချောင်းမြောင်း စောင့်ကြည့်နေကြပါတယ်’

‘အေး....အေး....ဒီလို သတိထားဂရုစိုက်မှပေါ့ကွယ်၊ သတိဆိုတာ ပိုတယ်လို့မရှိဘူး၊ မနေ့ညက မင်းနဲ့မင်းလူတွေ တိုက်နေ ခိုက်နေပုံက အလွန်တော်ကြပါတယ်၊ ကိုယ့်ထက်အင်အားသာတဲ့ ကျုပ်တို့အဖွဲ့ကိုနိုင်အောင် တိုက်ခိုက်နေကြတဲ့အတွက် အလွန်ပဲ အံ့ဩနေရပါတယ် မောင်ရင်’

လူကြီးက စွန်ချန်းအား ကျေနပ်အားရသော အမူအရာနှင့် ချီးကျူးကာ ပြောဆိုနေလေ၏။

‘မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ချည်းကြောင့် မဟုတ်ပါဘူး၊ ကံကြမ္မာအခွင့်အရေးကလဲ ကူညီတာ ပါပါတယ်ခင်ဗျာ၊ ဒီမှာ ကျွန်တော်တို့ကို ကြည့်ပါဦး၊ ခင်ဗျားရဲ့

စားမြှောင်ချက်တွေကို ပွနေတာပဲ၊ မနေ့ညက တိုက်ပွဲအတွက် ကျွန်တော့်မှာ အရှုံးလဲရှိ အမြတ်လဲရှိခဲ့ပါတယ်’

‘တိုက်ပွဲဝင်ပြီးစ ဆိုပေမယ့် မင်းကြည့်ရတာ ဘာမှမဖြစ်သလိုပါပဲလား’

‘ဒါပေမယ့် ကျွန်တော့်အဖို့တော့ ခင်ဗျားနဲ့တွေ့ရတာ အများကြီး ဝမ်းသာပါတယ်’

‘ဪ....ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်သလဲ’

‘စွန်ချုန်းလို့ ခေါ်ပါတယ်’

‘ငါ့နာမည်ကတော့ လင်ဟုတ်အန်းပါပဲ’

စွန်ချုန်းမျက်နှာ၌ အံ့သြဝမ်းသာမှုများ ထင်ဟပ်သွားလေတော့သည်။

‘ဒါဖြင့် ဦးရီးဟာ ကျင်ကျူးရဲ့ မွေးစားတဲ့ဖခင်ပေါ့၊ အကြောင်းဆုံတုန်း ကျွန်တော်တောင်းပန်ချင်တာ တစ်ခုရှိပါတယ်၊ မနေ့ညက ကျွန်တော် ဦးရီးရဲ့အသက်ကို ခွင့်လွှတ်ခဲ့တာကို ထောက်ထားပြီး ကျွန်တော့်ကို ကျင်ကျူးနဲ့ လက်ထပ်ခွင့်ပြုပါ ခင်ဗျာ၊ ဒီလိုခွင့်ပြုမယ်ဆိုရင် ကျွန်တော်က ဦးရီးရဲ့နောက်ပါးက အမြဲတမ်းလိုက်ဖို့ အဆင်သင့်ပါပဲ’

‘ဒါပေမယ့် မင်းကို ရောင်ချွန်းက မွေးစားတာ မဟုတ်ဘူးလား၊ မင်းရဲ့ အဖေအရင်းက ပေကျီချုန်းလေ၊ မင်းအကြောင်း ငါကြားဖူးပါတယ်ကွာ’

‘ဟုတ်ပါ့ ခင်ဗျာ၊ ဦးကို ကျွန်တော့် အကြောင်း လုံးစေ့ပတ်စေ့ ပြောပြစမ်းပါရစေ၊ အကြောင်းစုံသိပြီးတဲ့နောက် ကျွန်တော့်ကို ထင်ချင်သလို ထင်တာပေါ့ ဦးရယ်’



သို့ဖြင့် လင်ဟုတ်အန်းအား စွန်ချုန်းက သူနှင့်ရောင်ချွန်းတို့ ဖြစ်ပျက်ခဲ့ပုံများအား အကြောင်းစုံကို ဖွင့်ပြောပြလေတော့သည်။

လင်ဟုတ်အန်းမှာ စွန်ချုန်း ပြောပြသမျှကို သေချာစွာ စူးစိုက်နားထောင်နေပြီးနောက်...

‘မင်းဟာ အလွန်လဲကံဆိုးခဲ့ဖူးတယ်၊ အလွန်လဲ ကံကောင်းခဲ့ဖူးတယ်၊ ဒါပေမယ့် အခု ငါနဲ့တွေ့တဲ့အချိန်ကစပြီး ဝမ်းသာပါတော့၊ မင်းလိုလူတစ်ယောက်ဟာ မြားနီဂိုဏ်းသားတွေလို ဝရမ်းပြေး လူဆိုးတွေနဲ့ ပေါင်းသင်းနေခဲ့ပေမယ့် သစ္စာရှိတဲ့ လူတော်တစ်ဦးဆိုတာ ငါနားလည်ပါပြီ’

‘မင်းဟာ ရဲရင့်တယ်၊ သစ္စာရှိတယ်၊ ယဉ်ကျေးသိမ်မွေ့တယ်၊ မင်းရဲ့ လယ်တွေမြေတွေ ပစ္စည်းတွေကို ရောင်ချွန်းက မတရား သိမ်းပိုက်ထားတာကတော့မြို့စားလီ တပ်ဖွဲ့က တန်ခိုးကြီးနေသမျှတော့ သူက မတရားသုံးစားနေဦးမှာပဲ၊ ငါ့ရဲ့ မွေးစားသမီး ကျင်ကျူးနဲ့ ပတ်သက်လို့တော့ ငါ့ဆွေမျိုးထဲက ပိုအင်ဆိုတဲ့လူနဲ့ ပေးစားဖို့ ငါကတိပေးထားတယ်’

လင်ဟုတ်အန်းက ရှည်လျားစွာ စွန်ချုန်းအား ပြောပြလေသည်။

‘ဒါပေမယ့် ရောင်ချွန်းဟာ ကျင်ကျူးကို မျောက်ပါးစပ်ရှာသားနဲ့ ပေးစားဖို့ ကြံနေပါတယ် ခင်ဗျာ’

‘အေး....ဟုတ်တယ်၊ မင်းဟာ ငါ့ကို အသက်ပေးခဲ့တဲ့ ကျေးဇူးရှင် ဖြစ်တာကြောင့် ကောင်မလေးရဲ့ စိတ်ချမ်းသာမှုကို ထောက်ထားသောအားဖြင့် တစ်ကြောင်း၊ အဲဒါကြောင့်

ကျင်ကျူးကို မင်းနဲ့ပေးစားဖို့ ငါသဘောတူတယ်၊ ငါ့ကို မင်းလူတွေနဲ့ အကူအညီပေးစေချင်တယ်’

‘ကျွန်တော့်လူတွေ ဆိုတာက ဦးရိုး ဝရမ်းပြေးလို့ သမုတ်ထားတဲ့ မြားနီဂိုဏ်းကလူတွေပဲ ရှိပါတယ် ခင်ဗျာ’

‘ဘယ်သူတွေပဲ ဖြစ်ဖြစ်လေ၊ ငါ့ဘက်ကသာ ဝင်တိုက်ကြပါစေ၊ ဒီလိုဆိုရင် မင်းနဲ့ကျင်ကျူး လက်ထပ်ရမယ်ဆိုတာတော့ ငါကတိပေးပါတယ်’

ဤတွင် စွန်ချန်းသည် လင်ဟုတ်အန်း၏ရှေ့တွင် ကျေးဇူးတင်သည့် အမူအရာနှင့် ဒူးထောက်ပြီး အရိုအသေပေးလိုက်ရာ လင်ဟုတ်အန်းက မိဘကသားသမီးအား ပွေ့ဖက်သကဲ့သို့ ပွေ့ဖက်ပြီး....

‘ထစမ်းပါကွာ....ဒါတွေ လုပ်မနေနဲ့၊ မင်းနဲ့ ကျူကျင်း လက်ထပ်ရမှာပါကွ၊ ဟား....ဟား....ဟား’

## ( ၂၈ )

### လေ့သူခိုးများ

စွန်ချန်းမှာ မျောက်ပါးစပ်ရွာရှိ အရက်ဆိုင်တစ်ဆိုင်သို့ ရောက်နေပြီး သူ၏ ဆက်သားများနှင့် ကင်းများ၏ သတင်းပို့ချက်ကို နားထောင်နေလေသည်။

မြားနီဂိုဏ်း ခေါင်းဆောင် တိတ်ဝှက်မှာ အလုပ်များသူဖြစ်၍ တခြားရွာသို့ သွားရောက်နေသောကြောင့် ယခု အခိုက်အတန့်၌ မျောက်ပါးစပ်ရွာတွင် မရှိပေ။

မြားနီဂိုဏ်းကို တည်ထောင်ရာတွင် သူ၏ ရည်ရွယ်ချက်မှာ ငွေကြေး ချမ်းသာရန်နှင့်လူကုံထံရှောင်ချွန်းအား လက်စားချေရန် သက်သက်မျှသာ ဖြစ်သည်။

သို့သော် သူနှင့် ပတ်သက်နေကြသူများကမူ သူ့အား တရုတ်ပြည်မှ ဘုရင်ခံခင်းမြတ်နှင့် ရင်းနှီးခင်မင်၍ လုံ့တွင်ကျယ်ဖြစ်နေခဲ့သူသို့ ရွှေယက်ဝါးမြို့စားလင်၏ကိုယ်စားလှယ်အဖြစ် သိရှိနားလည် ထားကြသည်။

တိတ်ဝှက်မရှိသည့် အချိန်အခိုက်အတန့်၌ စွန်ချန်းမှာ မျောက်ပါးစပ်တွင် ခေါင်းဆောင်ဖြစ်နေပြီး အရေးကိစ္စ ဟူသမျှအား သတိကြီးစွာနှင့် ဆောင်ရွက်နေရသည်။ သူသည် လင်ဟုဏ်အန်းနှင့် တိုင်ပင်ညှိနှိုင်း ခဲ့သည့်အတိုင်း ထိုညနေတွင် မြစ်ကမ်းမှ အိမ်ကိုပြန်ကာ ကျင်ကျူးအား ကယ်ဆယ်ရန် ရှိနေသည်။

သို့သော်လည်း ဆက်သားများ၏ ပြောစကားအရ ထိုကိစ္စမှာ အခက်အခဲများစွာနှင့် ရင်ဆိုင် ကြုံတွေ့နေရလေသည်။

ယမန်နေ့ညက တိုက်ပွဲကြောင့် လူကုံထံ ရောင်ချန်းသည် ကြောက်ရွံ့ထိတ်လန့်ပြီး မြစ်ကမ်းစပ်ရှိ ဥယျာဉ်ထဲတွင် မိုး သမား လေးသမားများကို တိုးချဲ့ချထားခြင်း၊ မျောက်ပါးစပ်တစ်ဝိုက်ရှိ လမ်းကြို လမ်းကြားများတွင် မြင်းစီးတပ်များကို စေလွှတ်ထားခြင်း၊ ထိုမြင်းသမားများထံမှ ရန်သူ၏ လှုပ်ရှားမှုကို သတင်းပို့သည်နှင့်တစ်ပြိုင်နက် အလျင်အမြန် တိုက်ခိုက်ရန် သူ့အိမ်တွင် မြင်းများ၊ မိုးများ၊ မိုးသမားများအား လက်နက်ကိုယ်စီနှင့် အသင့်ရှိစေသည်။

စွန်ချန်းမှာ ထိုအကြောင်းများကို သတင်းရထားသဖြင့် အခက်တွေ့နေသည်။

နောက်ဆုံး၌အကြံရဟန်ဖြင့်သူ့လူများဘက်သို့လှည့်ကာ…



'ကဲဟေ့….မင်းတို့ထဲက လှေသား တစ်ယောက်ရှိရင် လှေကြီးတစ်စင်းလောက် ထိုင်မပေးနိုင်ကြဘူးလား' ဟု မေးရာ လူတစ်ယောက်ကထပြီး….

'ကျွန်တော့်ကို တာဝန်ပေးရင် မြစ်ဆိပ်က လှေကြီး တစ်စင်းကို ခိုးပေးနိုင်ပါတယ်'

သို့နှင့် စွန်ချန်းက ထိုသူအား လှေကြီးတစ်စင်း ခိုးရန် တာဝန် ပေးအပ်လိုက်သည်။

မကြာမီအတွင်း လူနှစ်ယောက်မှာ လှေတစ်စီး ခိုးယူရန် မြစ်ဆိပ်ဘက်ဆီသို့သွားလျက် ရှိကြသည်။

မြစ်ဆိပ်မှာ သောင်ပြင်တစ်နေရာတွင်ရှိပြီး ကမ်းစပ်တွင် လှေများ၊ သမ္ဗန်များ ကျောက် ဆူးချထားသည်။

အချို့မှာလည်း သောင်ပေါ်တွင်တင်လျက် ရှိကြသည်။

ရာသီဥတုမှာ ကောင်းကင်တစ်ခုလုံး မိုးတိမ်များဖြင့် အုံ့ဆိုင်းနေပြီး ဆီးနှင်းများ ကျလျက်ရှိသည်။

အခြေအနေကို ကြည့်ရခြင်းအားဖြင့် မကြာမီအတွင်း မုန်တိုင်းထန်မည့်သဏ္ဍာန် ပေါ်လွင်နေသည်။

ရာသီဥတုအကြောင်း နားလည်သော လှေသမားများမှာ လှေများကို ကမ်းစပ်၌ ကပ်ထားကြကာ လူများကမူ ကုန်းပေါ်တက်၍ အရက်ဆိုင်များ စားသောက်ဆိုင်များ၌ သောက်စား ပျော်ပါးလျက် ရှိကြသည်။

လှေအမြောက်အမြားမှာကျောက်ဆူးချထားသည်ကို တွေ့ရပြီး အချိန်တရွေ့ရွေ့ ကုန်လာသော်လည်း ရာသီဥတုမှာ

ပြောင်းလဲမှုမရှိသောကြောင့်ကမ်းကပ်သည့်လှေမှာတစ်စင်းပြီး တစ်စင်း တိုးလျက်သာရှိသည်။

ဤသို့ ကမ်းကပ်ထားသော လှေများမှ ပိုင်ရှင်များသည် ကုန်းပေါ်တွင်သောက်စား ပျော်ပါးနေသောကြောင့် လှေခိုးရန် လာကြသူများအဖို့ အခွင့်အရေး ရရှိနေခဲ့လေသည်။

စွန်ချန်းနှင့် လှေခိုးပေးမည့်လူမှာလှေများရှိရာသို့ ဦးတည်သွားခဲ့လေသည်။

စွန်ချန်းက မသောင်ပြင်တွင် နစ်မြုပ်နေသော ကျောက်ဆူးကြီးတစ်ခုပေါ်ဝယ် ထိုင်လျက် လှိုင်းပုတ်သံများကိုလည်းကောင်း၊ စားသောက်ဆိုင်များဘက်ဆီမှ လည်းကောင်း သီချင်းဆိုသံ၊ စကားပြောသံများကို နားထောင်နေလေ၏။

လှေများဆီသို့ထွက်သွားသောဂိုဏ်းသားအားစောင့်ဆိုင်းနေခြင်း ဖြစ်သည်။

မကြာမီ ဂိုဏ်းသားပြန်ရောက်လာပြီး လှေကြီးတစ်စင်းကို လက်ညှိုးထိုး ၍ပြသည်။

ယင်းလှေကြီးမှာ မြစ်ဆိပ်ဝတွင် ဆိုက်ကပ်ထားပြီး လှိုင်းရိုက်သောဒဏ်ကြောင့် အိပဲ့ အိပဲ့နှင့် ဖြစ်နေသည်။

လှေနာမည်ကား ‘မျှော်လင့်မှု’ ဟု အမည် တပ်ထား၏။

‘လှေဦးစီးနဲ့ လှေသားတွေ ရောက်လာကြလိမ့်မယ်’

‘အဲဒီတော့....’

‘ဆရာက သူ့ကို ဝင်ရောပြီး ပေါင်းပါ’

‘ငါမှ မသိဘဲကွာ’



‘ကျွန်တော် ပြောပြပါ့မယ်၊ လှေဦးစီး ခေါင်းဆောင်နာမည်က....’

‘ကွေအိုက်လင်တဲ့’

ထိုစဉ် လှေကြီးထက်မှ လှေငယ်လေးတစ်စီး ကျရောက်လာပြီး ထိုလှေကလေးက ကမ်းဘက်သို့ လှော်ခတ်လာနေသည်။

ထိုလှေငယ်လေး ကမ်းစပ်သို့ရောက်သည်နှင့် စွန်ချန်းနှင့် လှေသမားဂိုဏ်းသားတို့ ရောက်ရှိသွားပြီး စွန်ချန်းက စတင်နှုတ်ဆက်လိုက်လေသည်။

‘ဟော့....ကွေအိုက်လင်၊ မင်း ငါ့ကို မှတ်မိရဲ့လားကွ၊ ဟို လှေကြီး မျှော်လင့်မှုဟာ မင်းလှေမဟုတ်လား၊ အတော်ပဲ၊ မင်းကို ငါ အရက်တိုက်ရဦးမယ်၊ အင်း...မတွေ့ရတာတောင် အတော်ကြာနေပြီနော်’

လှေဦးစီးမှာ မျက်နှာ သွယ်သွယ်နှင့် အသက်အရွယ်ကြီးရင့်ပုံရသည်။

သူသည် စွန်ချန်းအား ကြည့်ရှုကာ တစ်ခါမှ မမြင်ဖူးသလိုလို၊ မေ့နေသလိုလို ဇဝေဇဝါဖြစ်နေရှာသည်။

သို့သော်လည်း လှေသမားတို့ထုံးစံအတိုင်း အရက်တိုက်မည်ဟု ကြားလိုက်ရ၍ မျက်နှာကို ပြုံးရွှင်စွာထားလိုက်ပြီး လက်ဆွဲနှုတ်ဆက်၏။

‘အရက်တိုက်မလို့လား၊ အားနာစရာကွာ၊ လာ....သွားကြစို့’

သူက နောက်နောက်ပြောင်ပြောင်နှင့် ပြန်လည်ပြောဆိုသဖြင့် စွန်ချန်းအဖို့ ထိုလှေဦးစီးအား လွယ်လွယ်ကူကူပေါင်းသင်းရသွားသည်။

သူတို့သည် လူရှင်း၍ ချောင်ကျသော အရက်ဆိုင်တစ်ဆိုင်ဝယ် သွားရောက်ထိုင်ကြလေသည်။

အရက်ဆိုင်မှာ သစ်သားဖြင့်ဆောက်လုပ်ထားပြီး ထိုင်ရန်ထိုင်ခုံများ၊ စားပွဲများချထားသည်။

အခန်းအလယ်၌ မီးလင်းဖိုတစ်ခုကို ဖိုထားသည်။ စွန်ချန်း၏ ဂိုဏ်းသားက လှေဦးစီး ကျွေးအိုက်လုင်အား....

'ဟန်ကျတာပဲ၊ ဒီဆိုင်မှာ မီးဖိုလဲရှိတယ်၊ အရက်လဲရတယ်၊ ရာသီဥတုက အေးချမ်းတော့ ဒီလိုနေရမှ ဇိမ်ရှိတာ'

'အေးကွ...ရာသီဥတုက သိပ်ဆိုးတာပဲ၊ ဒါနဲ့ မင်းနာမည်ဘယ်သူတုံးကွ'

လှေဦးက ဂိုဏ်းသားအား မေးလိုက်သည်။ ထို့ကြောင့် ထိုဂိုဏ်းသားက ခပ်တည်တည်နှင့် ဖြေလိုက်ရသည်။

'ဆမ်ဝမ်လေဗျာ... ဆမ်ဝမ်၊ ခင်ဗျား မေ့နေပြီလား၊ ကိုင်း....ကိုင်း....ဝအောင်သောက်ကြစမ်းဗျာ'

'အေး....ကျေးဇူးပါပဲ၊ ငါ ညနေကျမှ လှေထဲ ပြန်ဆင်းတော့မယ်၊ အဆင်သင့်ပြီး အခြေအနေ ပေးရင်တော့ မနက်ဖြန်မှပဲ ဆင်းမယ်၊ ရေထဲနေတာ ကြာလာတော့လဲ စိတ်ပျက်စရာ ကောင်းသားကွ'



ထိုသို့ စကားပြောနေခိုက် စွန်ချန်းသည် သူ့လူများအား နှုတ်ဆက်ကာ သူ တည်းခိုသည့်အရက်ဆိုင်သို့ ပြန်သွားလေသည်။

ရောက်လျှင် ရောက်ချင်း လင်ဟုတ်အန်းထံသို့ ထိုညနေတိုက်ပွဲအတွက် လှေကြီးတစ်စင်းရမည်ဟု အကြောင်းကြားလိုက်၏။

ထို့နောက် သူ့လူများအထဲမှ လှော်သမားကောင်း နှစ်ယောက်ကို ခေါ်ဆောင်ကာ သောင်ပြင်ဘက်သို့ ထွက်ခဲ့လေသည်။

မျှော်လင့်မှုလှေကြီးများမှာ ရေလယ်လောက်ဝယ် ဆိုက်ထားသောကြောင့် အနီးအနားတွင် အခြားလှေသမ္ဗန်များမရှိချေ။

စွန်ချန်းတို့စီးလာသော လှေငယ်လေး လှေကြီးနားသို့ ကပ်လိုက်သောအချိန်၌ ဆီးနှင်းများ ဝေနေသောကြောင့် သူတို့အာ အဝေးမှ မည်သူကမှ မမြင်နိုင်ကြပေ။

သို့ဖြင့် သူတို့သည်မျှော်လင့်မှုလှေကြီးပေါ်သို့ တက်ရောက်ကာ သိမ်းပိုက်လိုက်ကြလေသည်။

လှေကြီးမှာ တောင့်တင်းခိုင်မာပြီး ဦးပိုင်းတွင် အခန်းတစ်ခုရှိ၏။

တစ်နေရာတွင် အရက်စည်ကြီးများကိုပင် တွေ့ရှိရသဖြင့် လှော်သားအချို့ ပျော်ရွှင်သွားကြ၏။

'အား....ပွတာပဲကွ၊ မုတ်ဆိတ်ပျားစွဲတာပဲဟေ့'

စွန်ချန်းတို့သည် မှန်အိမ်တစ်လုံးအား ကမ်းမှ မြင်သာအောင် နေရာတစ်ခု၌ ထွန်းညှိထားလိုက်သည်။

ထိုအခိုက် မြားနီဂိုဏ်းသား တစ်ဦးက လာသမျှ ရန်သူများအား ပစ်ခတ်ရန် လေးနှင့်မြားကို အသင့်ပြင်ဆင်ထားလေသည်။

ကျန်တစ်ဦးကမူ လှေငယ်ပေါ်သို့ ပြန်ဆင်းပြီး စွန်ချန်းအား စောင့်နေသည်။ ခဏကြာလျှင် စွန်ချန်း ကိုယ်တိုင် လှေထဲသို့ဆင်းသည်။

လှေကြီးပေါ်တွင် ကျန်နေသည့် လေးသမားအား သတိပေး မှာကြားလေသည်။

'သတိဝီရိယနဲ့စောင့်ပေါ့၊ မထင်ရင် ပစ်သာပစ် ကြားလား'

'ဟုတ်ကဲ့....ဆရာ၊ ရာသီဥတုကိုတော့ ကျွန်တော် မတွန်းလှန်နိုင်ဘူးနော် ဟဲ....ဟဲ'

ပြောင်ချော်ချော်ဖြင့် ဖြေကြားလိုက်သော လေးသမားအား မျက်မှောင်ကြုတ်၍ စွန်ချန်း ကြည့်လိုက်၏။ သို့သော် သူ ပြောသည်မှာလည်း မှန်၏။

တောင်ဘက်တစ်နေရာဆီ၌လည်း မှောင်မိုက်သော တိမ်တောင် တိမ်လိပ်များကို မြင်နေရသည်။

ကောင်းကင်တစ်ခုလုံးမှာ ညို့မှိုင်းသည်ထက် ညို့မှိုင်းလျက် ရှိလေသည်။

ထို့ကြောင့် လေကလည်း တဝုန်းဝုန်းနှင့် ဆောင့်တိုက်နေသည်။



လှေကြီးမှာ လှိုင်းများကြားဝယ် လူးလျက်ရှိသည်။

'ကိစ္စမရှိပါဘူးကွာ၊ သူ့ဘာသာသူ သာယာလာပါလိမ့်မယ်'

သို့သော် သူကိုယ်တိုင်လည်း ရာသီဥတု၏ ဆိုးရွားမှုကို သိရှိရိပ်မိ၏။

မကြာမီ အခြေအနေဆိုးလာတော့မည်မို့ စိတ်ဆင်းရဲနေမိသည်။

လှေငယ်လေး ကမ်းသို့ရောက်သောအခါ မြားနီဂိုဏ်းသားများ အရန်သင့်စောင့်နေသည်ကို တွေ့ရှိရသည်။

မလှမ်းမကမ်းတွင်ကား လင်ဟုတ်အန်းကိုယ်တိုင် ရောက်နေလေ၏။

'ဟေ့ စွန်ချန်း၊ မြစ်ဘက်ကနေ တက်မလို့လားကွ'

'မတက်လို့လဲ မဖြစ်ဘူးလေ၊ ကုန်းပိုင်းမှာ လူကုံထံ မရောင်ချွန်းကြီးရဲ့ ကင်းအထပ်ထပ်က ရှိနေတယ်၊ လှေနဲ့သွားရင်တော့ ရာသီဥတု ဆိုးရွားတဲ့ဒဏ်ကို ခံချင်ခံရမှာပေါ့၊ ဒါပေမယ့် ကျင်ကျူးကို ကယ်တင်ရတဲ့ ကိစ္စပဲ၊ ဒါတွေကို စဉ်းစားနေလို့ ဘယ်ဖြစ်မလဲ'

စွန်ချန်းက လင်ဟုတ်အန်းအား သူ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောပြလိုက်သည်။

'အေးကွာ၊ လိုက်ဆိုရင်လဲ လိုက်ရမှာပေါ့၊ သူရဲဘောနည်းတယ်ဆိုမှာ ကြောက်လို့သာ ရေကြောင်းကတော့ သိပ်မသွားချင်ဘူးကွ'

'ကဲ....ဒါဖြင့် လှေဦးစီးကို သွားရှာကြဦးစို့'

သို့ဖြင့် သူတို့သည် လှေဦးစီးအား ထားခဲ့သော အရက်ဆိုင်သို့ ရောက်ခဲ့ရပြန်သည်။

ဆိုင်၌ လှေဦးစီးနှင့် သူ့တပည့်မှာ အလွန်အကျွံ မူးနေသည်ကို တွေ့ရလေသည်။

အထဲသို့ ဝင်လိုက်သည်နှင့် ဆိုင်တစ်ခုလုံး၌ ရှုပ်ဖျက်၍ ရောက်နေကြသော မြားနီဂိုဏ်းသားများကို သတိပြုမိလိုက်၏။ မီးလင်းဖို့မှာ မီးလင်းနေပြီဖြစ်သည်။

လှေဦးစီးတို့ စားပွဲဝိုင်းသို့ စွန်ချန်းက သွားရောက်ထိုင်သည်။

ထိုအခါတွင် လှေဦးစီး ကွေ့အိုက်လင်က မူးနေသော မျက်လုံးအား ဖွင့်ကြည့်ရင်း....

'ဟေ့....မင်း ဘယ်သူလဲ'

'ကျုပ် ခင်ဗျားနဲ့ စကားတိုးတိုးပြောစရာရှိလို့ အပြင်ဘက် ခဏလိုက်ခဲ့စမ်းပါ၊ ဟောဒီဟာကြောင့်ပါ ခင်ဗျာ'

စွန်ချန်းက ရွှေဒင်္ဂါးတစ်ပြားအား ပြသလိုက်သည်။

ရွှေဒင်္ဂါး တန်ခိုးကြောင့် လှေဦးစီးကြီး ကွေ့အိုက်လင် မျက်လုံးကျယ်သွားသည်။

'အေး....အေး လိုက်တာပေါ့ကွာ'

ဒယိမ်းဒယိုင်နှင့် စွန်ချန်းနောက်က လိုက်ထွက်ခဲ့လေသည်။

အပြင်သို့ ရောက်သည်နှင့် မြားနီဂိုဏ်းသား ဆယ်ဦးခန့်က သူ့ကို ဝိုင်းဝန်းချုပ်ကိုင်ပြီး လက်ပြန်ကြိုး တုပ်နှောင်လိုက်လေသည်။



ပါးစပ်ထဲသို့လည်း အဝတ်စများ ထိုးထည့်ပြီး မအော်ဟစ်နိုင်ရန် လုပ်လိုက်ကြသည်။

ဆိုင်ထဲ၌ ကျန်ရစ်သော သူ၏ တပည့်များမှာလည်း ထိုနည်းနှင်နှင် မြားနီဂိုဏ်းသားများ၏ ဖမ်းဆီးခြင်းအား ခံရလေသည်။

မကြာမီ သူတ်နှစ်ဦးမှာ ဂိုဒေါင်တစ်ခု၏ အထဲတွင် ကြိုးနှင့် တုပ်နှောင်လျက် ထားပစ်ခဲ့ခြင်းကို ခံရလေတော့သည်။

လှေဦးစီးအား ဖမ်းဆီးခြင်းကိစ္စပြီးသည်နှင့် မြားနီဂိုဏ်းသားများနှင့် လင်ဟုတ်အန်း၏ လူများသည် ကမ်းစပ်ရှိ ရှာလှေငယ်လေးများကို လုယူကာ 'လှေကြီးမျှော်လင့်မှု' ဆီသို့ အသီးသီး လှော်ခတ်သွားကြတော့သည်။

လှေကြီးပေါ်သို့ သူတို့ နှစ်ဖွဲ့စလုံး တက်မိကြသောအချိန်တွင် ကမ်းပေါ်မှ အော်ဟစ်သံများကို ကြားရသောကြောင့် လှေငယ်ပိုင်ရှင်များ သိရှိသွားပြီဖြစ်ကြောင်း နားလည်ရ၏။

မျှော်လင့်မှု လှေကြီးပေါ်၌ကား လူလေးဆယ် ငါးဆယ်နီးပါး လိုက်ပါလာကြ၏။

လှေသမား လေးငါးရှစ်ယောက်ပါလာရာ သူတို့၏ အကူအညီဖြင့် ရွက်လွှင့်လှော်ခတ်နိုင်ကြတော့သည်။

မြစ်ပြင်၏ညကား မှောင်မိုက်လွန်းနေသည်။

ကြီးမားသော လှိုင်းလုံးကြီးများ၏ ကြားဝယ် မြစ်လယ်ဘက်သို့ ထွက်ခွာစပြုနေ၏။

လှေကြီးပေါ်မှ မှန်အိမ်လေးမှ မီးရောင်နှင့် မျောက်ပါးစပ်ရွာဘက်ရှိ အိမ်များမှ မီးရောင်များမှအပ ဒလာက တစ်ခုလုံး မှောင်မိုက်လျက်ရှိ၏။

မျှော်လင့်မှု လှေကြီးမှာ လှိုင်းလုံးများ၊ ဝဲများ၊ ရေစီးကြောင်းများကို တဝေါဝေါနှင့် ဖြတ်သန်းလျက်ရှိလေသည်။

သို့သော်လည်း ရာသီဥတု၏ ဆိုးရွားမှု ဒဏ်ချက်ကြောင့်လည်းကောင်း၊ လှိုင်းများ၏ ဒဏ်ကြောင့်လည်းကောင်း လှေကြီးမှာ ဝဲယာ လူးလှိမ့်နေရာ ခရီးသမားများပင် ကြောက်စိတ်ဝင်လျက် ရှိလာကြတော့သည်။

မည်သို့ပင် ကြောက်သည်ဖြစ်စေ၊ သူတို့သည် တိုက်ပွဲတစ်ခုအတွင်း စိတ်ပျက်ခြင်း မရှိကြ။

လှေကြီးမှာကား လူးကာ လွန့်ကာ ယိမ်းနွဲ့ကာ တရွေ့ရွေ့ သွားလျက်ရှိလေသည်။

မကြာမီပင် လှေကြီးများ ကမ်းသို့ အိပဲ့အိပဲ့နှင့်ဆိုက်ကပ်သွားလေသည်။

ဆိုက်ကပ်သည့်နေရာမှာ ကျင်ကျူးရှိသော အိမ်နှင့် မလှမ်းမကမ်းတွင် ဖြစ်သည်။

နေရာမှာ ရန်သူ၏နောက်ပိုင်းတွင်ရှိသောကြောင့် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မလှမ်းမကမ်းရှိ သစ်တောဘက်သို့ သာ ဆုတ်ခွာရန်လမ်းရှိလေသည်။

လူများအား ကုန်းပေါ်သို့ ဆင်းစေရန် ကိစ္စမှာလည်း မလွယ်ကူလှပေ။



လူတိုင်းပင် လှေလူးထားသောကြောင့် လည်းကောင်း၊ ည၏ အမှောင်ထုကြောင့်လည်းကောင်း စိတ်ဓာတ် ချောက်ချားလျက် ရှိကြသည်။

ကမ်းအနီးသို့ကပ်ပြီး ရေထဲသို့ ခုန်ချကြရလေသည်။

ထိုအခါ ရေသံမှ လမ်းလျှောက်သံ တဗုန်းဗုန်းကို ရန်သူအား သတိပေးသကဲ့သို့ ဖြစ်နေပေတော့သည်။

အားလုံး ကမ်းပေါ်သို့ ခြေချမိသည်နှင့် စွန်ချန်းက လက်ရွေးစင် လူအချို့နှင့် ရှေ့မှ ချီတက်စပြု၏။

ကုန်းပိုင်း၌ မှောင်မည်းနေပြီး နောက်ကျောပိုင်းမှ မြစ်ပြင်ခပ်လင်းလင်းဖြစ်နေ၏။

လေရိုင်းတို့ကလည်း တရှဲရှဲနှင့် တိုက်ခတ်နေဆဲရှိသည်။

စွန်ချန်းသည် ရန်သူ့ဘက်မှ မြင်းသံ၊ လူသံများ ကြားလိုက်ရသည်ဟု ထင်ရသဖြင့် အခြားလူများကို ရပ်ခိုင်းကာ သူ တစ်ဦးတည်း ရှေ့သို့ တစ်လှမ်း နှစ်လှမ်း တိုးသွားလိုက်သည်။

ဤတွင် ရန်သူ၏ အရိပ်အခြည်ကို ထင်ရှားစွာ မြင်တွေ့လိုက်ရသဖြင့် သူကိုယ်တိုင် စိတ်အားငယ်သွားမိသလိုလို ဖြစ်သွားလေတော့သည်။

အကယ်၍ ရန်သူကသာသိသွားမည်ဆိုပါက သူနှင့် လင်ဟုတ်အန်းတို့ နှစ်ဦးမှာ အလွန်ဆိုးရွားသော အခြေအနေတွင် ဆိုက်ရောက်နေပေသည်။

နောက်ကျောဘက်တွင် မြစ်ပြင်သာရှိ၍ ရှေ့တွင် ထုထည်အင်အားကောင်းသော ရန်သူနှင့် ရင်ဆိုင်ရပေတော့မည်။

သူသည် လေချွန်ပြီး သူ့လူများအားအချက်ပြလိုက်သည်။

လေချွန်သံ ကျယ်သွားသောကြောင့်လား မသိ။

ရန်သူ၏ မြားများသည် အရမ်းကာရော ပြေးဝင်လာကြလေရာ မှန်သူမှန်၊ ထိသူထိနှင့် အော်ဟစ်သံကို ကြားရသည်။

လင်ဟုတ်အန်းမှာ ပထမဦးဆုံး မြားမှန်ခံရပြီး သူ့လူများက လှေပေါ် ပြန်ဆွဲ၍ တင်ထားရ၏။

သို့ဖြင့် စွန်ချန်းတို့မှာ အပြင်းအထန် တရစပ် ဝင်ရောက်တိုက်ခိုက်ရလေတော့သည်။

မြစ်ကမ်းစပ် ကုန်းကြောင်းပေါ်၌ သူတို့လူစုသည် ရန်သူနှင့် ဓားချင်း ပြိုင်၍ခုတ်နေကြလေ၏။

ထိုအခိုက်တွင်ပင် လှေကြီးပေါ်၌ ကျန်ရစ်နေခဲ့သော လူများမှာ ရှုံးပြီအထင်နှင့်အော်ဟစ်ကြလေရာ လူတစ်ယောက်မှာ ကမူးရှူးထိုး အော်လေ၏။

'အသက်မသေချင်ရင် လှေပေါ် မြန်မြန်တက်ကြဟေ့'

ဤတွင် တိုက်ခိုက်နေသူအားလုံးမှာ အုပ်မနိုင် ထိန်းမရဖြစ်လာပြီး တပ်လုံးပြိုကာ ရေစပ်ဘက်သို့ ပြေးကြလေ၏။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် အော်သူအော်၊ ရေထဲ လိမ့်ကျသူကျ၊ လှေကြီးပေါ် ခုန်တက်သူခုန်တက်ရှိကုန်ကြသည်။

အချို့မှာ ရန်သူ၏ ဓားဖျားတွင် အသက်ပါသွားကြလေသည်။

လှေကြီးပေါ်တွင် ဒဏ်ရာရသူ အများအပြား ရှိနေကြသည်။



တစ်ဦးနှင့် တစ်ဦး တိုးဝှေ့တက်နေကြ၏။

ထိုအခိုက်မှာပင် လှေကြီးမှာ မြစ်လယ်ဘက်သို့ဦးတည်ကာ ရွေ့လျားစ ပြုလာ၏။

လှေကြီးပေါ်၌ ဒဏ်ရာရသူများ၏ သွေးများ အိုင်ထွန်းလျက် ရှိသည်။

ညည်းတွားသံများ၊ အော်ဟစ်သံများ ဖြင့် ဆူညံနေသည်။

အတန်ကြာမှ လှေကြီးတစ်ခုလုံး ငြိမ်သက်လေ၏။

သူရဲဘောနည်းပြီး ထွက်ပြေးကြသူများမှာကား သူတို့၏ အဖြစ်ကို ဖုံးကွယ်ကာ အခြားသူများအား ရမယ်ရှာပြီး အမျိုးမျိုး အပြစ်တင်နေကြလေ၏။

ဤတွင် အချင်းချင်း မကျေနပ်မှုများ ဖြစ်လာကြသည်။

လူအားလုံးမှာ သူတို့အထဲ၌ သစ္စာဖောက်ရှိသည်ဟုထင်မြင်ကြ၏။

တစ်ဦး တစ်ဦးတွင် အချင်းချင်းပင် ရန်ဖြစ်ကြ၊ သတ်ကြ၊ ပုတ်ကြနှင့် ဖြစ်နေကြ၏။

ထိုစဉ် လှေကြီးမှာ လှိုင်းလုံးများကြားတွင် လူးနေပြီး အသွား နှေးဖင့်လျက်ရှိ၏။

တစ်ခါတစ်ရံတွင် အထက်သို့ မြောက်တက်လာပြီး တစ်ဖန်အောက်သို့ ရုတ်တရက် လျှောဆင်းသွားနေ၏။

ဤတွင် ရေပြင်နှင့် ရိုက်ခတ်မိသဖြင့် လှိုင်းလုံးများသည် လှေကြီးထဲသို့ လုံးခနဲဝင်ရောက်လာရာ လူများမှာ ရေမွန်းအော်ဟစ်ကုန်ကြလေသည်။

တချို့မှာကား ဘုရားတ၍သာ ဆုတောင်းနေကြသည်။

ဤကဲ့သို့ လှေကြီးမှာ လှုပ်ဝင်းလေကြားတွင် လူးချင်တိုင်း လူးနေကြသဖြင့် လူများမှာ စကားမပြောနိုင်၊ ရန်မဖြစ်နိုင် ကြတော့ဘဲ ငြိမ်သက်နေကြလေတော့သည်။

စွန်ချန်းမှာ ရေလှိုင်းရိုက်မိသဖြင့် တစ်ကိုယ်လုံး ရွဲ ရွဲစိုနေရာ တက်မကိုင် အနားသို့ကပ်ပြီး....

'ငါတို့အားလုံးရဲ့ အသက်ဟာ မင်းလက်ထဲမှာရှိပါတယ်၊ မင်းကို ကူညီဖို့ ကာကွယ်ဖို့အတွက် လူသုံးဦး ပေးထားမယ်'

'လှေကြီးက သောင်ပြင်နဲ့တော့ လွတ်လာပါပြီ၊ ဒါပေ လှိုင်းလုံးက သိပ်ထန်နေတယ်၊ လေက အရှိန်းပြင်းနေတယ်၊ ဒါကြောင့် တက်မကိုင်ရတာ၊ အတော်လေး ခက်နေတယ် ဆရာရဲ့'

'ဒါပေမယ့် ကိစ္စမရှိဘူး မဟုတ်လား၊ ဘေးအန္တရာယ်များ တွေ့နေရဦးမှာလား'

'မပြောနိုင်ဘူးလေ၊ ကျုပ်တော့ သေရမှာတော့ ကြောက် လာပြီ'

'ဩော်....ဒါလောက်တောင်ပဲလား'

'ဟုတ်တယ်....ကြည့်ပါလား၊ လှေကြီးသွားနေတာကိုက နှေးနေတာ၊ ရေထဲမြုပ်သွားမလား၊ ကမ်းဘက်က ကျောက် ဆောင် တစ်ခုခုနဲ့များ ရိုက်ပြီးပျက်မလား မပြောနိုင်ပါဘူး၊ ဒါပေမယ့် ကျုပ် မြန်ရောက်အောင်တော့ ကြိုးစားပါမယ်'

'အေးကွာ....မင်းသတ္တိကိုတော့ ငါ ချီးကျူးပါတယ်'



'မစိုးရိမ်ပါနဲ့၊ ကျုပ် အသက်အသေခံမယ်၊ တာဝန်ကို တော့ မလစ်ဟင်းစေရပါဘူး'

စွန်ချန်းသည် တက်မကိုင်နှင့် တာဝန်လွှဲပေးရန် လူသုံးဦး သွားရှာလေ၏။

သို့သော်လည်း လူအားလုံးမှာ ရေလှိုင်းနောက်သို့ ပါသွား မည်ကို စိုးသောကြောင့် လှေဝမ်းထဲသို့ဆင်းကာ အရက်စည် များခန်းမှ အရက်တို့ကို ယူသောက်နေကြတော့သည်။

သို့ဖြင့် လှေပေါ်တွင် တက်မကိုင် တစ်ဦးတည်းသာ တက်လာမသာ လှိုင်းများ၏ ဒဏ်ကို မကြောက်မရွံ့ဘဲ တက်မ ကိုင်လျက် ရှိလေ၏။

လှေပေါ်ရှိလူများမှာကား ရင်ကို မ,သူမ၊ ဘုရားတ,သူတ နှင့် ဖြစ်နေကြသည်။

စွန်ချန်းသည် ဘန့်တိတ်နှင့် လင်ဟုတ်အန်း၏ တပည့် တစ်ဦးအား တက်မကိုင်တစ်ဦးနှင့် ထားရစ်ခဲ့ကာ ဝမ်းထဲ သို့ ဆင်းသွား၏။

## ( ၂၉ )

ဘုန်းကြီးနှစ်ပါး

လင်ဟုတ်အန်းမှာ ဒဏ်ရာမှ နာကျင်သောကြောင့် ညည်းညူလျက် ရှိ၏။

သူ့အား အခန်းတစ်ခုထဲတွင် နေရာချထားပေးနေ၏။ သူ၏ ခေါင်းတည့်တည့်တွင် မှန်အိမ်တစ်လုံး ရှိ၏။

မျက်နှာမှာကား သွေးဆုတ်နေ၍ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို စွန်ချန်း သတိပြုမိလေ၏။

လင်ဟုတ်အန်းသည် စွန်ချန်းအား မြင်လျှင် အားနည်းသော လေသံနှင့်....

'ငါတော့ တော်တော် ထိသွားပြီကွာ၊ တစ်သက်လုံး ခန့်ခန့်ညားညား ဇိမ်နဲ့နေခဲ့ရပြီး အခုတော့ ဒုက္ခရောက်နေတဲ့ လှေပေါ်မှာ သေရတော့မယ် ထင်ပါရဲ့'

'အားမလျှော့ပါနဲ့၊ မသေပါဘူး၊ မကြာခင် လှေ ကမ်းကို ကပ်တော့မှာပါ'

'မဖြစ်နိုင်တာကွာ'

'ဟုတ်ပါတယ်....မြစ်က လှိုင်းကြမ်းပေမယ့် ကမ်းကို ကပ်နိုင်တော့မယ်လို့ တက်မကိုင် ကိုယ်တိုင်က ပြောပါတယ်'

'အား....နာလိုက်တာ၊ ဒုက္ခသုက္ခနဲ့ နေရပြီး အေးအေး ချမ်းချမ်းနဲ့သေရရင်တော့ ကောင်းမယ်ဟော့၊ ဇိမ်နဲ့နေလာပြီးမှ ဒုက္ခနဲ့သေရတာ မကောင်းဘူး၊ လှေပေါ်မှာ ဘုန်းကြီး တစ်ပါးလောက်တော့ မပါဘူးလားကွာ'

'မပါဘူး ဦးဦးရဲ့'

'ကိုင်း....သေရမှာပဲကွာ၊ ငါဟာ မင်းနဲ့ တွေ့ရတာ မကြာသေးပေမယ့် မင်းအပေါ် ထားခဲ့တဲ့ကတိကို ဖျက်မသွားပါဘူး၊ ငါ့လူတွေကို မင်းနဲ့ ပြိုင်ဖက်ဖြစ်တဲ့ပိုအင်က ခေါ်လာတာပဲ၊ သူတို့တွေ 'လောကအလင်း' ဘုန်းကြီးကျောင်းထဲမှာ စုရုံးကြလိမ့်မယ်၊ ရော့.. အင့်၊ ငါ့လက်က လက်စွပ်ကို ယူထား၊ ဒီလက်စွပ်က ငါ့အမိန့်ကို ထိရောက်အောင် ဆောင်ရွက်တဲ့ နေရာမှာ ကူညီလိမ့်မယ်။

'နောက်ပြီးတော့လဲ ကျင်ကျူးကို မင်းထံအပ်ဖို့ ငါ ပိုအင်ဆီ စာရေးလိုက်မယ်၊ မင်း ငါ့အမိန့်ကို နာခံမလား'

'ဘယ်လို အမိန့်မျိုးလဲ'



'အင်း....ဒါပေမယ့် မင်းကို မေးရဦးမယ်၊ မင်း မြို့စားလီရဲ့ ဘက်သားလား၊ မြို့စား တန်ရဲ့ဘက်သားလား'

'အတိအကျ မပြောနိုင်လို့ ကျွန်တော်တော့ ရှက်မိတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ဆရာက တိတ်ဝှက်ဆိုတော့ ကျွန်တော်က တန်ရဲ့ဘက်သားပေါ့'

'အေး....အေး....ကောင်းတယ် ကောင်းတယ်၊တန်ရဲ့ ဘက်သားဆို ပြီးရောပေါ့၊ ငါ ဒီကိုလာတာဟာ မျောက်ပါးစပ်မှာရှိတဲ့ ယီဘက်သားတွေရဲ့ ခေါင်းဆောင်တွေကို စုံစမ်းဖို့ လာတာကွ၊ ငါ့ဆရာ ဝံပုလွေဦးခေါင်းမြို့စားလျူက ဒီကောင်တွေကို တိုက်ဖို့ ပြင်နေတယ်၊ မျောက်ပါးစပ်က လူတွေရဲ့အင်အား ဘယ်လောက်ရှိသလဲ၊ ကင်းဘယ်လောက် ချထားသလဲဆိုတာ စုံစမ်းပြီးသားတွေရှိတယ်၊ ဒီသတင်းတွေကို ငါ့ဆရာဆီကို လာမယ့်အပတ်မှာ မွန်းတည့်ချိန်မှာ ချိန်းထားတယ်၊ 'လေရိုင်းကုန်းမြင့်' အရပ်မှာ သွားပေးရမယ်၊ ငါတော့ မသွားနိုင်တော့ဘူး၊ ငါ့အစား မင်းပဲ သွားပေးလိုက်ကွာ၊ တရုတ်ပြည် တစ်ပြည်လုံးရဲ့ ကံကြမ္မာဟာ ဒီကိစ္စပေါ်မှာ တည်နေတယ်၊ တာဝန်ကျေအောင် ဆောင်ရွက်ပေးစမ်းပါ'

'စိတ်ချပါ၊ တာဝန်ကျေရစေ့မယ်'

'အေးကွာ....ကျေးဇူးပါပဲ၊မင်း စိတ်ထားကောင်းကောင်းနဲ့ သစ္စာရှိရင် ငါ့ဆရာ မြို့စားလျူက မင်းကို မြှောက်စားမှာပဲ၊ကြိုးစားပြီး ဆောင်ရွက်ကွာ၊ကဲ....မှန်အိမ် ငါ့နားပေးစမ်း၊ စာရေးလိုက်ဦးမယ်'

ထိုသို့ပြောပြီး လင်ဟုတ်အန်းသည် စာများကိုရေးနေလေသည်။

ပြီးလျှင်....

'တစ်စောင်က ပိုအင်ကိုပေးဖို့၊ တစ်စောင်က ဝံပုလွေဦးခေါင်းမြို့စား လျူကို ပေးမလို့၊ မင်းတို့ချင်း တွေ့တဲ့အခါ စကားဝှက်က တရုတ်ပြည်နဲ့လျောင် လို့ပြောရင် တရုတ်ပြည်နဲ့ ကန်လို့ ပြန်ဖြေလိမ့်မယ်'

'ဒါပေမယ့် ကျူအင်းကို ဘယ်လိုလုပ် ခေါ်ရမှာလဲ'

'မင်းကိုယ်တိုင် ကျူအင်းကို အစွမ်းရှိသလို ခေါ်သွားပေါ့ကွ၊ လူကုံထံ ရောင်ချွန်းဆီက ပြန်ရရှိလို့ ငါကိုယ်တိုင် အသက်စွန့်ပြီး ဆောင်ရွက်ပြီးပြီပဲ၊ ဒီထက် ဘယ်သူပိုပြီးကူညီနိုင်မှာတဲ့လဲ'

လင်ဟုတ်အန်းမှာ အလွန်အားအင် ချည့်နဲ့လာပြီဖြစ်၍ စွန်ချန်းက အားပေးစကားပြောကာ မကြာမီ နေရာမှထသွားသည်။

စာနှစ်စောင်ကိုမူ သူ၏အိတ်ထဲတွင် လုံခြုံစွာသိမ်းဆည်းထားလိုက်၏။

အချိန်မှာ နံနက်လင်းခါနီး အချိန်သို့ ပေါက်ရောက်နေပေပြီ။

ဆီးနှင်းများကား ကျမြဲကျလျက်ရှိ၏။

လှေ၏ တစ်ဖက်တွင် ကျောက်ဆောင်ထူထပ်သော ကမ်းခြေကို မြင်နေရ၏။



ကုန်းပိုင်းအဝေးဆီတွင်ကား တီယင်ချီသစ်တောညို့ကြီးကို တွေ့မြင်နေရလေသည်။

လှိုင်းလေတို့က ငြိမ်သက်သွားပြီဖြစ်၍ လှေပေါ်သို့ လူအများပင် ပြန်ရောက်ရှိနေကြလေပြီ။

စွန်ချန်းက တက်မကိုင်အား....

'လှေကမ်းခြေဆိုက်တော့မလို့လား'

ဟု မေးမြန်း၏။

'အင်း...ကပ်လို့ရှိရင် နစ်လိမ့်မယ်ထင်တယ်'

ထိုအခိုက်တွင် လှေမှာ နစ်မြုပ်စပြုနေ၏။

လူအများပင်ရေထဲသို့ လိမ့်ကျနေကြလေပြီ။ စွန်ချန်းသည် ကမ်းခြေသို့ လှမ်းကြည့်လိုက်၏။

လှေမှာ ကျွန်းသောင်ခုံ တစ်ခုနားသို့ ရောက်နေပြီ ဖြစ်သည်။

ကျွန်းသောင်ခုံ၏တစ်ဖက်တွင်ကား ရေမှာ ငြိမ်သက်လျက်ရှိသည်။

ထိုအခိုက်တွင် လေက ပြင်းစွာ တိုက်ခတ်လိုက်၏။

လှေသည် ကမ်းသို့ ရွေ့သွားကာ လှိုင်းလုံးတစ်လုံး၏ ပင့်ရိုက်မှုကြောင့် မြောက်တက်သွား၏။

ကိုင်ရိုက်လိုက်သလို မြောက်တက်သွား၏။

ပြန်ကျလာ၏။

၁ ခဏမျှအကြာတွင် ကမ်းကိုသွားကပ်ပြီး ရပ်သွားလေတော့သည်။

တက်မကိုင်က....

'ဟော့ လူတွေ ဘာမှမစိုးရိမ်ကြနဲ့၊ ဒီရေကျနေတုန်းဆိုတော့ ငါတို့ ကံကောင်းတာပဲ၊ အရက်စည် တစ်စည်လောက် သွားယူချည်ကွာ၊ သောက်ရအောင်'

ဤသို့ပြောပြီး မကြာမီအတွင်းအရက်စည်ရောက်ရှိလာက၊ ဝိုင်းဖွဲ့သောက်စားနေကြတော့သည်။

စွန်ချန်းသည် လင်ဟုတ်အန်းထံသို့သွားရာ လှေဝမ်းထဲ၌ ရေများ ဒူးဆစ်လောက် မြုပ်အောင် ဝင်နေတော့သည်။

အထက်ပိုင်းနားကပေါက်ပြီး ရေစိမ့်ခြင်းဖြစ်ရာ ယခု သောင်တင်နေခိုက်တွင် ရေပြင်နှင့် အပေါက်ဝေးသောကြောင့် မနစ်မြုပ်ခြင်း ရှိနေခြင်းဖြစ်၏။

လင်ဟုတ်အန်း အခန်းသည် ထွန်းညှိပေးထားခဲ့သော မှန်အိမ်သည် ငြိမ်းသွားပြီဖြစ်သည်။

စွန်ချန်းက လင်ဟုတ်အန်းအား....

'မစိုးရိမ်ပါနဲ့ဗျာ၊ လှေ ခုသောင်တင်နေဟယ်ဗျ၊မကြာမီ ဒီရေ ဒီထက်ကျသွားရင် ကျွန်တော်တို့ ကုန်းပေါ်တက်နိုင်မှာပဲ'

အတန်ကြာသောအခါ ဒီရေမှာ လှေနှင့်လွတ်အောင်ကျသွားသောကြောင့် အားလုံး ကုန်းပေါ်သို့တက်ကြရ၏။

မလှမ်းမကမ်းရှိ တောင်ကုန်းတစ်ခုပေါ်တွင်ကား လူအချို့တို့သည် သူတို့အား မသင်္ကာဟန်နှင့် ကြည့်နေကြလေသည်။

စွန်ချန်းက လင်ဟုတ်အန်း၏ တပည့်ဖြစ်သူအား....

'ဟိုလူတွေဆီက အကူအညီရတန် ကောင်းပါရဲ့ဗျာ'



'အေးဗျာ....မီးလင်းဖို့ရှိတဲ့ အိမ်ကောင်းကောင်း အိပ်ရာကောင်းကောင်းရရင် ကျွန်တော့်ဆရာအတွက် ပိုကောင်းမှာပဲ'

သို့သော်လည်း သူတို့လူစု ကမ်းပေါ်တက်ပြီး မကြာမီအတွင်းမှာပင် ကုန်းပေါ်မှ လူများသည် လေးနှင့်လှံမ်း၍ ပစ်ကြ၏။

လင်ဟုတ်အန်းက အော်ပြီး ..

'တို့လူတွေ နောက်ဆုတ်ကြ ပြန်မပစ်ကြနဲ့'

ဟု ပြောရာ ဘန်တိတ်က....

'ကျွန်တော်တို့လူစုက ရေတွေစိုရွဲပြီး အားအင်ချည်းနဲ့နေကြတယ်၊ တိုက်မယ့်ခိုက်မယ့် ဟန်အမူအရာလဲ မပြပါဘူး၊ ဒါနဲ့များ သူတို့က ကျွန်တော်တို့ကို တိုက်ရတာလဲ'

'တို့ကို ဓားပြတွေထင်လို့ နေမှာပေါ့'

ကုန်းပေါ်မှ လူများမှာ မြစ်ထဲမှ တက်လာသူများအား စောင့်မျှော်ကာ ကြည့်မြဲကြည့်ကြ၏။

သို့သော် အခြေအနေပျက်သည်နှင့် တစ်ပြိုင်နက် ပစ်ခတ်ရန် အသင့်ဖြစ်နေ၏။

နောက်ဆုံးတွင် လက်တစ်ကမ်းပေါ်သို့ ရောက်ရှိလာကြသည်။

စွန်ချန်းက သူ့လူများအား ဘုရင့်တပ်တစ်ခုကဲ့သို့ ချီတက်သွားတော့မှ လူများသည် နောက်ဆုတ် ပျောက်ကွယ်သွားတော့၏။

စွန်ချန်းတို့ ရောက်သွားသောလမ်းမှာ လောကအလင်း ဘုန်းကြီးကျောင်းနှင့် မလှမ်းမကမ်းတွင်ဖြစ်၍ မျောက်ပါးစပ်နှင့် အတန်ပင် လှမ်းသေး၏။

ဤနေရာတွင် လူနှစ်စုခွဲ၍ လင်ဟုတ်အန်းနှင့် နောက်လိုက်များက လောကအလင်း ဘုန်းကြီးကျောင်းဘက်သို့ ထွက်သွားကြ၏။

စွန်ချန်းကား ဒဏ်ရာရသော သူ့လူများနှင့် ကျန်ရစ်ခဲ့သည်။

မြားနီဂိုဏ်းသားများမှာ တိုက်ပွဲရှုံး၍ စိတ်ပျက်နေရုံမက ဆာလည်းဆာ ရာသီဥတုကလည်း အေးလွန်းသဖြင့် ညည်းတွားနေကြလေသည်။

စွန်ချန်းသည် သူ့အိတ်ထဲတွင်ရှိသမျှ ငွေကိုထုတ်ကာ နောက်လိုက်များအားထုတ်၍ ပေးလိုက်၏။

ထို့နောက် သူ့လူများအား လူစုခွဲကာ မျောက်ပါးစပ် မြစ်ဆိပ်ရှိ စခန်းချရာ အရက်ဆိုင်သို့ စေလွှတ်လိုက်၏။

သူကိုယ်တိုင်မှာကား လူတစ်ဦးကို အဖော်ခေါ်ကာ တစ်ခဲနက်ကျနေသော ဆီးနှင်းများကြားတွင် လမ်းလျှောက်လျက်ရှိ၏။

လောကကြီးတစ်ခုလုံး ဆီးနှင်းများ ကျဆင်းနေသဖြင့် လမ်းလျှောက်ရန် မလွယ်လှပေ။

သူ့အဖော်က ရှေ့မှ လမ်းပြအဖြစ်သွား၍ မကြာမီ အတွင်း တီယင်ချီသစ်တောအတွင်း ဝက်သစ်ချပင်များ ပေါက်သောနေရာ တစ်ခုသို့ ဆိုက်ရောက်သွား၏။



အဖော်လုပ်သူက စွန်ချန်းအား....

'ကိုင်း... ခင်ဗျားကို ကျွန်တော် ညွှန်ခဲ့ရဦးမယ်၊ မီးလင်းဖို တစ်ခုနဲ့ အရက်တော့ ရမယ်ပေါ့ဗျာ'

'ဒါဖြင့်လဲ အဲဒီကိုရောက်အောင် သွားပါ ကျိန်းရီရာ'

ကျိန်းရီဆိုသော မြားနီဂိုဏ်းသားသည် သစ်ပင်များ အောက်တွင် ရှေ့မှသွားနေပြီး မကြာမီအချိန်တွင် ချိုင့်ဝှမ်း တစ်ခုသို့ ရောက်ရှိလာ၏။

ချိုင့်မှာ လေးပုံတစ်ပုံခန့် ဆီးနှင်းများ ဖုံးအုပ်နေ၏။

ထိုချိုင့်ဘေးတွင် ဝက်သစ်ချပင်ကြီးများ ပေါက်နေ၏။

ထိုသစ်ပင်အောက်ရှိ ချိုင့်ထဲတွင် ကျိန်းရီသည် မြေကို တူးကာ သူပုန်းအောင်းနေကျ မြေတွင်းတစ်ခုထဲသို့ ဝင်သွားသည်။

မြေတွင်းပေါ်တွင် သစ်ပင်များ ဖုံးအုပ်နေပြီး သစ်ရွက်များက အမိုးသဖွယ် ဖြစ်နေသည်။

မြေတွင်းမှာ အတော်လေးကျယ်၍ တစ်နေရာတွင် မီးသေ ဖိုအဟောင်းတစ်ခုကို တွေ့ရ၏။

အခြားတစ်နေရာတွင်ကား သံသေတ္တာကြီးတစ်လုံး ချထားရာ တိုက်၍ခိုက်၍ရသမျှ ပစ္စည်းများကို ဝှက်ထားကြောင်း ထင်ရှား၏။

ဆီနှင်းနှင်းများသည် အရည်ပျော်ကာ ခေါင်မိုးပေါ်သို့ စိမ့်၍ ကျလျက်ရှိသော်လည်း တွင်းထဲတွင် အပြင်ခန်းတွင် ပို၍ နွေးနေ၏။

မီးလင်းဖို၌ မီးဖိုပြီးသောအခါ၌ကား အလွန်နွေး၍ နေထိုင်လျက် ရှိတော့သည်။

ကျိန်းရီသည် မီးဖိုတွင် လက်ကိုပိုက်ပြီး မီးလှုံနေသည်။

စွန်ချန်းအား....

'ကျုပ်က ၁၄-နှစ်သား အရွယ်လောက် ကတည်းက ဘုန်းကြီးကျောင်း တစ်ကျောင်းက ထွက်ပြေးပြီး နေရာအနှံ့ ရောက်ခဲ့တယ်၊ ပင်လယ် သမုဒ္ဒရာတွေထဲမှာလဲ ခရီးသွားဖူးတယ်၊ ဒါပေမယ့် ဒီမြေတွင်းကလေးဟာ ကျုပ်ရဲ့ ရာသက်ပန် ခိုအောင်းရာအရပ်ကလေးပဲ၊ မိုးအခါဖြစ်ဖြစ်, နွေအခါ ဖြစ်ဖြစ် ဒီနေရာလေးဟာ အလွန်နေလို့ကောင်းတယ်၊ ကျုပ်သေရင် ဒီနေရာမှာပဲ လာသေမယ်'

'အေးကွာ....တော်တော်လေး နွေးတယ်၊ ချောင်လဲကျတယ်'

'ဟောဒီမှာ ကျုပ်ရဲ့ အရက်ခန်းပေါ့ဗျာ'

ဟု ပြောကာ ကျိန်းရီသည် အောက်ခြေရှိသဲများကို ယက်လိုက်ရာ ပုလင်းကြီးတစ်လုံး ပေါ်လာသည်။ အထဲတွင် အရက်များ အပြည့်ရှိသည်ကို တွေ့ရ၏။

သို့ဖြင့် သူတို့နှစ်ဦး အရက်သောက်နေကြရင်း ကျိန်းရီက....

'ခင်ဗျားဟာ ခုအတောအတွင်းမှာ အတော်ကံဆိုးတာပဲ၊ ခင်ဗျား ကောင်မလေးနဲ့လဲ လက်လွှတ်ရမလို ဖြစ်နေပြီ....ဟုတ်ရဲ့လား'

'ဟုတ်တယ်'



'ခင်ဗျားက သူများခိုင်းတာတွေ လုပ်နေတာကိုး၊ တိတ်ဝှက် ခိုင်းတာလဲလုပ်တာပဲ၊ လင်ဟုတ်အန်း ခိုင်းတာလဲ လုပ်တာပဲ၊ ခင်ဗျားကိုယ်တိုင် တစ်ယောက်တည်း သွားကြံပါလား၊ ကောင်မလေးက ခင်ဗျားကို မမေ့အောင် အမြဲတမ်း သွားပိုးနေပြီး အခွင့်အရေးသာတဲ့နေ့ တစ်ပိုင်တည်း ခိုးပြေးပေါ့ဗျာ'

'ဒါပေမယ့် ကျူကျင်းကခုလောက်ဆိုရင် ရောင်ချွန်းရဲ့အိမ်မှာ ရောက်နေပြီထင်တယ်'

'အဲ့ဒီ ရောက်တဲ့နေရာကို သွားရမှာပေါ့ဗျာ'

'ဒီမှာ ကျုပ်တို့ ရုပ်ဖျက်စရာတွေ ရှိပါတယ်'

ထိုသို့ပြောကာ ကျိန်းရီသည် သူကုပ်ပေါ်တွင် ချရပ်ထားသော သော့တံချောင်းနှင့် သေတ္တာတစ်လုံးကို ဖွင့်လိုက်ရာ ဘုန်းကြီးအဝတ်အစားများကို တွေ့ရ၏။

ထို့နောက်....

'ကိုင်း....ခင်ဗျား ဒါတွေဝတ်'

ဟု ပြောသဖြင့် စွန်ချန်းသည် ဘုန်းကြီးအဝတ်အစားများကို ဝတ်နေခိုက် ကျိန်းရီလည်း ဆေးများ, စုတ်တံများ, ခဲတံဖြင့် စွန်ချန်း၏ရုပ်ကို ကျွမ်းကျင်စွာ ရုပ်ဖျက်ခြယ်လှယ်ပြန်သည်။

မကြာမီအချိန်တွင်းတွင် စွန်ချန်းမှာ လူအိုကြီးအသွင် ဖြစ်သွားသည်။

ကျိန်းရီက....

'ကိုင်း....ကျုပ်တို့ ရဲရဲရင့်ရင့်နဲ့ ရောင်ချန်းရှိတဲ့နေရာ သွားကြမယ်၊ ဘုန်းကြီးဆိုတော့ အနည်းဆုံး ဘုန်းကြီးကျောင်းကတော့ လက်ခံမှာပဲ'

'မင်းကို ငါဘာလုပ်ပေးရမလဲ'

'အို....ကျုပ်အတွက် ကိစ္စမရှိပါဘူး၊ ကျုပ်က အလွန်စကားများတဲ့အကောင်၊ လည်သလိုကြည့်ပြောပြီး သွားရမှာပေါ့'

စွန်ချန်းမှာ သူကိုယ်တိုင်ရုပ်ဖျက်ထားပြီး ရယ်ချင်သလိုလိုဖြစ်နေ၏။

ကျိန်းရီကား သံသေတ္တာထဲမှ ဘုန်းကြီး ဝတ်စုံတစ်ခုကိုထုတ်ပြကာ သူကိုယ်တိုင် သူ့ကိုယ်သူ ရုပ်ဖျက်ပြန်၏။

ထို့နောက် ခါးကြားထဲသို့ မြားနီများအား ထိုးဝှက်နေသည်ကို စွန်ချန်းက မြင်သောကြောင့်....

'မင်းက လေးမပါဘဲ မြားတွေက ဘာလုပ်ဖို့လဲ'

'ကိစ္စမရှိပါဘူး....ဒီဟာတွေဟာ တစ်နေရာရာမှာ အသုံးကျပါလိမ့်မယ်'

'ဒါထက် ငါ့မှာ အရေးကြီးဟဲ့ စာရွက်တွေပါလာတယ်၊ ယူသွားလို့မကောင်းဘူး၊ ဝှက်ပစ်ခဲ့ချင်တယ်'

'ဒါဆို ကျွန်တော် တစ်နေရာရာသွားပြီး ရှောင်တိမ်းနေမယ်၊ ခင်ဗျားလဲ တစ်နေရာရာမှာ မြှုပ်လိုက်ပေါ့'

'ဟာ....မင်းရှောင်နေစရာ မလိုပါဘူး၊ မင်းကိုယုံပါတယ်'

'အို....မယုံနဲ့ .. မယုံနဲ့၊ လူဆိုတာ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် ယုံရတာမဟုတ်ဘူး'



ကျိန်းရီက စွန်ချန်းအား ထိုသို့ပြောဆိုလျက်ထွက်သွား၏။

စွန်ချန်းသည် တစ်ဦးတည်းကျန်သောအခါ၌ စာများကိုလျင်မြန်စွာဖတ်ပြီး သဲထဲသို့ မြှုပ်လိုက်သည်။

သို့သော်လည်း ရောင်ချန်းက ရန်ကျင့်ဖေထံသို့ဆက်သောကျူစီရှာနှင့် ပေးပို့ခိုင်းသောစာကိုမူ သူ၏အိတ်ထဲတွင် ပြန်ထည့်ထားလိုက်၏။

ထို့နောက် စွန်ချန်းသည် မြေတွင်းအပြင်သို့ ထွက်လာကာ အပြန်တွင်စောင့်မနေသော ကျိန်းရီထံသို့ လာခဲ့၏။

အနားသို့ရောက်လျှင် တစ်ဦးကိုတစ်ဦးကြည့်ပြီး ရယ်မောနေလေ၏။

'နေ့အခါဆိုရင်ရေအိုင်တစ်ခုခုထဲမှာ ကိုယ့်မျက်နှာဘယ်လိုနေတယ်ဆိုတာ အရိပ်ကြည့်နိုင်တယ်၊ ခုတော့ မကြည့်နိုင်ဘူး၊ ရောင်ချန်းရဲ့ လူတွေက ကျုပ်တို့ကို မှတ်မိသွားရင် ခင်ဗျားတွက်တော့ မပြောတတ်ဘူး၊ ကျုပ်ကိုတော့ အမှန်သတ်ကြမှာပဲ'

ဤသို့ပြောပြီး သူတို့နှစ်ယောက်သည် မျောက်ပါးစပ်သို့သွားရာလမ်းအတိုင်း ခရီးထွက်ခဲ့ကြ၏။

လမ်းမှာ သစ်တောအစပ်တွင်ရှိ၍ အချို့နေရာများတွင်ဆင်းရဲသူဆင်းရဲသားများ၏ အိမ်လေးများကိုတွေ့ရ၏။

အိမ်တစ်လုံးရှေ့သို့ရောက်သောအခါ စွန်ချန်းအား ကျိန်းရီက တီးတိုးလေသံနှင့် ..

'ကျုပ်တို့ အဲဒီအိမ်ထဲဝင်ပြီး ပိုက်ဆံအလှူခံကြည့်ရအောင်၊ အိမ်ထဲမှာ ဘန်တိတ်ရှိတယ်၊ကျုပ်ကို ရုပ်ဖျက်ထားတာ အောင်

မြင်ရဲ့လား၊မအောင်မြင်ရဲ့လား၊စမ်းသပ်ကြည့်ကြစို့၊ဘန်တိတ်လို လူကမှ မမှတ်မိရင် တခြားလူတွေက ဘယ်မှတ်မိပါ့မလဲ'

ထို့နောက် အိမ်ထဲသို့ သူတို့ဝင်သွားကြ၏။

အိမ်ထဲတွင်ကား လူသုံးယောက် စားပွဲတစ်လုံးတွင် ထိုင်ကာ အစားအစာများ စားသောက်နေသည်များကို တွေ့ရသည်။

စားပွဲပေါ်တွင် ခါးမြှောင်သုံးလက်ကို တွေ့ရသည်။

လူများမှာ မျက်နှာထားခပ်တင်းတင်း ဖြစ်နေကြသောကြောင့် ထိုလူများမှာ အိမ်ရှင်များအား ခါးတော့ပြီး အစားအစာ တောင်းစားနေကြကြောင်း သိသာလေသည်။

သုံးယောက်ထဲမှ ခေါင်းဆောင်လုပ်သူမှာ ဘန်တိတ် ဖြစ်သည်။

ဘုန်းကြီးနှစ်ပါးအားမြင်လျှင်....

'ဟော့ ...ဟော့ ....ထွက်သွားစမ်း၊ အလှူခံ အလိုမရှိဘူး'

သို့သော်လည်း အခြားတစ်ဦးကမူ....

'ဘုန်းကြီးတွေကို ဒီလို မပြောပါနဲ့ကွာ၊ လာ....လာ.... ဒီကိုလာ၊ အရက်တို့ဘာတို့ သောက်လှည့်ကြ'

ဟု ပြောရာ ဘုန်းကြီးယောင်ဆောင်ထားသော ကျိန်းရှိက....

'မင်းတို့ဟာ အလွန်ကြမ်းတမ်းတဲ့လူတွေပဲ၊ မင်းတို့နဲ့ ငါ အရက်မသောက်ချင်ဘူး၊ ဒါပေမယ့် မင်းတို့ကို ငါ လက်ဆောင်တစ်ခုတော့ ပေးရဦးမယ်'



ဟု ပြောပြီး မြားနီတစ်ချောင်းကိုထုတ်ကာ စားပွဲပေါ်တွင် စိုက်လိုက်လေ၏။

ဆိုင်ရှိ လူ သုံးဦးမှာ အံ့အားသင့်ပြီး ကြည့်နေခိုက်တွင်မူ ကျိန်းရှိသည် စွန်ချန်း၏လက်ကိုဆွဲကာ အပြင်သို့အလျင်အမြန် ပြန်ထွက်ခဲ့၏။

မကြာမီ သူတို့သည် ဆီးနှင်းများအတွင်း ပျောက်ကွယ်သွားသဖြင့် နောက်မှလိုက်သူများမှာ မတွေ့ကြရတော့ပေ။

ကျိန်းရှိက စွန်ချန်းအား....

'ကျုပ်တို့ ရုပ်ဖျက်တာ အောင်မြင်ပါတယ်၊ဟိုကောင်တွေ မမှတ်မိဘူး'

'ဒါဖြင့်လဲ မျောက်ပါးစပ် ရောက်အောင် သွားကြစို့ဗျာ'

သူတို့နှစ်ဦးမှာ ရယ်ရယ်မောမောဖြင့် ထွက်ခွာသွားကြတော့သည်။

## ( ၁၀ )

### အချစ်နှင့် တွေ့ဆုံခြင်း

မြောက်ပါးစပ်ရွာတွင် ရောင်ချွန်းနေသောအိမ်မှာ ကြီးကျယ် ခမ်းနား၍ ဝက်သစ်ချပင်များနှင့် စိုပြည်သာယာလှပေသည်။

နောက်ဖေးဘက်တွင်ကာ းဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။

အိမ်ပိုင်ရှင်မှာ လူချမ်းသာတစ်ဦးဖြစ်ဟန်တူ၏။ သို့သော် ယခု ရောင်ချွန်းသိမ်းပိုက်ထားသော အခါ၀ယ် ဓားသမားများနှင့် ရှုပ်ယှက်ခတ်နေ၏။

တစ်အိမ်လုံး လက်နက်များ၊ လူများနှင့် ရှုပ်ထွေးပွေလီနေသည်။

မီးဖိုထဲတွင် အမျိုးမျိုးကြော်လှော် ချက်ပြုတ်နေကြသည်။ သီချင်း အော်ဟစ်သီဆိုသံများနှင့် ဆူညံနေလေသည်။

အိမ်ထဲတွင် ဘုန်းကြီးများ၊ အလှူခံများ၊ ခရီးသွားများကို လက်ခံထားပြီး ထမင်းစားခန်းမထဲတွင် အားလုံးကို နေရာချထား၏။

စွန်ချန်းတို့လေ့ ပျက်စီးသောနေ့တွင် ရောင်ချွန်း၏ အိမ်၌ ရှိကွာကိုဒေါင် မီးဖိုချောင်များတွင် လူများ ပြည့်ကျပ်နေပြီး များသောအားဖြင့် ထိုလူများသည် ရောင်ချွန်း၏ အပြာရောင် ဝတ်ဆင်ထားသော စားသမားများဖြစ်ကြသည်။

အချို့မှာကား မျက်နှာစိမ်း ကုန်သည်များဖြစ်ပြီး ထိုခေတ်ထိုအခါက ထုံးစံနှင့်အညီကျေးမွေးညှော်ခံထားခြင်း ဖြစ်သည်။

ဆီးနှင်းများ ထူထပ်စွာ ကျမြဲကျလျက်ရှိသည်။

လူများမှာ အိမ်ခေါင်မိုးအောက်တွင် ဝင်ခိုနေပြီး အရက်သောက်သူများနှင့် ရှိကြ၏။

မြို့ပျက်အိမ်ကြီးသဖွယ်ဖြစ်သော်လည်း ထိုခေတ် ထိုအခါတွင်မူ လူချမ်းသာ အိမ်တွင်ပျော်ပွဲရှင်ပွဲပြုလုပ်ကျင်းပနေသည့်အိမ်ဟုထင်ရလေသည်။

အသက်အရွယ်ကြီးရင့်သော ဘုန်းကြီးနှစ်ပါးနှင့် ငယ်ရွယ်သော ဘုန်းကြီးနှစ်ပါးသည် ထိုအိမ်သို့ နောက်ဆုံးရောက်လာပြီး မီးလင်းဖိုတစ်ခုတွင် မီးလှုံလျက်ရှိသည်။



ထိုဘုန်းကြီးနှစ်ပါးသည် အနားရှိလူများနှင့် ထွေရာလေးပါး စကားပြောနေရာ စကားကောင်း၍လား မသိ၊ လူစုလူဝေးများတိုး၍လာ၏။

ဝိုင်းအုံနားထောင်နေကြသည်။

ဘုန်းကြီးအငယ် ဟန်ဆောင်ထားသော စွန်ချန်းသည် နောက်ကွယ်တွင် ဆိတ်ငြိမ်စွာ ထိုင်နေ၏။

သူသည် နားကိုစွင့်ထားသော်လည်း စကားကိုမူ တစ်လုံးမျှ မပြောချေ။

သူ့အဖော် လေပန်းနေသည်ကိုသာ ကြည့်ရှုနေလေသည်။

သူသည် အင်မတန်မှ ငြိမ်၍ တစ်အိမ်လုံးအား အကဲခတ်လျက်ရှိ၏။

မကြာမီတွင် အိမ်တံခါးပေါက်တွင် လူတစ်စုကို မြင်ရသည်။

ရှေ့ဆုံးမှ သားမွေးအင်္ကျီဝတ်ထားသောမိန်းမ နှစ်ယောက်က သွားနေ၍ နောက်မှ အစေအခိုင်းမိန်းမများနှင့် လုံကိုင်လူလေးယောက်တို့က လိုက်လျက်ရှိ၏။

စွန်ချန်းသည် ထိုင်ရာမှ ထကာ ထိုလူများနောက်သို့လိုက်လေ၏။

ရှေ့မှသွားနေသူ မိန်းမတစ်ဦးမှာ ရောင်ချွန်း၏မိန်းမ ဖြစ်၍ ကျင်ကျူးသည် အနီးအပါးတစ်နေရာတွင် မုချရှိရမည်ဟု တွက်မိ၏။

အိမ်တံခါးဝတွင် လုံကိုင်လေးဦး ရပ်နေ၏။

မိန်းမများကမူ တစ်ခါတည်းလှေကားအတိုင်း တက်သွားကြ၏။

စွန်ချန်းသည် နောက်မှထိုင်လျက်ရှိသည်။

အချိန်မှာ နေဝင်ဆည်းဆာဖြစ်၍ အိမ်ပေါ်တွင် မှောင်စပြုနေလေပြီဖြစ်သည်။

လှေကားတစ်လျှောက်တွင် မီးခွက်များ ထွန်းထားသည်။

အိမ်ပေါ်ရှိ တံခါးပွင့်နေသော အခန်း တစ်ခုတွင်ကား မီးလင်းဖိုတစ်ခုမှ မီးရောင်များကို မြင်ရသည်။

အိမ်ပေါ်သို့တက်သွားခိုက် ရှေ့မှလမ်းသွားသော မိန်းမနှစ်ယောက်သည် နောက်မှလိုက်လာသောဘုန်းကြီးအားသမင်လည်ပြန်ကြည့်ကြသည်။

စွန်ချန်းသည် သူ့ရုပ်ရည်ကို မှတ်မိမည်စိုး၍ သူ့မျက်နှာကို အောက်သို့ချထားရာ မိန်းမများ သူ့ကို ပြန်ကြည့်သည်ကို မသိလိုက်ချေ။

တတိယဆင့်တွင် မိန်းမများသည် တစ်ကွဲတစ်ပြားစီသွားကြရာ မိန်းမကြီးလုပ်သူမှာ နောက်လိုက်အစေခံများနှင့် ညာဘက်သို့ ချိုးဆင်းသွားပြီး မိန်းမငယ်ကမူ အပေါ်သို့ဆက်တက်သွားသည်။

*

စွန်ချန်းသည် ညာဘက်ထောင့်စွန်းသို့ ဆင်းသွားသော မိန်းမကြီးနောက်သို့လိုက်ကာ ရောင်ချွန်း၏ မိန်းမနေသော အခန်းသို့ လိုက်ကြည့်လေသည်။



ထိုအခိုက်တွင်သူ့ပခုံးပေါ်သို့ လက်တစ်ဖက်ကျလာသဖြင့် လက်ကို ကအားဖမ်းဆွဲပြီးကြည့်လိုက်ရာ မိန်းမငယ်တစ်ဦးကို တွေ့လိုက်လေသည်။

မိန်းမမှာ ဘုန်းကြီးလက်ကိုဆွဲထားသဖြင့် ရှက်ကိုး ရှက်ကန်းဖြစ်နေရာ စွန်ချန်းက တောင်းပန်လိုက်ရသည်။

မိန်းမငယ်သည် စွန်ချန်းအား အံ့သြဟန်၊ ကြောက်ဟန် မသက်သာဟန်ဖြင့် ကြည့်နေသဖြင့် စွန်ချန်းက ...

'စိတ်မဆိုးပါနဲ့၊ ငါ့ကို ခွင့်လွှတ်ပါ'

'ရှင်ဟာ တော်တော်ထူးဆန်းတဲ့ ဘုန်းကြီးပဲ၊ရှင် စကားပြောပုံထောက်တော့ ဘုန်းကြီးနဲ့မတူပါဘူး၊ ရုပ်ဖျက်ထားတဲ့ လူတစ်ယောက်နဲ့ တူနေတယ်၊ ဘာကိစ္စ ဒီကိုရောက်လာတာလဲ၊ ဘာဖြစ်လို့ ရုပ်ဖျက်ထားတာလဲ၊ ရောင်ချွန်းရဲ့ ဇနီးနောက်ကို ဘာလို့ သူခိုးလို လိုက်ချောင်းနေတာလဲ'

'ငါဟာ သူခိုးတော့ မဟုတ်ပါဘူးကွာ ယုံပါ၊ မကောင်းတဲ့အကြံအစည်နဲ့ လာတာတော့ အမှန်ပဲ၊ ဒါပေမယ့် မိန်းမတွေကို ဘယ်လိုမှလုပ်ဖို့ စိတ်ကူးမရှိပါဘူး၊ ငါ့ဘာသာ ငါပဲ ရှိပါစေတော့၊ အော်မယ်တော့ မကြံလိုက်ပါနဲ့၊ မင်းသာ အော်လိုက်မယ်ဆိုရင် ငါ့အသက်ပျောက်ပါ့မယ်၊ အဲဒီလိုတော့ မရက်စက်ပါနဲ့'

'ဒါဖြင့် ရှင်ဟာ တန်မြို့စားဘက်ကလူတွေ'

'ငါဟာ တန်ဘက်သားတော့ဟုတ်ပါတယ်၊ ဒါပေမယ့် ငါအခုလာတာ နိုင်ငံရေးကိစ္စနဲ့ မဟုတ်ဘူး၊အချစ်ရေး ကိစ္စနဲ့ လာတာပါ၊ ငါ့နာမည်က....'

ဤတွင် မိန်းမငယ်သည် စွန်ချန်း၏ပါးစပ်ကို လှမ်းပိတ်ကာ နံဘေးပတ်ဝန်းကျင်ကို မျက်စိ ပြူးကြောင်ကြောင်နှင့် ကြည့်နေလေသည်။

မည်သူ့ကိုမျှ မမြင်ရသောအခါ စွန်ချန်အား လှေကားအတိုင်း အပေါ်သို့ ဆွဲခေါ်သွားလေတော့သည်။

စွန်ချန်းမှာ ဘာမသိညာမသိနှင့် လိုက်သွားရပြီး မကြာမီ အတွင်း မီးလင်းဖိုတစ်ခု ဖိုထားသော အခန်းတစ်ခုအတွင်း ရောက်ရှိလာသည်။

မိန်းမငယ်သည် စွန်ချန်းအား ထိုင်ခုံတစ်ခုတွင် ထိုင်ခိုင်းကာ....

'အဲဒီမှာ ထိုင်နေ၊ ရှင့်အသက်ဟာ ကျွန်မလက်ထဲမှာ ရှိတယ်၊ ဒါပေမယ့် ကျွန်မလက်ကိုတော့ဆွဲပြီး ကျွန်မကို ခါးကြိုးနဲ့ ရိုက်မယ်လုပ်တာတော့ မမှတ်မိတော့ဘူးလား'

ဟုပြောကာ အခန်းထဲမှ ထွက်သွားလေသည်။

တစ်ဖက်ခန်းတွင် လူတစ်ဦး လှုပ်ရှားနေသံ ကြားရပြီး မကြာမီအတွင်း ဘီဒါးတစ်ချပ် ပွင့်လာရာ ကျူအင်းသည် အငွေ့းထည် အဝတ်အစားများကိုဝတ်လျက် မှန်အိမ်တစ်ခုနှင့် ပြန်ရောက်လာပြီး လက်မှာကိုင်ထားသော မှန်အိမ်ကို ချလိုက်ရာ စွန်ချန်းအား စေ့စေ့ကြည့်ပြီး....'ရှင်ဘာလို့ ဒီကို လာတာလဲ'

'အြော်....ကျူကျင်းရယ် မင်း ငါ့ကို ချစ်တယ်ဆို'

ဤတွင်မှ ကျူကျင်းသည် စွန်ချန်းအား တအားဖက်ကာ ပါးကို အကြိမ်ကြိမ် နမ်းလိုက်သည်။



ထို့နောက်....

'ရှင်လာတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မကို နက်ဖြန်ခါနေ့လယ်ကျ ဘုန်းကြီးကျောင်းမှာ မျောက် ပါးစပ်ရှာစားနဲ့ လက်ထပ် ပေးကြတော့မယ်'

'သေချာရဲ့လား'

'အသေအချာပဲ၊ ကျွန်မလဲ ငိုရတာ မောနေပြီ၊ ဒီနေ့ည ထွက်ပြေးနိုင်ရင်တော့ အကောင်းဆုံးပဲ၊ ဒါပေမယ့် အဆော် တော့ ခက်ပါတယ်'

'စိတ်မပျက်ပါနဲ့ကွာ၊ မျှော်လင့်ချက် ရှိပါသေးတယ်၊ မင်းလို မိန်းမတစ်ယောက်ကို လွယ်လွယ်နဲ့ ဘယ်လက်လွှတ် ခံနိုင်ပါ့မလဲ၊ ဘာ အဘားအဆီး အနှောင့်အယှက်ပဲ ရှိရှိ အကုန်လုံးကို သုတ်သင်ချေမှုန်းပစ်လိုက်မယ်'

'ရှင် ရှပ်ဖျက်ထားတာ တော်တော် ကောင်းပါတယ်'

ထိုသို့ စကားပြောနေကြပြီး ချစ်သူချင်း ပွေ့ဖက်ကာ ချစ်တင်း နှီးနှောနေကြသည်။

မကြာခင် နောက်နားဆီမှ အသံကြား၍ လှည့်ကြည့် လိုက်ရာ မိန်းမ တစ်ဦးကို တွေ့ရသည်။

ထိုမိန်းမသည် စွန်ချန်းအားကြည့်ပြီး....

'မင်းတို့ကလဲ ကျယ်လောင်ကျယ်လောင်နဲ့ တခြား သူတွေ ကြားသွားမှာပေါ့၊ ဟော့....ကျူကျင်း၊ ဒီလို ရည်းစားနဲ့ ချိန်းတွေ့တဲ့အတွက် ဘယ်သူ့ကိုမှ သတင်းမပေးရင် ငါ့ကို ဘာပေးမလဲ'

'ကျွန်မ ရှင့်ကို ငွေပေးမယ်'

'ဒါပေမယ့် မင်းတို့ ခွဲနေကြမှ ကောင်းမှာ'
'စောပါသေးတယ်ရှင် ခဏတော့ အတူနေပါရစေဦး'
'ညနေစာ မစားတော့ဘူးလား'
'ဟုတ်သား ပဲ မေ့နေတယ်'
ဤတွင် စွန်ချန်းကလဲ....
'ငါ့ကို တစ်နေရာရာမှာ ထားရစ်ခဲ့ပါ၊ ဗီရိုထဲမှာဖြစ်ဖြစ် ထည့်ပိတ်ခဲ့'

ဟုပြောလျှင် တခြား မိန်းမဘက်သို့လှည့်ပြီး....

'ကျုပ်တို့ ချစ်သူနှစ်ဦးဟာ မနက်ဖြန်ခါကစပြီး တစ်သက်လုံး ကွဲကွာမှာကို နားလည်ပြီး ကျုပ်တို့ကို သက်ညှာပါဗျာ'

မကြာမီအချိန်တွင် သူတို့နှစ်ဦးထွက်သွားကြရာအိမ်ပေါ်မှ ညနေစာ ခေါင်းလောင်းထိုးသံကို ကြားရလေသည်။

စွန်ချန်းမှာ နံရံတစ်ခုတွင် ကပ်နေလေသည်။

ထိုနေရာမှကြည့်မည်ဆိုလျှင် တစ်ဖက်ခန်းကို လှမ်း၍ မြင်နေရသည်။

မကြာမီ စွန်ချန်းမှာ လူတစ်ဦး ညင်သာစွာ လမ်းလျှောက်နေသံကို ကြားရပြီးတံခါးပွင့်လာသောအခါ ၌မျောက်ပါးစပ်ရှာစား၏ လူငယ်တစ်ဦးသည် အခန်းတွင်းသို့ ဝင်လာပြီး ဟိုဟိုသည်သည် ကြည့်နေလေသည်။

အခန်းထဲတွင် ဟိုဘက် တစ်ခေါက်ကြည့် သည်ဘက် တစ်ခေါက်ကြည့် ပြုလုပ်နေသော်သည်း ကံကောင်းစွာ စွန်ချန်းအား မမြင်တွေ့ဘဲ ရှိသည်။



နောက်ဆုံးတွင်ထိုလူသည် ထိုင်ခုံအောက်တွင် ချထားသော မှန်အိမ်ကိုမြင်ရသဖြင့် မကျေနပ်ဟန် မျက်နှာထားမျိုး ပေါ်နေလေသည်။

သို့ဖြင့် ထွက်ခွာသွားတော့မည် ပြုလုပ်ပြီးမှ တစ်ဖန် ကြမ်းပြင်ပေါ်တွင် တစ်စုံတစ်ခု တွေ့ရှိဟန်နှင့် ကုန်း၍ ကောက်လိုက်သည်။

ကောက်ပြီးသောအရာကို ထိုသူသည် ကျေနပ်စွာကြည့်ပြီး ခါးကြားထဲတွင် ထိုးထည့်၍ ထွက်သွားလေသည်။

စွန်ချန်းမှာ ထိုလူအား ကြည့်ပြီး စိုးရိပ်ထိတ်လန့်သွားခဲ့၏။

အဘယ်ကြောင့်ဆိုသော် ထိုသူ ကုန်းကောက်သောအရာမှာ သူ၏ ခါးမှ မတော်တဆ ထွက်ကျနေသော ခါးစည်းကြိုး ဖြစ်သောကြောင့်ပင် ဖြစ်နေသည်။

စွန်ချန်းသည် လာ၍ချောင်းမြောင်းသူက မကြာမီအတွင်း သူ့ဆရာ မျောက်ပါးစပ်ထံသွားပြီး အကျိုးအကြောင်း အစီရင်ခံတော့မည်ကိုသိသဖြင့် ပုန်းနေရာမှ ထွက်ကာ ထိုလူအား သတ်ပစ်လိုက်ချင်စိတ်ပေါက်လာ၏။

ထိုသို့စဉ်းစားနေခိုက် အပြင်ဘက် လှေကားဆီမှ ခြေသံ တစ်ခုကြားရပြီး သီချင်းဆိုသံကို ကြားရ၏။

စွန်ချန်း၏အဖော် ကျိန်းရီသည် အရက်မူးအောင်သောက်ပြီး လှေကားရင်းတွင် ဟိုလျှောက် သည်လျှောက်နှင့် သီချင်းဆိုနေခြင်းဖြစ်၏။

အသံကို မှတ်မိသောကြောင့် ဤကဲ့သို့ အချိန်မျိုးတွင် အရက်သောက်ရမလားဟု ဒေါသထွက်နေ၏။

သို့ဖြစ်၍ ကျူကျင်းအား ချီးမြှောက်ရန် မကြံတတ်ဘဲဖြစ်နေ၏။

သူ့အဖော် ကျိန်းရီအား စကားလှမ်းပြောရန်မှာလည်း အနီးအနားတွင် မြောက်ပါးစပ်ရွာ၏လူများ ရှိကောင်း ရှိနေမည်ဖြစ်၍ မပြောရဲ။

နောက်ဆုံး၌ သူ့လူနှင့် သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်ကာ အခန်းဝသို့ ထွက်လာပြီး လက်တစ်ဖက်ကို မြှောက်ပြကာ သတိပေးရင်း ကျိန်းရီအား လှမ်းကြည့်နေ၏။

ကျိန်းရီမှာကား စွန်ချန်းကိုမြင်လျှင် နာမည်ကို အော်ဟစ်ခေါ်နေသောကြောင့် စွန်ချန်းသည် ကျိန်းရီထံ တိုးကပ်သွားကာ....

'ဟေ့ကောင်....အကုန်သေကုန်လိမ့်မယ်၊ ဘာယ့်နှယ်လုပ်တာလဲ'

သို့သော်လည်း ကျိန်းရီမှာကား အရေးမစိုက်ဟန်ဖြင့် ရယ်မောကာ စွန်ချန်းအား လက်နှင့် ကျောကိုသပ်နေ၏။

ထိုအခိုက်၌ ခန်းဆီးဘက်ဆီမှ အသံတစ်ခုကို ကြားရသဖြင့် စွန်ချန်းသည် ခုန်အုပ်၍ ဖမ်းလိုက်ရာ မြောက်ပါးစပ်ရွာစား၏ သူလျှိုကို မိလေ၏။

နှစ်ဦးသား ခန်းဆီးဖုံးအတွင်း၌ လုံးထွေးသတ်ပုတ်နေကြရာ စွန်ချန်း၏ လက်ဝါးစောင်းကြောင့် သူလျှိုမှာ တစ်ဖက်သို့ နောက်ပြန်လဲကျသွားလေတော့သည်။



သို့ရာတွင် ပြန်လည်ထလာသောအခါ၌ ရန်သူ၏ လက်ထဲတွင် ဓားမြှောင်တစ်ချောင်း ကိုင်လျက်ဖြစ်၏။

ရန်သူက သူ့အား ဓားမြှောင်နှင့် စတင် တိုက်ခိုက်လာ၏။

ဓားမြှောင်ကို ဝှေ့ယမ်းကာ စွန်ချန်းထံ ခုန်ပျံ၍ ရောက်သွားသည်။

စွန်ချန်းက လေသိုင်းစကြာ သိုင်းကွက်နှင့် ခုခံကာကွယ်လိုက်ရ၏။

ရန်သူ၏ ခွန်အားမှာ တောင့်တင်းကြံ့ခိုင်သူတစ်ဦးကဲ့သို့ အကြမ်းခံနိုင်သူဖြစ်သည်။

စွန်ချန်း၏ လေဝိုင်းစကြာသိုင်းကွက်၏ တိုက်ကွက်ကို သူက ကြံ့ကြံ့ခံနိုင်သူဖြစ်သည်။

လေဝိုင်းစကြာသိုင်းကွက်မှာ လေထဲတွင် လူကို စကြာကဲ့သို့ ဝှေ့ယမ်းအရှိန်ယူပြီး ရန်သူ၏ မျက်နှာအား ခြေနှင့် ခတ်ကန်ခြင်းဆိုသည့် တိုက်ကွက်ပင်။

ထိုခြေကန်ချက်မှာ တိုက်ရိုက်ထိသွားလျှင် မျက်နှာအကန်ခံရသူသည် မျက်နှာရှိ အရိုးတို့ ကျိုးပဲ့သွား၍ ရုပ်ပျက်သွားနိုင်ပါ၏။

သို့သော် ထိုရန်သူကား ထိုသို့မဖြစ်။

စွန်ချန်း၏ ကန်ချက်အား လက်နှင့်ယှက်ကာလိုက်၍ သူ၏ ကိုင်ထားသော ဓားမြှောင်မှာ လွင့်စဉ်သွားလေသည်။

ဓားမြှောင်ကား ကျိန်းရီ၏ ခြေထောက်နားတွင် သွားရောက်ကျသည်။

ကျိန်းရီက ထိုတိုက်ခိုက်မှုမှာ မည်သို့မျှမဆိုင်သကဲ့သို့ လေလေး ချွန်ကာ ကောက်ယူလိုက်၏။

ထို့နောက် ဓားမြှောင်သွားအား လက်ချောင်းများနှင့် စမ်းသပ်ကာ သူတို့၏ တိုက်ခိုက်မှုအား ကြည့်ရှုနေသည်။

တစ်ကြိမ်ဝယ် စွန်ချန်းမှာ ရန်သူ၏ လည်မျိုညှစ်မှုကို ခံနေရနေသည်။

ရန်သူမှာ သန်မာသူဖြစ်သည့်အလျောက် လက်များမှာလည်း ပြုတ်တူတစ်ခုကဲ့သို့ မြဲမြံ့ခိုင်ခံ့လျက်ရှိသည်။

စွန်ချန်း ရှန်းကန်ရန်ပင် အင်အား ကုန်ခန်းလာ၏။

ကျိန်းရီက တဟားဟားနှင့် စွန်ချန်း လည်မျိုအညှစ်ခံနေရခြင်းအား သဘောကျ နှစ်ခြိုက်စွာ ရယ်မောနေလေသည်။

စွန်ချန်းက မျက်လုံးပြူးပြီး ကျိန်းရီအား ကြည့်ရှုလိုက်မိသည်။

သည်တော့မှ ကျိန်းရီက သူ၏လက်မှ ဓားမြှောင်အား အသာလှမ်းပေးလိုက်၏။

စွန်ချန်းက ထိုဓားမြှောင်အား ဖမ်းယူကာ ရန်သူ၏ ကျောပြင်အား စိုက်ချလိုက်သည်။

'စွပ်....'

'အင့်....'

ရန်သူမှာ စွန်ချန်းကိုယ်ပေါ်ဝယ် တွန့်ခနဲ ဖြစ်သွားကာ နောက်သို့ လန်ကျသွားသည်။

စွန်ချန်းက ရှန်းကန်ခုန်ထလိုက်ကာ ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။



ရန်သူကျော၌ သွေးစိမ်းတို့ ပွက်ခနဲ အန်ကျလာသည်။

စွန်ချန်း နောက်တစ်ကြိမ် ရန်သူရင်ဝအား ဓားမြှောင်နှင့် ထိုးချလိုက်ပြန်သည်။

ဓားချက်မှာ ရန်သူ့နှလုံးသား တည့်တည့်အား သွားရောက် ထိုးစိုက်မိသဖြင့် ရန်သူမှာ လုံးဝ ငြိမ်သက်သွားလေတော့သည်။

စွန်ချန်းကား မောပန်းစွာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရတော့သည်။

ကျိန်းရီက စွန်ချန်းအား ပြောင်လှောင်ကျီစယ်လိုသောမျက်နှာဖြင့် ကြည့်ရှုရင်း....

'ဟား....ဟား....ဟား....မင်းက ငါ့မှ အကူအညီမတောင်းပဲကွ၊ အကူအညီမတောင်းရင် ငါက မကူညီတတ်ဘူး၊ ခုတော့ မင်းက မျက်လုံးနဲ့ အကူအညီလှမ်းတောင်းလို့ ဓားကို ပေးလိုက်ရတာ ဟဲ....ဟဲ....ဟဲ'

စွန်ချန်းက ကျိန်းရီ၏ ထူးဆန်းသောအကျင့်ဆိုးများကို ခွင့်လွှတ်လိုက်ရသည်။

ထို့နောက် စွန်ချန်းမှာ ရန်သူအလောင်းအား တစ်ကိုယ်လုံး စမ်းသပ်ရှာဖွေလေရာ သူ၏ ခါးစည်းကြိုးအား ပြန်လည် ရရှိခဲ့လေသည်။

ၡင်းပြင် စာတစ်စောင်ကို တွေ့ရှိ၍ ဖတ်ကြည့်လိုက်သောအခါ မျောက်ပါးစပ်ရွာစားမှ တန်ဘက်သို့ ဆက်သွယ်သောသစ္စာဖောက်သည့် စာတစ်စောင် ဖြစ်နေလေသည်။

မျောက်ပါးစပ်ရွာသားမှာ မြို့စားလဲ ဘက်တော်သား တစ်ဦးဖြစ်၏။

ထို့ကြောင့် စွန်ချုန်းက ကျေနပ်အားရသွားကာ စားပွဲတစ်ခုပေါ်ရှိ စာရွက်တစ်ရွက်ကို ကောက်ယူလျက် မင်တံဖြင့် အောက်ပါအတိုင်း စာရေးသားလိုက်လေသည်။

မျောက်ပါးစပ်ရွာစား....

ခင်ဗျား ရန်ကျင့်ဖေထံ ပေးလိုက်တဲ့စာကို ပို့ပေးမယ့်လူတော့ ကျုပ်လက်ချက်နဲ့ သေသွားပြီ၊ နားလည်မှုရှိ၍ ခင်ဗျား ကျုကျင်းနဲ့ လက်ထပ်ခြင်း မပြုပါနဲ့။

မကောင်းသူပယ်မည့်....

ချင်

ရေးပြီးသောစာကို စွန်ချန်းသည် လူသေအလောင်း ရင်ဘတ်ပေါ်တွင် တင်လိုက်၏။

ရပ်ကြည့်နေသူ ကျိန်းရီကမူ ခါးကြားထဲမှ မြားနီတစ်စင်းကို ထုတ်၍ မြားကို စာနှင့်သပ်ပြီး လူသေ၏ ရင်ဘတ်ပေါ်တွင် စိုက်ထားလိုက်၏။

ထို့နောက် သူ၏ မူးယစ်သော အသံကြီးနှင့် သီချင်းအော်ဆိုနေပြန်သဖြင့် စွန်ချင်းက ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး....

'ဟေ့လူ ငြိမ်ငြိမ်နေစမ်း၊ လာခဲ့ ခင်ဗျား မူးနေတယ်၊ အိမ်ပြင်ကို ထွက်ကြမှဖြစ်မယ်၊ ဒီလိုသာ မူးနေရင် သေကုန်လိမ့်မယ်'



'ကဲ....ဒါဆိုလဲ ငါသွားပါတော့မယ်'

လှေကားအတိုင်း ကျိန်းရီ ဆင်းသွားလေတော့သည်။

စွန်ချန်းက ချစ်စိတ်မွန်နေသူ တစ်ဦးဖြစ်သောကြောင့် လိုက်သွားသင့်သော်လည်း မလိုက်ဘဲ ယခင်ပုန်းအောင်းနေခဲ့သည့် နေရာတွင်ပင် ဆက်လက် ပုန်းအောင်းနေခဲ့လေသည်။

အချိန်မှာ တရွေ့ရွေ့ ကုန်လျက်ရှိရာ အခန်းတွင်းရှိ မီးလင်းပိုများပင် ငြိမ်းစ ပြုနေသည်။

မီးအိမ်များလည်း မီးငြိမ်းပြီး မီးခိုးများအူလျက် ရှိသည်။

သို့သော်လည်း မည်သူမျှ ပြန်လာသံ မကြားရချေ။

အိမ်အောက်ထပ်ဝယ် ညနေစာစားနေသူများ၏ အသံကို ကြားနေရသည်။

မျောက်ပါးစပ်ရွာလေးမှာကား လူထပ်စွာ ကျဆင်းနေသော ဆီနှင်းများကြား၌ တိတ်ဆိတ်နေလေသည်။

မကြာမီအတွင်း လှေကားဆီမှ ခြေသံများ ကြားရပြီး ရောင်ချွန်း၏ ဧည့်သည်များ တက်လာသံကို ကြားရ၏။

လှေကားထောင့်သို့ရောက်လျှင် ထိုသူများသည် လဲနေသော လူသေအလောင်းကို တွေ့ကြရသည်။

အချို့က ရှေ့သို့ထွက်ပြေး၍ အချို့ကမူ နောက်သို့ ဆုတ်ကြ၏။

အချို့ကလည်း အသံကုန် အော်ဟစ်ကြလေသည်။

အော်သံများကို ကြားရသဖြင့် တစ်အိမ်လုံးရှိ ဓားသမားများ အစောင့်များ အစေခံများ လူစုံတက်စုံ ရောက်ရှိလာကြ၏။

လူသေအလောင်းကိုမြင်လျှင် ထိုလူတို့ကလည်း ကြောက်လန့် တုန်လှုပ်ပြီး အော်ဟစ်ကြရာ မကြာမီအတွင်း ရောင်ချွန်းနှင့် မျောက်ပါးစပ်ရှာစားတို့ကိုယ်တိုင် ရောက်ရှိလာကြ၏။

အလောင်းကိုမြင်လျှင် ရောင်ချွန်းက....

'ဟော....မြားနီဂိုဏ်းက လက်ချက်ပဲ၊ သေ နေ တာက ခင်ဗျားလူပါလားဗျ'

'ဟုတ်တယ်....ကျုပ်လူပဲ၊ ဒီလူက အလွန်ပါးနပ်တဲ့လူ၊ သူ သေတာ ကျုပ်နှမြောတယ်'

'ခင်ဗျားလူက ကျုပ်အိမ်ကို ဘာလာချောင်းတာလဲ'

မျောက်ပါးစပ်ရှာသားသည် မျက်နှာတစ်ချက် ပျက်သွားပြီး....

'မသိပါဘူးဗျာ....ဟောဒီမှာ သူ့အလောင်းပေါ်မှာ စာတစ်စောင်ပါလား'

'ကဲ... ပေး၊ မြားရော စာရော ကျုပ်ကိုပေး၊ ဩော်.... စာထဲမှာ ခင်ဗျားတံဆိပ် တပ်ထားတာပဲ၊ ဒီမြားနီထဲကကောင်တွေက ရှောင်လို့ကိုမလွတ်နိုင်ဘူး၊ အမြဲတမ်း ဒုက္ခပေးနေတာပဲ၊ ခင်ဗျားတို့ကိုလဲ ညိုးနေပြီထင်တယ်၊ နက်ဖြန်လား သန်ဘက်ခါလား ခင်ဗျားကို လုပ်ကြံကြလိမ့်မယ်၊ ကိုင်း....စာက ဘာတွေ ရေးထားတာလဲ....ဖတ်စမ်းပါဦး'



ဤတွင် မျောက်ပါးစပ်ရှာစားမှာ စာကိုဖတ်ကြည့်ရာ ပြီးလျှင် ပြီးချင်း လူသေအလောင်းဟု လှန်လှောရှာဖွေနေလေသည်။

ဘာမှ မတွေ့မှ....

'ခက်တာပဲဗျို....ကျုပ်စာတစ်စောင် ပါသွားပြီ၊ ယူသွားတဲ့ကောင်ကိုမိရင်တော့ သတ်ပစ်လိုက်ချင်တာဘဲဗျာ၊ ခင်ဗျားအိမ်ထဲ လျှောက်ရှာကြဦးစို့၊ ရန်သူရှိလိမ့်ဦးမယ် ထင်တယ်'

သို့ဖြင့် အိမ်ဝိုင်းတစ်ခုလုံးမှ ဥယျာဉ်ထဲတွင် လည်းကောင်း၊ ခန်းမကြီးထဲတွင် လည်းကောင်း၊ လှေကားဝတွင် လည်းကောင်း အစောင့်များကို ချထားလိုက်၏။

ရောင်ချွန်း၏ဓားသမားများအပြင်မျောက်ပါးစပ်ရှာစား၏ စစ်သားများလည်း ရောက်လာရာ လူအင်အား များစွာ တောင့်တင်းလာ၏။

သို့သော်လည်း စွန်ချန်း ပုန်းအောင်းနေရာမှာ လွန်စွာ အကာအကွယ်ကောင်းသောကြောင့် မတွေ့ကြရပေ။

သေဆုံးသူ၏ အလောင်းကိုကား ဓားသမားများသည် ဘုန်းကြီးကျောင်းသို့ ပို့လိုက်ကြ၏။

ဤအခိုက်တွင် ကျင်ကျူးနှင့် သူ၏ အဖော်မိန်းမတို့သည် စွန်ချန်းအား အပြင်ဘက်တွင် ဖြစ်ပျက်နေသော အကြောင်းစုံကို ပြောပြပြီး ပုန်းအောင်းရာမှ ဆွဲထုတ်လာကြသည်။

စွန်ချန်းကလည်း သူနှင့် သတ်ကြပုတ်ကြပုံကို အလုံးစုံ ပြောပြရာ ကျင်ကျူးက....

'ရှင် ဒီလိုသတ်လိုက်တာလဲ မထူးပါဘူး၊ မနက်ဖြန်ခါ ကျွန်မ လက်ထပ်ရတော့မှာပဲ'

ဟု ပြောရာ မိန်းမဖော်က...

'ရှင်ကလဲ ရှင်၊ စွန်ချန်းလို ရဲရင့်တဲ့သူ ရှိနေတာပဲ၊ ဘာ အားငယ်စရာ ရှိနေလဲ၊ သူ ကြံဖန်ဦးမှာပေါ့၊ ဟုတ်တယ် မဟုတ်လား စွန်ချန်း၊ ရှင် ဘယ်လိုကြံမလဲ'

စွန်ချန်းသည် မြောက်ပင့်ချီးမွမ်း ခံနေရခြင်းတွင် မျက်နှာ မထားတတ်အောင် ဖြစ်နေ၏။

'တော်တော်တော့ ခက်တာပဲ၊ ဒါပေမယ့် ခဏကြာရင် ဒီ အိမ်က ထွက်သွားနိုင်အောင် ကျုပ် ကြံနိုင်ပါသေးတယ်၊ လက်ထပ်မယ့် ကိစ္စကိုလဲ....'

'ခက်တာပါပဲရှင်....နက်ဖြန်ခါကျရင်တော့ ကျွန်မ မျောက် ပါးစပ် ရွာစားနဲ့ လက်ထပ်ရမှာပဲ'

'မစိုးရိမ်ပါနဲ့ကွာ....ငါ စွန့်စားပါ့မယ်၊ ဘုန်းကြီး အဝတ် အစားနဲ့ဆိုတော့ ငါ့ကို ဒီလူတွေက သိပ်ဂရုစိုက်မှာ မဟုတ် ဘူး၊ သေတဲ့လူရှိနေမည်က ဘယ်သူတဲ့လဲ'

'ဟန်တီလို့ခေါ်တယ်၊ ရှင် ဘာလုပ်ဦးမလို့လဲ'

'အခု အိမ်ကထွက်သွားမယ်လေ၊ တစ်ယောက်ယောက်က မေးရင် ဟန်တီအတွက် ဆုတောင်းပေးဖို့ ပြောမှာပေါ့'

'အခုလောက်ဆို ဘုန်းကြီးကျောင်းမှာ ဆုတောင်းပွဲတော် ကျင်းပလောက်ပြီ'

'ဒီအကြံ ကောင်းသားပဲ၊ သွားလေ....ကျွန်မကို ထားပစ်ခဲ့'

'ဘေးအန္တရာယ် မရောက်ပါစေနဲ့လို့ ဆုတောင်းပါတယ်'



သို့ဖြင့် စွန်ချန်း အိမ်အောက်ဘက်သို့ ဆင်းသွားလေ၏။ မှင်သေသည့် မျက်နှာထားကြောင့် မည်သူကမှ အမေး အမြန်းမရှိ။

သို့သော်လည်း လုံကိုင်အစောင့်တစ်ဦး အနားသို့ရောက် လာ၍ မေးမြန်းသဖြင့်....

'ငါ ဟန်တီအတွက် ဆုတောင်းပွဲသွားမလို့'

'ဟုတ်ရဲ့လား .... ဒါပေမယ့် တစ်ယောက်တည်းသွားလို့ မဖြစ်ဘူး'

အစောင့်သည် အခြားခေါသမားတစ်ဦးကို ခေါ်လိုက် ပြီး....

'ဒီဘုန်းကြီးကို ဘုန်းကြီး တိုင်လွှမ်းဆီရောက်အောင် ခေါ် သွား၊ သူ့လက်ထဲကို သေသေချာချာအပ်ခဲ့'

မှာကြားကာ ခေါသမားထံ အစောင့်က အပ်နှံလိုက်လေ သည်။

တံခါးဝသို့ရောက်သောအခါ အခြားကင်းတစ်ခုကို တွေ့ ရပြီး အစောင့်လေးဦးကို ထည့်လိုက်ပြန်၏။

အစောင့်တစ်ဦးက စွန်ချန်း၏လက်ကို ဆုပ်ကိုင်ထား သည်။

တစ်ဦးက ရှေ့မှလျှောက်၍ နောက်တစ်ဦးက လေးနှင့် ချိန်ယ်ကာ နောက်မှလိုက်၏။

ဤနည်းဖြင့် သူတို့သည် ဥယျာဉ်ကိုဖြတ်ကျော်ကာ ဘုန်း ကြီး ကျောင်းဘက်သို့ ဦးတည်သွားကြ၏။

ဘုန်းကြီးကျောင်းတံခါးဝသို့ ရောက်ရှိသောအခါ သူတို့၏ ကိုယ်လုံးမှာ ဆီးနှင်းများဖြင့် စိုရွှဲလျက်ရှိ၏။

ဘုန်းကြီးကျောင်းပေါ်၌ ဖယောင်းတိုင်များကို ထွန်းညှိထား၏။

သေသူ ဟန်တီ၏အလောင်းမှာလည်း ဆုတောင်းသူများ ဘုန်းကြီးတို့၏အလယ်၌ ရှိနေ၏။

စွန်ချန်းတို့ ရောက်လာသည်ကိုမြင်လျှင် စင်မြင့်ပေါ်တွင် ထိုင်နေသော ဘုန်းကြီးတစ်ပါးသည် လှေကားအတိုင်း ဆင်းလာပြီး ဘာကိစ္စလာကြသည်ကို မေးမြန်း၏။

မေးမြန်းနေသောဘုန်းကြီးမှာ ဘုန်းကြီး တိုင်ရှမ်းဖြစ်ရာ သူက စွန်ချန်းအား....

‘သြော်....ဘုန်းကြီးတစ်ပါး ပါလား၊ လာစရာဘုန်းကြီးလဲ မရှိပါဘူး၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ’

ဟု မေးလေရာ စွန်ချန်းက ဘုန်းကြီးတိုင်ရှမ်းအား အဝေးသို့ ဆွဲခေါ်သွားပြီး တီးတိုးလေသံနှင့်....

‘ခင်ဗျားကို ကျွန်တော် မညာချင်ပါဘူး၊ ကျုပ်အသက်က ခင်ဗျားလက်ထဲမှာရှိတယ်’

ဘုန်းကြီးတိုင်ရှမ်းသည် ခေတ္တမျှ ငြိမ်သက်နေပြီးနောက်....

‘စွန်ချန်း....မင်း ဘာကိစ္စနဲ့ဒီကိုလာတာလဲ တော်တော်မိုက်တာပဲ၊ ဒါပေမယ့် ငါကတော့ မင်းကို ဒုက္ခရောက်အောင် မလုပ်ပါဘူး၊ မင်း ငါနဲ့ တစ်ညလုံးထိုင်နေရလိမ့်မယ်၊ အို.... မနက်ဖြန် ကျင်ကျူးနဲ့ မျောက်ပါးစပ်ရွာစားတို့ လက်ထပ်တဲ့ထိ ထိုင်ရမှာပဲ၊ လူတွေ အကုန်လုံး ပြန်သွားလို့ မင်း



ကောင်းကောင်းနေမယ်ဆိုရင် ငါပြန်လွှတ်လိုက်မယ်၊ မဟုတ်တာ ကြံရင်တော့ မင်း ဒုက္ခရောက်မှာပဲ’

ထိုသို့ပြောပြီး ဘုန်းကြီးတိုင်ရှမ်းသည် အစောင့် ဓားသမားတို့အား ပြန်ခိုင်းလိုက်ပြီး စွန်ချန်းအား သူထိုင်နေသော နေရာ၌ ထိုင်နေစေ၏။

သေသူအတွက် စွန်ချန်းမှာ ဟန်လုပ်၍ ဆုတောင်းနေရလေသည်။

သို့သော်လည်း သူ၏ မျက်လုံးမှာကား ဟိုဟိုသည်သည် အကဲခတ်ကြည့်ရှုလေရာ မလှမ်းမကမ်းတွင် သူ့အား လိုက်ပို့သော အစောင့်များအနက် အချို့က မပြန်သေးဘဲ ရှိနေသည်ကို မြင်ရသဖြင့် ဘုန်းကြီးတိုင်ရှမ်းက မပြန်ခိုင်းဘဲ စောင့်နေကြဟန်ရှိ၏။

သို့ဖြင့် သူ့မှာ ဘုန်းကြီးကျောင်းတွင် သူကိုယ်တိုင် သတ်ထားသော အလောင်းရှေ့တွင် ဆုတောင်းရင်း အကျယ်ချုပ်မိနေလေသည်။

တစ်ညလုံး ဤနေရာတွင် နေရမည်ဖြစ်ပြီး နောက်တစ်နေ့နံနက်တွင် သူ့ချစ်သူအား အခြားသူတစ်ဦးနှင့် သူ့မျက်စိရှေ့တွင်ပင် လက်ထပ်ပေးကြသည်ကို မြင်ရတော့မည်။

သို့ရာတွင် စွန်ချန်းသည် စိတ်ရှည်ရှည်နှင့် အခွင့်အရေးကောင်းကို စောင့်မျှော်လျက် ရှိပေသည်။

( ၃၁ )

## မင်္ဂလာပွဲမှ အနိဋ္ဌာရုံများ

မျောက်ပါးစပ်ရွာ ဘုန်းကြီးကျောင်းတွင် သေသူအတွက် ဆုတောင်းနေသူများ တစ်ညလုံး မရပ်မနားဘဲဆုတောင်း နေကြလေ၏။

ဟန်တီ၏ အလောင်းမှာ အခန်းအလယ်တွင်ရှိသဖြင့် မနီးမဝေးတွင် သူ့အား သတ်သူ စွန်ချွန်းသည် စိတ်နှလုံး မတည်ငြိမ်ဘဲ နံနက် လင်းအရုဏ်ကိုသာ စောင့်မျှော်နေမိ၏။

ဘုန်းကြီးတိုင်ရှမ်းက စွန်ချွန်းအား တီးတိုးလေသံဖြင့်....

'ငါ ဟိုတုန်းက မင်းအဖေကို မသတ်ဘူးလို့ ကျိန်ပြော တာ ညာကျိန်တာပဲကွ၊ ငါ့ကို မကောင်းမထင်ပါနဲ့'

'ခင်ဗျားကို ကျုပ် အယုံအကြည်မရှိပါဘူး၊ ဒါပေမယ့် ကျုပ်အဖေကိုသတ်ဘဲ့အထဲမှာတော့ ခင်ဗျားပါတယ် မဟုတ်လား'

'ပါတော့ ပါခဲ့တာ အမှန်ပါပဲ၊ ငါကိုယ်တိုင်တော့ မသတ်ခဲ့ပါဘူး၊ မတတ်သာတဲ့ အကြောင်းကြောင့်သာ ငါ ဒီအထဲ ပါနေရတာပဲ'

'ဟုတ်မှာပေါ့၊ အခုအချိန်မှာတော့ ကျုပ်ဟာ ခင်ဗျား အကျဉ်းသမားပဲ၊ ဒါပေမယ့် ခင်ဗျားသာ လူကောင်းတစ်ဦး ဆိုဦးတော့ ကျုပ် ခင်ဗျားဘက်သားတော့ မလုပ်နိုင်ဘူး'

ဘုန်းကြီးတိုင်ရှမ်းမှာ သက်ပြင်းတစ်ချက်ချလိုက်လေရာ စွန်ချန်း၏ စိတ်နှလုံးကို ထိခိုက်သွားလေသည်။

မကြာမီအတွင်း အရှက်ကျင်း၍ အလင်းလာခဲ့ရာ အလင်းရောင် တဖြည်းဖြည်းနှင့် ပိုမိုအားကောင်းလာခဲ့သည်။

ညက ပြင်းထန်နေသော မုန်တိုင်းမှာ ငြိမ်သက်သွားပြီဖြစ်၏။

ကောင်းကင်တစ်ပြင်လုံး ကြည်လင်သာယာနေ၏။

လင်းသည်နှင့် တစ်ပြိုင်နက် ဟန်တီ၏ အလောင်းကို ကျောင်းမှ ထုတ်ယူသွားကြပြီး သွေးများ ပေကျံနေသည့် ကြမ်းပြင်များကိုလည်း ရေနှင့် ဆေးကြောကြကာ မျောက် ပါးစပ် ရွာစား၏ မင်္ဂလာပွဲအတွက် ပြင်ဆင်ကြလေ၏။

ဘုန်းကြီးများမှာ မင်္ဂလာအခမ်းအနားအတွက် မျက်နှာ သစ်သူသစ်၊ အဝတ်အစားလဲသူလဲနှင့် ရှိကြ၏။



ရွာထဲမှ ဘုရားတရားကြည်ညိုသူအချို့မှာ ခပ်စောစော ရောက်လာပြီး ဘုရားဝတ်ပြုနေကြကာ လက်ထပ်ပွဲအတွက် စောင့်ဆိုင်းနေကြလေ၏။

ဤကဲ့သို့ အခြေအနေ ပြောင်းလဲနေခိုက်တွင် မည်သူမဆို ကျောင်းဝတွင် စောင့်ကြပ်နေသည့်လမ်းမှ စစ်ဆေးခြင်းကို မခံရဘဲ ကျောင်းတွင်းသို့ ဝင်လာနိုင်ကြသည်။

စွန်ချန်းသည် တစ်နေရာမှ သူ၏အဖော် မြွားနီဂိုဏ်းသား ကျိန်းရီကို မြင်လိုက်ရ၏။

ကျိန်းရီကလည်း စွန်ချန်းအားမြင်၍ မျက်ရိပ်မျက်ခြည် ပြလျက်ရှိသည်။

စွန်ချန်းသည် ယမန်နေ့ညက ကျိန်းရီ၏ အရက်သောက်ပြီး ရမ်းနေပုံကို အမှတ်ရသောကြောင့် အလုပ်မရှိဟန်နှင့် ကျိန်းရီအား သွားရန် အချက်ပြလိုက်သည်။

ဤတွင် ကျိန်းရီသည် နေရာမှထကာ ပျောက်ကွယ်သွားပြီး စွန်ချန်း၏ နောက်နားသို့ ရောက်လာကာ လက်ကို ဖမ်းဆွဲလိုက်၏။

ထိုအချိန်တွင် တိုင်ရှမ်းမှာ နေရာမှထကာ အစောင့်များ ရှိရာသို့ သွားနေ၏။

အကယ်၍သာ တိုင်ရှမ်းသာ ရိပ်မိသွားပါက သူတို့နှစ်ဦးမှာ အဖမ်းခံရပေတော့မည်ကို သိသောကြောင့် သူ့အဖော်အား....

'မင်း အတော်ကို ခွကျတဲ့ အကောင်ပဲ၊ မူးနေလိုက်တာ၊ မနေ့ညက လူမှန်းသူမှန်းတောင် မသိဘူး၊ မင်း မြန်မြန်ပြန်တော့'

'မပြန်ဘူး....မပြန်ဘူး၊ တိတ်ဝှက် ဒီကိုရောက်နေတယ်'
'ဟုတ်ရဲ့လား....ဒါဖြင့် ဒီလူ ဒီကိုပြန်လာပြီပေါ့'
'ဟုတ်တယ်....ပြန်လာပြီ၊ ကျုပ်ကိုတောင် မူးနေရမလား ဆိုပြီး ကန်သေးတယ်၊ ဒီနေ့ မင်္ဂလာပွဲကိုဖျက်ဖို့ ပြန်လာတာပဲ'

'ဒါပေမယ့် ငါတို့ကတော့ သေလူပါပဲကွာ၊ ငါ့အဖို့ဆိုရင် အသက်သေခံမလား ချစ်သူပဲ အရှုံးခံမလား ဒီနှစ်လမ်းပဲရှိတယ်၊ ငါကတော့ အသေသာခံမယ် အချစ်ကို အရှုံးမခံဘူး'

'ကျုပ်သွားတော့မယ်လေ'
'နေပါဦး....ထိုင်စမ်းပါဦး၊ မတွေ့ဘူးလား၊ ဟိုကအစောင့်တွေ မင်းထတာ မြင်တာနဲ့ သူတို့တွေထကြတာ၊ မင်းကို သတ်ကြမယ် ထင်တယ်'

'မကြောက်ပါဘူးဗျာ'
'အကျိုးမရှိဘဲ အသေမခံပါနဲ့ကွာ'
'အို....တိုက်ရင်းခိုက်ရင်း အသေခံမယ်'
ဤသို့ပြောပြီးလျှင် ကျိန်းရီသည် တကယ့်ဆရာတော်ကြီးကဲ့သို့ ဣန္ဒြေရစွာ ထိုင်နေလေ၏။
စွန်ချန်းက....



'အခုနေခါတော့ ငြိမ်ငြိမ်ထိုင်နေတာ အကောင်းဆုံးပဲ၊ ငါတို့ ခေါင်းဆောင် တိတ်ဝှက်က တစ်ခုခုလုပ်တော့မှ အခြေအနေအရ ကြည့်လုပ်ရတော့မှာပဲ'
ဤသို့ဖြင့် သူတို့နှစ်ယောက် ဆိတ်ငြိမ်စွာ နေကြလေသည်။
မလှမ်းမကမ်းဆီမှကား သာယာညင်းပျောင်းသည့် တူရိယာသံတို့ ကြားနေရသည့်ပြင် ကျောင်းမှ ခေါင်းလောင်းထိုးသံကိုလည်း ကြားနေရ၏။
လူများမှာ များသည်ထက် များလာပြီး မကြာမီအတွင်းတွင် အခန်းတံခါးတစ်ခု ပွင့်လာပြီး မလှမ်းမကမ်းရှိ လမ်းပေါ်၌ လက်ထပ်မည့် သတို့သား သတို့သမီးတို့နှင့်အတူ အခြွေအရံများ လာနေကြသည်ကို တွေ့ရ၏။
မျောက်ပါးစပ်ရှာစားမှာ စောစောစီးစီးပင် လက်ထပ်လို၏။
သူ့ဘေးတွင်ကား အစောင့်များသည် စောင့်ကြည့်နေသော လူစုအား လမ်းရှင်းပေးလျက်ရှိ၏။
နောက်နားဆီမှ တူရိယာသမားများသည် သံစုံတီးမှုတ်လျက် လိုက်ပါလာကြသည်။
ကျောင်းနားသို့ ရောက်လာလျှင် တူရိယာသမားများသည် နှစ်စုခွဲပြီး ကျောင်းတစ်ဖက်တစ်ချက်တွင် ရပ်ကာ တီးမှုတ်နေကြ၏။
လမ်းပေါ်တွင်ကားပန်းများကိုဖြန့်ကြဲထားကာကျင်ကျူးသည် ရောင်ချွန်း၏ လက်မောင်းကိုကိုင်ကာ မျက်နှာ မကြည်မသာနှင့် လာလျက်ရှိ၏။

သူတို့၏နောက်တွင် မျောက်ပါးစပ်ရှာစား လိုက်ပါလာသည်။

ဘုန်းကြီးကျောင်းဝသို့ ရောက်သောအခါ ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်လိုက်၏။

ထိုအခိုက်တွင် တိတ်ဝှက်၏ လှုပ်ရှားမှုကို စတင်တွေ့ရလေသည်။

စွန်ချန်းမှာ စိတ်နှလုံး တုန်လှုပ်စွာဖြင့် လှမ်းမျှော်ကြည့်နေခိုက် လူစုများကြားတွင် လေးကိုမောင်းတင်နေသော လူ သုံးယောက်ကို တွေ့ရသည်။

ထိုလူများသည် လေးကိုမောင်းဖြုတ်လိုက်ပြီး နေရာမှ ထွက်ပြေး ပျောက်ကွယ်သွားကြသည်။

ဤသို့နှင့် တစ်ပြိုင်နက် လူများမှာ ဟစ်အော်ဆူညံ ပြေးလွှား နေကြ၏။

တူရိယာသမားများလည်း အတီးအမှုတ်ကိုတီးရန် ရပ်ဆိုင်းနေကြ၏။

ဘုန်းကြီးများမှာလည်း ကြောက်စိတ်နှင့် ပျာပျာသလဲ ဖြစ်နေကြ၏။

ထိုအခိုက်တွင် မျောက်ပါးစပ်ရှာစားမှာ မြားနီနှစ်ချောင်း စူးဝင်ကာ လဲကျသွားသည်ကို တွေ့ရှိရသည်။

ရောင်ချွန်းမှာ အံ့သြ စိတ်ဆိုးဟန် မျက်နှာထားဖြင့် ရှိပြီး သူ၏ ဘယ်ဘက်လက်မောင်းတွင်လည်း မြားတစ်ချောင်း စူးနေသည်။

သေွးများလည်း ယိုစီးလျက်ရှိ၏။



ခဏလေးအတွင်းတွင် မည်သူမျှမဖမ်းဆီးနိုင်မီ လေးသမားများမှာ ပျောက်ကွယ်သွားကြ၏။

စွန်ချန်းနှင့် ကျိုန်းရီတို့သည် လူများ လန့်ဖျပ်နေကြသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးရန် ကြိုးစားကြသော်လည်း လူအုပ်ကိုမတိုးနိုင်ဘဲ အခက်အခဲတွေ့နေရ၏။

ဤအချိန်တွင် ဘုန်းကြီး တိုင်ရှမ်းသည် စွန်ချန်းအား လက်ညှိုးထိုးကာ ရောင်ချွန်းဘက်လှည့်ပြီး....

‘ဟောဒီမှာ စွန်ချန်းရှိတယ်’

ဟု ပြောလိုက်ရာ ရောင်ချွန်းသည်....

‘ဘယ်မှာလဲဟေ့....ဒီကောင့်ကိုဖမ်းကြ’

ဟု အမိန့်ပေးလိုက်ရာ အစောင့်များသည် စွန်ချန်းအား ဆွဲခေါ်သွားကြတော့သည်။

သို့သော်လည်း ကျိုန်းရီမှာကား သူ့နေရာနှင့်သူ ထိုင်မြဲထိုင်လျက်ရှိ၏။

ရောင်ချွန်းသည် စွန်ချန်းအားကြည့်ကာ....

‘ခွေးကောင် ငါ့အိမ်ကိုခေါ်သွား၊ဒီကောင့်ကို အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းပြီးမှ သတ်မယ်’

စွန်ချန်းက....

‘အို....ဘုန်းကြီးတွေက ကြည့်နေကြတော့ မှာလား၊ ဘုန်းကြီးကျောင်းထဲက လူတစ်ယောက်ကိုသတ်ဖို့ ခေါ်သွားစိုး ရှိသလား’

ဟု ပြောလေရာ လူကြီးတစ်ယောက်က...

‘မင်းက လူသတ်ထားတဲ့ကောင်၊ဒါကြောင့်သတ်ဘာ’

'ဘယ်မှာသတ်လိုလဲ၊ ကျုပ်ဟာ ကျင်ကျူးရဲ့ချစ်သူပဲ၊ မိန်းမတစ်ယောက်ကိုချစ်ရုံနဲ့ လူတစ်ယောက်ဟာအပြစ်ရှိရော့လား'

အချို့လူများမှာ စွန်ချန်းပြောသည်အား သဘောကျကြသည်။

သို့သော်လည်း ကျန်လူများက ယမန်နေ့ညက စွန်ချန်းသည် ရုပ်ဖျက်ပြီး ရောင်ချွန်း၏အိမ်သို့ ရောက်လာပုံကိုပြောဆိုနေကြ၏။

ဘုန်းကြီးတိုင်ရှမ်းကတင်ဖန် ကျိန်းရီအား လက်ညှိုးထိုးပြပြန်သဖြင့် ကျိန်းရီလည်း အဖမ်းခံရလေသည်။

လူအုပ်ထဲမှ တချို့လူများမှာ စွန်ချန်းတို့အားဖမ်းမည့် အစောင့်တို့အား တိုက်ခိုက်ကြ၏။

လူကြီးတစ်ယောက်က....

'ဒီကောင့်ရဲ့ကိုယ်ထဲမှာရှာကြည့်စမ်း၊ လက်နက်ပါရင်တော့ တရားခံတွေပဲ'

စွန်ချန်း၏ကိုယ်ထဲတွင် ဟန်တီ၏သွေးများ ပေကျံနေသော ဓားမြှောင်ကို တွေ့ရလေသည်။

ကျိန်းရီ၏ ကိုယ်ထဲတွင်လည်း မြားနီများကိုတွေ့ရသဖြင့် လူကြီးက စွန်ချန်းအားကြည့်ကာ....

'ကိုင်း....မင်း ဘာပြောချင်သေးလဲ'

'ကျွန်တော် မြင့်မြတ်တဲ့ ဘုရားကျောင်းထဲမှာ ထိုင်နေတာပါ၊ ခင်ဗျားကိုကြည့်ရတာ သဘောထားကြီးကြီးနဲ့ မြင့်မြတ်တဲ့ လူတစ်ဦးလို့ ယူဆပါတယ်'



'ခင်ဗျားဖမ်းမယ်ဆိုရင် ကျွန်တော်ခံမယ်၊ ရောင်ချွန်းဆိုတာကတော့ ကျွန်တော့်အဖေကိုသတ်ပြီး ကျွန်တော့်ပစ္စည်းကို မတရား သိမ်းထားတဲ့လူပဲ၊ သူ့ဆီကိုတော့ မလိုက်နိုင်ဘူး၊ တရားဥပဒေအတိုင်း စီရင်တာကိုတော့ ကျွန်တော် နာခံမယ်'

ရောင်ချွန်းက ထိုလူကြီးအား....

'သူပြောတာတွေ မယုံပါနဲ့ဗျာ၊ သူ့လက်ထဲမှာ ဓားကို တွေ့နေပြီပဲ'

ဤသို့ ပြောနေကြခိုက် စောစောကြောက်လန့်ပြီး မေ့မြောသွားသော ကျင်ကျူးမှာ သတိပြန်လည်လာပြီး လူကြီး၏ အနားတွင်ရပ်ကာ....

'မိုးမခရွာစားကြီးရယ် ကျွန်မကို ရောင်ချွန်းကဖမ်းထားပြီး အမျိုးမျိုးနှိပ်စက်ခဲ့ပါတယ်၊ မနေ့ညက စွန်ချန်းလာတယ်ဆိုတာလဲ ကျွန်မက ခေါ်လိုက်တာပါ၊ ရောင်ချွန်းနဲ့အတူနေကြတုန်းက စွန်ချန်းဟာ မြားနီဂိုဏ်းသားတွေကို သစ္စာရှိစွာနဲ့ တိုက်ခိုက်ခဲ့ပါတယ်။

'ဒါပေမယ့် ရောင်ချွန်းက သူ့ကိုသတ်မယ်လုပ်တာနဲ့ထွက်ပြေးရပြီး မြားနီဂိုဏ်းထဲ ရောက်သွားတာပါ'

ဤသို့ပြောနေကြစဉ် ယမန်နေ့ညက စွန်ချန်းနှင့်ကျင်ကျူးတို့ တွေ့နေခိုက် အနားတွင်ရှိသောမိန်းမငယ်လည်း ရောက်လာပြီး မိုးမခရွာစားအား....

'ဦးလေး....သူတို့ပြောတာတွေ မှန်ပါတယ်၊ ကျွန်မဟာ စွန်ချန်းကိုအိမ်ထဲခေါ်ပေးတဲ့ မိန်းမပါပဲ'

မိုးမခရွာစားသည် တူမလုပ်သူပြောသောစကားကို ဆိတ်ငြိမ်စွာ နားထောင်နေပြီး ရောင်ချွန်းအား....

'အမှုက တော်တော်ရှုပ်ထွေးတယ်၊ ကျုပ်ကိုယ်တိုင် ဒီကိစ္စကို စစ်ဆေးမှ ဖြစ်မှာပဲ၊ တရားလမ်းမှန်အတိုင်းတော့ ဖြစ်ရမှာပါ'

ဟု ပြောလေ၏။

မကြာမီအတွင်း မိုးမခရွာစားသည် စွန်ချန်းနှင့် ကျိုန်းရှိအား ခေါ်ဆောင်ကာ ထွက်သွားလေသည်။

ရောင်ချွန်းမှာကား သူ့ထက် တန်ခိုးကြီးသူ မိုးမခရွာစား၏ အပြုအမူကို မဟတ်သာ၍အောင့်ခံနေရသည့်မျက်နှာထားနှင့် ကျန်ရစ်ခဲ့၏။

( ၂၁ )

## လှေသမားများ၏ရန်ကြွင်း

မျောက်ပါးစပ်ရွာလေးရှိ မြို့စား လီ ဘက်မှ မိုးမခရွာစားမှာ တန်ခိုးအကြီးဆုံးဖြစ်သော်လည်း သူ ခေတ္တ နေထိုင်ရာ အိမ်မှာကား မြို့စွန်တွင်ရှိနေ၍ မခမ်းနားလှပေ။

အိမ်ဝင်းထဲတွင် ကင်းစောင့်များနှင့် မြင်းသည်ကျော်များ ရှိ၏။

စွန်ချန်းနှင့် ကျိုန်းရှိတို့မှာ အခန်းတစ်ခုထဲတွင်ချုပ်နှောင်ထားခြင်းကို ခံရ၏။

ကျိုန်းရှိက....

‘ခင်ဗျား စကားပြော ကောင်းပေလို့သာ ဒီလို တရားမျှတတဲ့လူလက်ထဲရောက်လာတာပဲ၊ ပြီးရင်တော့ ခင်ဗျားနဲ့ ကျုပ် အတူတူ ဆွဲကြိုးချ အသတ်ခံရမှာပဲ’

‘ဟုတ်တယ်....တစ်ခုတော့ မျှော်လင့်ချက်ရှိပါသေးတယ်၊ တိတ်ဝှက်ကတော့ ကြည့်နေမှာမဟုတ်ပါဘူး၊ သူက ခင်ဗျားကို တော်တော်ချစ်တယ်၊ ခင်ဗျားကို မလွတ် လွတ်အောင် ကြိုးစားမှာပဲ’

‘သူလဲ ကင်းနိုင်မယ်မထင်ပါဘူးကွာ၊ သူ့မှာ အင်အားမှ မရှိတော့ဘဲ၊ မနက်ဖြန်နေ့လယ်မတိုင်မီ ငါတို့လွတ်ရင်တော့ ဟန်ကျတာပဲ၊ ဒါပေမယ့် မလွယ်ပါဘူး’

ထိုသို့ စကားပြောကြားပြီးနောက် စွန်ချန်းသည် စဉ်းစားတွေးတောရင်း ကောင့်တစ်ထောင့်သို့သွားပြီး နှစ်ခြိုက်စွာ အိပ်လိုက်သည်။

အချိန်မှာ မွန်းလွဲချိန်ဖြစ်ကာ မကြာမီ တံခါး ပွင့်လာပြီး စွန်ချန်းအား မိုးမခရွာစားကြီးထံ ခေါ်သွားခြင်းကို ခံရသည်။

မိုးမခရွာစားသည် စွန်ချန်းအား ကြည့်ပြီး....

‘မင်းအဖေဟာ ငါနဲ့အတော်ခင်တယ်၊ ဒါပေမယ့် မင်းအပေါ်မှာ စွပ်စွဲချက်တွေက အများကြီး လူသတ်မှုတွေရော၊ ဓားပြမှုတွေ၊ လှေခိုးမှုတွေရော၊ နောက်ပြီး ရောင်ချန်းနဲ့ အိမ်က လူသတ်မှုဖြစ်တာရော’

‘ဟုတ်ပါတယ် ကျွန်တော်မငြင်းပါဘူး၊ ဟန်တီကိုသတ်ရတာက သူ့အိတ်ထဲမှာ ဟောဒီစာကိုတွေ့ရလို့ပါ’



ဟု ပြောကာ ရန်ကျင့်ဖေထံ မျောက်ပါးစပ် မြို့စားက ပေးသည့်စာကို ထုတ်ပြလိုက်၏။

မိုးမခရွာစားသည် စာကိုအကြိမ်ကြိမ်ဖတ်ကာ....

‘မင်း လီမြို့စားဘက်ကလား၊ မြို့စား တန် ဘက်ကလား’

‘အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ကျွန်တော်က တန် ဘက်ကပါ’

‘တန်ဘက်ကဆိုရင် မင်း ဘာလို့ ဒီစာကို ထုတ်ပြသလဲ’

‘ခင်ဗျားတို့ဘက်က သစ္စာဖောက်တွေရှိတယ်ဆိုတာထုတ်ပြတာပဲ’

‘အေး... အေး၊ ကောင်းတယ်...ကောင်းတယ်၊ ငါကြားသလောက်ကတော့ ရောင်ချန်းဟာ မင်းအပေါ်မှာ တော်တော် ရက်စက်တယ်ကြားတယ်၊ ငါ့လူစုရဲ့ အကျိုးတွက် ရောင်ချန်းအကြောင်း ငါ့ကို ပြောပြစမ်း’

‘ရောင်ချန်းလိုလူကို ခင်ဗျား ယုံမလား၊ ဒီလူက ဘက်အမျိုးမျိုး ပြောင်းနေတဲ့လူ’

‘အေးကွာ....တရုတ်ပြည်မှာတော့ ခုချိန်မှာ ဒါမျိုးတွေချည်း ပါပဲ၊ ဒါပေမယ့် ရောင်ချန်းဟာ ငါတို့မြို့စား လီ ဘက်မှာတော့ ခုထိ သစ္စာရှိနေပါတယ်’

‘ဒါဖြင့် ဒီစာကို ဖတ်ကြည့်ပါဦး’

ဟု ပြောကာ မိုးမခရွာစားအား စွန်ချန်းသည် ရောင်ချန်းအား ရန်ကျင့်ဖေထံသို့ ကျူးစီရှာမှတစ်ဆင့် ပေးလိုက်သော စာကို ထုတ်ပြလိုက်လေ၏။

မိုးမခရွာစားသည် စာကိုဖတ်ပြီး အလွန်အမင်း ဒေါသထွက်နေကာ ဓားမြှောင်ကို လက်တစ်ဖက်က ဆုပ်ရင်း....

'မင်းကော ဒီစာကို ဖတ်ရသလား'

'ဖတ်ရပါတယ်၊ စာထဲမှာ ရောင်ချွန်းဟာ လ° မြို့စားဘက်တွေနဲ့ ဇော့စပ်တဲ့နေရာမှာ ခင်ဗျားပိုင်တဲ့နယ်ကိုတောင် လ° မြို့စားဘက်ကို အပ်မယ်လို့ ရေးထားတာ'

'အေး....ငါ့နယ်ကိုတောင် မြို့စားလ° ဘက်ကို ပေးမလို့တဲ့၊ ဒီစာရတဲ့အတွက် မင်းကို ငါ ကျေးဇူးတင်ပါတယ်၊ ဒီတော့ မင်းကို အပြစ်ချမ်းသာခွင့်ပေးမယ်၊ ဒါပေမယ့် ဟိုကောင်တစ်ကောင်ကိုတော့ ငါ သတ်ရလိမ့်မယ်'

'ဒီလူကိုလဲ အသက် ချမ်းသာခွင့် ပေးဖို့ ကျွန်တော်တောင်းပန်ချင်ပါတယ်'

'ဟာ....ဒီကောင်က သူခိုး ဓားပြ လူဆိုးပဲကွ၊ ငါမသတ်ရင်လဲ တစ်နေ့နေ့မှာ သူ့အပြစ်နဲ့သူ သေရမှာပဲ'

'ဒီကို သူ လိုက်လာတာက ကျွန်တော့်ကို ကူညီဖို့ပါ၊ အဲဒီတော့ ကျွန်တော်တစ်ယောက်တည်း ထွက်သွားရမယ်ဆိုတော့ မတရားပါဘူး ခင်ဗျာ'

'ကိုင်းကွာ....ရှိပါစေတော့၊ မင်းရော မင်းလူရော သွားကြတာပေါ့၊ ဒါပေမယ့် မျောက်ပါးစပ်မှာတော့ မနေရဘူး'

'ကောင်းပါပြီ၊ တစ်နေ့နေ့မှာ ကျွန်တော် ရွာစားကြီးကျေးဇူးကို ပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်ခင်ဗျာ'



သို့နှင့် မိုးမခရွာစားသည် သူတို့နှစ်ဦးအား ချုပ်နှောင်ရာမှ လွှတ်ပေးလိုက်လေသည်။

အချိန်မှာ ညနေခင်းအချိန်ဖြစ်လေသည်။ အမှောင်ဘက်ပင် လှနေပြီ ဖြစ်၏။

စွန့်ချွန်းနှင့် ကျွန်းရီတို့မှာလည်း မိုးမခရွာစားက လွှတ်လိုက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ထိုနေရာမှ အမြန်ဆုံးထွက်ခွာကြရန် ပြင်ဆင်ကြရတော့သည်။

ခုနေ သူတို့ ရိုးရိုးလမ်းမှ ပြန်ထွက်သွားကြလျှင် ရောင်ချွန်း၏ လူများက လမ်းခုလတ်မှ ဖမ်းဆီးသွားနိုင်သည်ကို တွေးမိကြသည်။

ထို့ကြောင့် ညအမှောင်ရိပ်ကိုခိုကာ သည့်ရွာမှ ထွက်မည်ဟု ဆုံးဖြတ်လျက် အမှောင်ထုအား ငံ့လင့်စောင့်နေကြတော့သည်။

အမှောင်ထုကား တဖြည်းဖြည်း လောကကြီးအား ဝါးမျိုလာလျက်ရှိလေသည်။

သို့ဖြင့် သူတို့နှစ်ဦးသည် ရွာစွန်ရှိ တဲကြီးတစ်လုံးထဲသို့ဝင်ကာ ကောက်ရိုးများကြားထဲ၌ ပုန်းအောင်းနေ၏။

မကြာမီအတွင်း နေ့မှ ညဘက်သို့ ကူးပြောင်းလာပြီးလျှင် ကောင်းကင်မှလာခင်းသည် ဆီးနှင်းမြူတိမ်များ ကြား၌ ဝပ်မှုန်မှုန် မလင်းတလင်း သာလျက်ရှိနေ၏။

စွန့်ချွန်းတို့သည် တဲကြီးထဲမှ ထွက်ခွာလျက် မြစ်ဆိပ်ရှိ တည်းခိုနေကျ အရက်ဆိုင်သို့ သွားရန် သင့်ပြီဟု ယူဆကြသည့်အတိုင်း ထွက်လာခဲ့ကြ၏။

သို့သော်လည်း ရွာတွင်းမှ ဖြတ်သွားရန် မဝံ့သောကြောင့် ရွာစွန်ကိုပတ်ပြီး ထွက်ခဲ့ကြလေသည်။

မကြာမီအတွင်း မြစ်ဆိပ်သို့ ရောက်လာရာ လှေများမှာ ရာသီဥတု သာယာသောကြောင့် ကျော်ဖြတ်ပြီး ထွက်ခွာစပြု နေကြလေသည်။

မြစ်ဆိပ်ရှိ အရက်ဆိုင်ကား သီချင်းသံတကြော်ကြော်ဖြင့် ဆူညံလျက်ရှိပေသည်။

စွန်ချန်းနှင့် ကျိန်းရီတို့သည် ဘုန်းကြီး အဝတ်အစား ဖိုသီဖတ်သီနှင့် အစမသိမ်းနိုင်ဘဲ မြစ်ဆိပ်ရှိ သစ်လုံးများ ပုံထားသည့်နေရာသို့ အပြေးကလေး ရောက်လာကြလေသည်။

ထိုအခိုက်တွင် အနီးအနားရှိ အရက်ဆိုင်တစ်ခုမှ တံခါး ပွင့်လာပြီး မီးရောင်တစ်ခု ထိုးထွက်လာကာ စကားပြောသံ များကို ကြားရ၏။

လူသုံးယောက် ဆိုင်ထဲမှထွက်လာပြီး နောက်ဆုံးလူသည် တံခါးကို ပြန်ပိတ်ထား၏။

သုံးဦးစလုံးပင် အလွန်အကျွံမူးနေဟန်ဖြင့် ယိမ်းထိုး နေကြပြီး သူတို့ထဲတွင် အထွားကျိုင်းဆုံး လူကြီးကစ်ဦးက စတင်ပြီး မကျေမချမ်း ပြောလေသည်။

'ကျုပ်မှာ အရှေ့ရွာဆိုတဲ့ လှေတစ်စင်း အခိုးခံရဖူးတယ် ဗျ၊ ဒီခွေးမဲသား လှေသူခိုးတွေ တော်တော်သောင်းကျန်း နေတယ်'

'ဟား....ဟား.... ဟား.... ကျုပ်လဲ ခင်ဗျားလိုပါပဲဗျာ၊ သို့ ကျုပ်ရဲ့ မျှော်လင့်မှုဆိုတဲ့လှေကြီး အလုခံလိုက်ရတယ်၊



နှမြောတယ်ဗျာ၊ ခုနေများ အဲဒီလှေသူခိုးတွေ တွေ့လိုက တော့ အစိမ်းလိုက် ဝါးစားပစ်လိုက်ချင်တယ်....ဟင်း'

စွန်ချန်းသည် ရှေ့မှလူတို့၏ စကားများကို သဲ့သဲ့ကြား လိုက်ရရာ တုန်လှုပ်ချောက်ချားသွားမိ၏။

ထို့ကြောင့် သူတို့နှစ်ဦးမှာ တစ်ဖက်သို့ လှည့်ထွက်ပြီး သမ်းခွဲမည်ပြုလိုက်ရာ....

'ဟေ့ လူတွေ....ငွေစ နည်းနည်းပါးပါး မပါကြဘူးလား၊ ပါရင် ချေးခဲ့ကြစမ်းပါဗျာ'

ဟု နောက်မှ လှမ်းအော်ပြောနေလေသည်။

စွန်ချန်းရော ကျိန်းရီပါ သူတို့၏ အသံများကို မှတ်မိ မည်စိုးသောကြောင့် ပြန်မပြောဘဲ တိတ်ဆိတ်စွာ နေလိုက် ၏။

'ဟေ့ ကောင်တွေ၊ မင်းတို့ နားပင်းနေကြလားကွ၊ အတော် ရိုင်းတဲ့ ကောင်တွေ....ဟင်း'

ငြိမ်သက်စွာ နေကာမှ ပို၍ ဆိုးရွားလာမည့် အခြေအနေ ဖြစ်ပေါ်လာလေသည်။

သည်တွင် လှေဦးစီး ကွေ့အိုက်လင်၏ တပည့်တစ်ဦးဖြစ်သူ လှေသမားက သူတို့အား မသင်္ကာဖြစ်လာပြီး ပခုံးကို လှမ်း ဖက်လာ၍ မေးမြန်းလေသည်။

'ခင်ဗျားတို့က ဘာကြောင့် စကားပြန်မပြောရတာလဲ'

ဤတွင် စွန်ချန်းတို့နှစ်ဦးမှာ စကားလှည့်မပြောတော့ဘဲ ထိုလူလက်မှ ရုန်းထွက်ကာ ထွက်ပြေးကြလေတော့သည်။

သို့သော် သူတို့ ကြာကြာမပြေးနိုင်ကြချေ။

'လှေသမားတို့က အမောအပန်း အကြမ်းခံနိုင်ကြသူများ ဖြစ်သည်။

စွန်ချန်းအား လှေဦးစီး ကွေ့အိုက်လင်က လက်ကို ဖမ်းဆွဲထား၏။ သူ့တပည့်လှေသားက ခြေထောက်အား ဖက်ထားသည်

ကျန်လူထွားကြီးက ဓားကိုထုတ်ပြီး စွန်ချန်းရင်ဘတ်အား ထောက်ထားလေသည်။

စွန်ချန်းမှာကား ရောင်ချွန်းတို့ လူစုလက်မှလွတ်ပြီး လှေသမားတို့၏လက်ချက်ဖြင့် အသက်ပျောက်ရမလို ဖြစ်နေရလေသည်။

'ဒီကောင့်ကို အရက်ဆိုင်ပြန်ခေါ်ခဲ့၊ မျက်နှာကို သေသေချာချာကြည့်ပြီး မေးမြန်းစစ်ဆေးရမယ်၊ ဒီကောင် လှေသူခိုးဖြစ်နိုင်တယ်'

လှေဦးစီး၏တပည့် လှေသားက စွန်ချန်း၏ကိုယ်ကို စမ်းသပ် ရှာဖွေနေသည်။

သို့သော် မည်သည့် ငွေသား ခြူးတစ်ပြားမှ မတွေ့ရသဖြင့်....

'အလကားကောင်တွေ'

ဟု ပြောပြီး ဆောင့်တွန်းလိုက်ရာ စွန်ချန်းက လက်နှင့်ကာဆီးလိုက်ရာ စွန်ချန်း၏လက်မှ လင်ဟုတ်အနှိုး ပေးထားသော လက်စွပ်ကို သတိပြုမိသွားလေသည်။

'ဟား...ဟား....ပေးစမ်း....အဲဒီလက်စွပ်'



စွန်ချန်းထံမှ လှေသမားက လက်စွပ်ကို ဖြုတ်ယူလိုက်သည်။

ကွေ့အိုက်လင်ကလည်း လရောင်နှင့် စွန်ချန်း၏ မျက်နှာကို မြင်လိုက်ပြီး ရင်ဘတ်ကိုဆောင့်ဆွဲကာ သေချာစွာ ကြည့်ရှုသည်။

'ဟာ....ဒီကောင် ငါ့လှေကိုခိုးတဲ့ လှေသူခိုးပဲကွ၊ ဟေ့ကောင် မင်း ငါ့လှေကို ဘယ်မှာ ထားခဲ့သလဲ၊ ပြောစမ်း.... ဒီကောင့်ကို ကြိုးနဲ့တုပ်စမ်းဟေ့'

စွန်ချန်းမှာ တစ်ကိုယ်လုံး ကြိုးနှင့်အတုပ်ခံရကာ မလှုပ်နိုင်အောင် ဖြစ်နေရတော့သည်။

လှေသမားများက ကျယ်လောင်စွာ ရယ်မောလိုက်ကြပြီး ဝိုင်းဝန်းရိုက်နှက်ကြကုန်သည်။

စွန်ချန်းက သည်းအတိုင်း ရိုက်နှက် ကန်ကျောက်ခြင်းကို ခံနေကာ သေဖွယ်ရာပင်ရှိတော့မည်ဟု တွေးလျက် ပရိယာယ်ဆင်ပြီး ပြောလိုက်သည်။

'ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ၊ ကျုပ်ကို ဒီလိုလုပ်နေလို့ ဘာအကျိုးရှိမှာလဲ'

'ဟေ့ကောင်....သောက်စကားမများနဲ့'

'ခင်ဗျားလှေ မျှော်လင့်မှုကို ခိုးတုန်းက ကျုပ်တို့မှာ လူတွေအများကြီးဗျ၊ အဲဒီလူတွေဟာ ခု ချမ်းသာနေကြပြီ၊ သူတို့တိုက်လို့ခိုက်လို့ရတဲ့ ပစ္စည်းတွေကို ဘယ်မှာထားတယ်ဆိုတာ ကျုပ်သိတယ်၊ အဲဒီ နေရာကို ကျုပ် ပြပေးနိုင်တယ်၊

ကျုပ်ကို ကြိုးဖြေပေးပါ၊ အေးလဲ အေးလှပြီ၊ ဆာလဲဆာလှပြီဗျ'

စွန်ချန်း ခပ်တည်တည်နှင့် လှေသမားတို့အား လှမ်းမေးလိုက်သည်။

'ဒီကောင် တို့ကို ညာနေတာပါ၊ ဒါပေမယ့် မင်းဘယ်လို ပြောဦးမယ်ဆိုတာ တို့ နားထောင်ချင်ပါသေးတယ်'

'အေးကွ....အရက်သော က်ရင်း သူပြောတာ နားထောင်ကြဦးစို့လား'

'ဟာ....မဖြစ်ပါဘူး၊ ကျုပ်တို့မူးနေတုန်း ဒီကောင်ထင်ရာ လျှောက်လုပ်နေရင် ဘယ့်နှယ်လုပ်မှာလဲ'

'ကိစ္စမရှိပါဘူး၊ ကြိုးဖြေပေးလိုက်ပါ၊ ခြေထောက်ကိုပဲ ဖြေ၊ လက်ကို မဖြေနဲ့'

ခြေထောက်မှ ကြိုးကိုဖြေပြီးသောအခါ စွန်ချန်းနှင့် လှေသမားများသည် ထိုနေရာမှ ထွက်ခွာသွားကြလေ၏။

နောက်ဆုံးတွင် စွန်ချန်းမှာ လမ်းလျှောက်ရင်း လက်တွင် ချည်ထားသော ကြိုးများကို မသိအောင် ဖြေပစ်လိုက်၏။

ကြိုးများမှာ အရက်မူးမူးနှင့်ချည်ထားသဖြင့် စွဲစွဲမြဲမြဲမရှိသောကြောင့် ဖြေရန် မခက်လှပေ။

မကြာမီအတွင်း သူတို့သည် အရက်ဆိုင်တစ်ခုသို့ ရောက်လာကြ၏။

သူတို့ထိုင်နေသော စားပွဲမှာ အရက်စည်များ ပေါ်တွင် ပျဉ်ပြားများ ခင်းထားခြင်းမျှသာဖြစ်၍ အရက် သောက်နေစဉ် တိတ်ဝှက်ဆိုသူ လှေသမားက စွန်ချန်းအား....



'မင်းတို့တိုက်လို့ရတယ်ဆိုတဲ့ ပစ္စည်းတွေ ဘယ်မှာ ရှိတယ် ဆိုတာ ပြောပြ၊ မင်းကို ငါလွှတ်ပေးမယ်'

စွန်ချန်းသည် ယုတ္တိရှိရှိနှင့် မှင်သေသော ထွေရာသေးပါး စကားများကို ကြံဖန်၍ လုပ်ဇာတ်ခင်း၍ နေလေသည်။

သူပြောပြသမျှထဲတွင် ပစ္စည်းဥစ္စာများ မည်မျှ ပေါများ သည်ကို ချဲ့ထွင်ပြီး ပြောသည်။

နားထောင်သူများမှာ စိတ်ပါဝင်စားစွာ နားထောင် လျက် ရှိသည်။

အရက်ခွက်ကိုလည်း မော့ချင်တိုင်း မော့နေကြလေ၏။

နောက်ဆုံးတွင် ကွေ့အိုက်လင်မှာ ခေါင်း ငိုက်စိုက် ကျအောင် မူးနေလေတော့သည်။

တိတ်ဝှက်က....

'ဒါဖြင့် မင်း မျှော်လင့်မှု လှေကိုခိုးတဲ့ထဲမှာ ပါတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်....ပါတယ်၊ အလိုမတူဘဲနဲ့ ပါရတာပဲ၊ ဒါပေမယ့် ဝေစုအဖြစ် ရွှေဒင်္ဂါး နှစ်အိတ် ရထားတယ်၊ ကျုပ်တို့လေးယောက် နက်ဖြန်ခါမနက် သစ်တောထဲသွားပြီး ရွှေတွေကို ခွဲယူကြတာပေါ့'

'မင်းပြောတဲ့ ရွှေတွေရှိတဲ့မြေတွင်းက ဘယ်နားမှာလဲ၊ အခြားဘယ်သူတွေ သိသေးလဲ'

'ဘယ်သူမှ မသိပါဘူး၊ ကျုပ်တို့ဂိုဏ်းထဲက လူကြီး သုံးယောက်ပဲ သိတယ်၊ နေရာကို ကျုပ်ပြပေးမှာပေါ့'

စွန်ချန်းသည် လှေသားများအား လင်ဟုတ်အန်း ပေးထားသော လက်စွပ်ကို သူ့လက်မှ ချွတ်ယူလားသဖြင့် ကွေ့အိုက်လင်အား....

'ခင်ဗျား ကျွန်တော့်ဆီက ချွတ်ယူထားတဲ့ လက်စွပ်ကို ပြပါ၊ တောတွင်းမှာ ရှိတယ်လို့ ကျုပ်ပြောတဲ့ ရွှေတွေက အဲဒီ လက်စွပ်တက်တောင် အရည်အသွေး ကောင်းသေးတယ်'

ဤသို့ ပြောနေခိုက် ကွေ့အိုက်လင်သည် လက်စွပ်ကိုမြှ၍ နေသည်။

စွန်ချန်းသည် ပေါ်လာသော အခွင့်အရေးကို အသုံးချသူ ဖြစ်သည့်အတိုင်း လက်စွပ်ကို လက်မှဆွဲလိုက်ပြီး ရုတ်တရက် နေရာမှ ထလိုက်ကာ စားပွဲအဖြစ် ခင်းထားသော ပျဉ်ပြားကို လှေသားများပေါ်သို့ ကန်ချလိုက်လေသည်။

ထို့နောက် ၎င်းနေရာမှ တစ်ချိုးတည်း ထွက်ပြေးခဲ့သည်။ လသည် ထိန်လင်းနေအောင်သာလျက်ရှိသဖြင့် မြစ်ဆိပ် တစ်ခုလုံး နေ့ခင်းကဲ့သို့ ဖြစ်နေသည်။

လှေသမားတို့ အောင်ဟစ်ပြီး လိုက်ကြရာ မကြာမီ လှေဆိပ်မှ လူအများပင် စွန်ချန်း၏နောက်သို့ အပြေးလိုက်လျက်ရှိကြသည်။

သို့သော်လည်း လှေသမားများမှာ ကုန်းပေါ်တွင် အပြေး ကောင်းသူများ မဟုတ်ရကား မီအောင် မလိုက်နိုင်ကြပေ။ တစ်ဦးနှင့်တစ်ဦး တိုက်၍လဲသူလဲ ကွဲသူကွဲ ဖြစ်နေကြသည်။



လူများ၏ ဆူညံသံကို ကြားရသဖြင့် ကင်းစောင့်နေသော ဓားသမားတို့ ထွက်လာရာ စွန်ချန်းနှင့် တည့်တည့်ကြီး တိုးလေသည်။

သို့ဖြင့် ထောင့်တစ်ထောင့်တွင် တံခါးပွင့်နေသော အိမ်တစ်အိမ်ကို မြင်ရသောကြောင့် အမှောင်ရိပ်တွင် ဝင်၍ ကပ်လိုက်သည်။

စွန်ချန်းအား လိုက်သူများမှာ သူ့အား ဖြတ်ကျော်၍ ပြေးကြသည်။

သူတို့အချင်းချင်းမှာလည်း စကားများသူများ၊ ရန်ဖြစ်သူ ဖြစ်နှင့် ရှိနေကြသည်။

နောက်များမကြာမီ လိုက်သူများ ပြန်လာကြပြီး....

သူတို့လိုက်သူမှာ မည်သူမည်ဝါမှန်းပင် မသိကြချေ။

နောက်တစ်နေ့နံနက်တွင် မျောက်ပါးစပ်ရွာဝယ် သတင်း အမျိုးမျိုး ထွက်နေသည်။

မြစ်ဆိပ်ဝယ် တစ္ဆေခြောက်နေသလိုလို ပြောနေကြသည်။

ညတစ်ညလုံးတွင် စွန်ချန်းသည် ပုန်းအောင်း နေရာ၌ အိပ်ရလေသည်။

နောက်ဆုံးတွင် ဟည်းခိုရာ အရက်ဆိုင်သို့ ရောက်ရှိ သွားတော့သည်။

( ၃၃ )

## တိမ်ရှင်း၏ အတိတ်မှလျှို့ဝှက်မှု

အရက်ဆိုင်၌ ကျိန်းရီနှင့်အတူ မြားနီဂိုဏ်းခေါင်းဆောင် တိတ်ဝှက်တို့က သူမအား ကြိုဆိုလျက်ရှိသည်ကို စွန်ချန်းမှာ ဝမ်းသာအားရ တွေ့ရှိရလေသည်။

'ဟား....ဟား....ဟား....ကျွန်တော်မပြောဘူးလား ဆရာ ရှဲ၊ ဒီစွန်ချန်းဆိုတဲ့လူဟာ ဖြစ်တဲ့နည်းနဲ့ ဒီဆိုင်ကို ပြန်ရောက် လာမယ်ဆိုတာ....'

'ငါလဲ မယုံဘူးလို့မှ မပြောဘဲ ကျိန်းရီရဲ့၊ ပေကျီချန်းရဲ့ သား စွန်ချန်းဟာ သူ့အဖေလိုပဲ ရဲရဲတောက် သတ္တိရှိတယ် ဆိုတာ ငါသိထားပါတယ်ကွ'

ခေါင်းဆောင်ကြီးတိတ်ဝှက်က စွန့်ချန်းအား ဖက်လှဲတကင်း အီးကြိုနှုတ်ဆက်၏။

ကျိန်းရီကလည်း သူ၏ ထုံးစံအတိုင်း ဟဝါးဝါးကဟားဟားနှင့် စွန့်ချန်းအား နောက်ပြောင် ကျီစယ်လေသည်။

'အင်း....တို့ကတော့ မင်းကို လေ့သမားတွေ ရေတိမ်မှာ နစ်သတ်ပြီလို့ ထင်နေတယ်ကွ၊ ဟား....ဟား....ဟား'

စွန်းချန်း ရေမကူးတတ်မှန်းသိ၍ ကျိန်းရီက ထိုသို့ နောက်ပြောင်လိုက်ခြင်း ဖြစ်သည်။

စွန်းချန်းကလည်း သူနှင့် လေ့သမားတို့၏ စကားစစ်ထိုးပွဲအကြောင်း အသေးစိတ် ပြောပြလိုက်လေသည်။

ခေါင်းဆောင်ကြီးတိတ်ဝှက်က ခေါင်းကညိတ်ညိတ်နှင့် နားထောင်နေ၏။

ကျိန်းရီကတော့မူ....

'မင်းက လန့်ကြုတ်ဇာတ်လမ်းတွေ ဘာတွေ ခင်းတတ်သွားပဲကွ၊ မိုးမခရွာစားကိုလဲ မင်းကျအောင် ပြောနိုင်လို့ ငါတို့လွတ်လာရတာ၊ နောက်ဖြင့်ဆိုဟို....ခွေးမသားကြီး ရောင်ချန်းရဲ့ နှိပ်စက်မှုနဲ့ ငါတို့သေနေရတာကြာပြီ၊ ဟီး....ဟီး'

တိတ်ဝှက်က ရောင်ချန်းနာမည်ပါလာသဖြင့် အံကိုကြိတ်လိုက်ရင်း မကျေမချမ်းနှင့် ဝင်ပြောလေသည်။

'တောက်....ဒီကောင့်ကို ငါနှလုံးသား တည့်တည့်ကို ချိန်ရွယ်ပြီး အသေဆော်ထည့်လိုက်တာကွ၊ သူကံကောင်းချင်တော့ ကိုယ်ကို လှည့်လိုက်တာနဲ့ သွားဆုံတာ၊ ဒါကြောင့် လက်မောင်းပဲ ထိသွားတယ် ဟင်း'



စွန့်ချန်းက တိတ်ဝှက်၏ မျက်နှာအား အံ့ဩစွာကြည့်ပြီးရင်း....

'အင်း....ဆရာကတော့ ဒီလူကို ထံ ရောင်ချန်းကြီးကို အသေရရ အရှင်ရရပဲနော်'

'ဟ....ဒီလို လူယုတ်မာကြီး လူ့ပြည်မှာရှိနေသရွေ့ ခုနစ်ရက် သားသမီးတွေကို ဒုက္ခပေးနေဦးမှာပဲ၊ ဒါကြောင့် ငါက သူ့ကို ဘဝပြောင်းပေးဖို့ စောင့်နေရတာလေ၊ သူသေမှ ငါလဲ ဒီဝရမ်းပြေးဘဝက ကျွတ်လွတ်နိုင်တော့မှာ'

'ဆရာကရော အဲဒီ ရောင်ချန်းကြီးနဲ့ ဘယ်လို ရန်ကြွေးတွေများ ရှိခဲ့ဖူးလို့လဲ၊ ကျွန်တော်တို့ကို ပြောပြပါလားခင်ဗျာ'

စွန့်ချန်းက သူ့ဆရာ၏ အတိတ်မှ ဇာတ်လမ်းကို ကြားသိလိုသဖြင့် ပွဲတောင်းလိုက်လေသည်။

'ဟုတ်တယ်....ဆရာ၊ ဆရာရဲ့ လက်စားချေလိုတဲ့စိတ်ကို ကျွန်တော်တို့ တွေ့မြင်နေရတယ်၊ အဲဒါ ဘာကြောင့်လဲ သိပါရစေ ဆရာရယ်၊ ဒါမှလဲ ဒီငရဲကြီးကို တစ်နေ့ သတ်ခွင့်ကြုံလာရင် အရသာရှိရှိ သတ်ရတာပေါ့'

ကျိန်းရီကလည်း ဝင်ရောက် ထောက်ခံပြန်သဖြင့် ဆရာကြီး တိတ်ဝှက်က သက်ပြင်းကို ချလိုက်၏။

အံကိုလည်း မေးကြောကြီးများ ထောင်လာသည်ထိ ကြိတ်လိုက်သည်။

မျက်လုံးအစုံ၌မူ အတိတ်မှ နာကြည်းမှုများ၊ ကြေကွဲမှုများ ဒေါသများက တရိပ်ရိပ် ထင်ဟပ်လာနေကြသည်အား သူတို့ တွေ့ရှိရလေသည်။

ခေါင်းဆောင်ကြီးတိတ်ဝှက်က ခွက်ထဲရှိ အရက်လက်ကျန်ကို မော့ချလိုက်ပြီး သူ၏ အတိတ် စာမျက်နှာဟောင်းအား ပြန်၍ လှန်လိုက်ရှာတော့သည်။

'ဒီလိုကွ....'

* * *

တီယင်ချီရွာနှင့် ခပ်လှမ်းလှမ်းတွင် ဒယ်အိုး ပုံသဏ္ဍာန်ချိုင့်ဝှမ်းကြီး ရှိသည်။

ထိုချိုင့်ဝှမ်းတွင် ကျောက်စိမ်းအိမ်ကြီးက ခံ့ညားထည်ဝါစွာ တည်ရှိ၏။

ယင်းကျောက်စိမ်းအိမ်၌ ဝမ်တေလီ ဟူသော လူကြီးလူကောင်းတစ်ဦး နေထိုင်သည်။

ဝမ်တေလီသည် တရုတ်ဘုရင်မင်းမြတ်နှင့် ရင်းနှီး ခင်မင်သော ရွှေလက်ဝါးမြို့စား လင်နှင့် အင်မတန် ချစ်ခင်ကြသည်။



မြို့စားလင်သည် ဘုရင်နန်းတော်တွင် ဝင်ထွက်သွားလာနိုင်သူဖြစ်ရာ ဘုရင်မင်းမြတ်နှင့် ပတ်သက်လျှင် ပေါက်ရောက်တွင်ကျယ်သူ ဖြစ်သည်။

ထို့ကြောင့်လည်း လင်မြို့စား လင်၏ ဩဇာအာဏာစက်က ဝမ်တေလီထံ၌ပါ လာရောက်လွှမ်းမိုးသည်။

အနီးပတ်ဝန်းကျင်ရှိ ရွာစား ရွာသူကြီး မြို့စားများကပင်လျှင် ဝမ်တေလီအား လူကြီးလူကောင်း ဂုဏ်သရေရှိသူတစ်ဦးအဖြစ် ဆက်ဆံတတ်လေ့ ရှိကြသည်။

ဝမ်တေလီကိုယ်တိုင်ကလည်း လူကုံထံတစ်ဦး၏ ပေါင်းသင်း ဆက်ဆံမှုနှင့်အညီ နေထိုင်တတ်သဖြင့် ရပ်ရွာမှ လူအများကလည်း ကျောက်စိမ်းအိမ်မှ ဝမ်တေလီဟု ဆိုလျှင် ရိုသေကိုင်းရှိုင်းကြကုန်သည်။

ဝမ်တေလီ၌ တိတ်ဝှက်ဆိုသည့် သားတစ်ဦးနှင့် လင်ကျင့်ရင်ဆိုသော သမီးတစ်ဦး ရှိသည်။

တိတ်ဝှက်ဆိုသည့် သားဦးက အင်မတန် ကြမ်းတမ်းသယောက် သမီးဖြစ်သူ လင်ကျင့်ရင်မှာ ကြွခြွေ သိက္ခာနှင့် နုနုနယ်နယ် နေတတ်သည့် လှပချောမွေ့သည့် မိန်းမသားတစ်ဦး ဖြစ်နေလေသည်။

သူ၏မိခင်နှယ် လှပပြေပြစ်သော မိန်းမပျိုလေးပင်။

ထို့ကြောင့် မိဘနှစ်ပါးလုံးက လင်ကျင့်ရင် သမီးလေးအား မျိုထားမတတ် ချစ်ကြ၏။

တိတ်ဝှက်မှုကား ခားမြှောင်တစ်ချောင်း၊ လေးတစ်လက်နှင့် သားကောင်များကိုတောထဲဝင် လှည့်လည်၍ရှာနေတတ်ခဲ့သည်။

အရွယ်ကငယ်ငယ်နှင့် တကယ် မုဆိုးကြီး တစ်ဦး သဖွယ် တောထဲ၌သာ ပျော်မွေ့နေလေသည်။

တိတ်ဝှက်မှာ အခြားရပ်ရေးရွာရေးများကို စိတ်မဝင်စား။ သူ့၌ အစဉ်အမြဲ တွေ့ရှိရမည့်နေရာမှာ လေးတစ်စင်းနှင့်မြားတံများပင် ဖြစ်သည်။

ထိုလေးနှင့် ပစ်မှတ်တစ်ခုခုကို နေ့စဉ်နေ့တိုင်း ချိန်ရွယ်ပစ်ခတ်နေသည်ကို တွေ့ရတတ်၏။

ထို့ကြောင့် သားကောင်များမှာ တိတ်ဝှက်ကို မြင်သည်နှင့် တိတ်ဝှက် အနံ့ရသည်နှင့် တိတ်ဝှက် အသံကြားသည်နှင့် တစ်ရှိန်ထိုး ပြေးကြ လွှားကြ၊ ပုန်းကြအောင်းကြကုန်လေသည်။

ဝမ်တေလီကား သား၏ထိုကဲ့သော ကြမ်းတမ်း ခက်မာသည့် အမူအကျင့်ကို မကြိုက်။

သူ့ကဲ့သို့ပင် မွန်မှည်ခန့်ညားသော လူတောထဲ တိုးမည့် အပြောအဆို အဆက်အဆံနှင့် လူကုံထံတစ်ဦး ဖြစ်စေချင်ခဲ့သည်။

ရွာစားမြို့စား၊ မင်းမှုထမ်းတစ်ဦးဦး အဖြစ် သားကို မြင်လိုသည်။

ထို့ကြောင့် ရွှေလက်ဝါးမြို့စား လင်ထံ မကြာခဏ

လွှတ်လေ့ ရှိသည်။



ထိုအခါတိုင်း တိတ်ဝှက်က မလွဲမရှောင်သာ၍သွားရသော်လည်း သွားချင်လာချင်သည့် အမူအရာ ဘယ်တော့မှ မတွေ့။

သူ၏သက်တောနှင့် ခွဲခွာသွားရမည်ကို ချစ်သူရည်းစားနှင့် ကွဲရသလို ဖြစ်နေတတ်သည်။

တကယ်တော့ တိတ်ဝှက်ကား တောတွင်းသား လူရိုင်းတစ်ဦးနှယ် ဖြစ်နေလေသည်။

တိတ်ဝှက်၏ မိခင်မှာ အလွန်ချောမော သိမ်မွေ့သူတစ်ဦး ဖြစ်သည်။

လင်ရင်လျှံဟု ခေါ်ဝေါ်ပေသည်။

မင်းမှုထမ်းမျိုးရိုးမှ ဆင်းသက်လာသူတစ်ဦးဖြစ်၍ မြို့ကြီးသူ ဟန်အမူအရာ ရှိလေသည်။

ဝမ်တေလီမှာ သူ၏ဇနီးသည်အား အလွန် ချစ်ခင်နှစ်သည်။

ဇနီးသည် လင်ရင်လျှံအား အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင် ကြုံတွေ့ပြီး ရယူထားခဲ့ရခြင်း ဖြစ်သည်။

လင်ရင်လျှံ အပျိုစင်ဘဝက လက်ထပ်လိုသူ ချစ်ကြိုက်လိုသူတို့မှာ ပတ်ဝန်းကျင်၌ ဝိုင်းဝိုင်းလည်လျက် ရှိသည်။

ထိုလူများထဲတွင် တီယင်ချီရွာသား အန်ချွန်းလည်းပါ၏။ အန်ချွန်းမှာ သူဌေးသားတစ်ဦးဖြစ်ပြီး ပလွှားဝင့်ကြွားသူတစ်ဦးသာ ဖြစ်သည်။

ခက်ထန်မာကျောပြီး ဥစ္စာပစ္စည်း ဂုဏ်နှင့်ဒြပ်ကိုးအားကိုး ယုံကြည်သူ တစ်ဦး ဖြစ်၏။

မင်းမှုထမ်းသမီး လင်ရင်လျှံအား မထင်မကြီး။

လင်ရင်လျံကား လှပချောမော၍ ချစ်ချင်သည်။

လူပြောများ လူသိများ၍ သက်ထပ်ချင်သည်။

သူ၏စိတ်ယဲဒါပဲ ဖြစ်သည်။

'အို ...ဘယ်လောက်ပဲ သိက္ခာရှိရှိ ဂုဏ်ရှိရှိ ငါ့အိမှာ ရှိတဲ့ ရွှေငွေဥစ္စာပစ္စည်းကို ပုံအောပြီး ရအောင်ယူမယ်ကွ....သူက ဘာမို့လဲ'

တကယ်တော့ သူ၏မိဘများ ချမ်းသာလာသည် ဆိုရာ၌ သမ္မာအာဇီဝဖြင့် ကုန်ရောင်းကုန်ဝယ်လုပ်ပြီး ချမ်းသာလာခြင်း မဟုတ်ခဲ့။

ဒုစရိုက်သမားများနှင့်မကင်း။

ရာဇဝတ်မှုများနှင့် မလွတ်။

ငွေကြေးဥစ္စာရမည်ဆိုက မည်သည့်လုပ်ငန်းကိုမဆို ရင်းနှီး လုပ်ကိုင်ရင်း ကြီးပွားချမ်းသာလာခြင်းသာ ဖြစ်သည်။

'လောကမှာ လူရယ်လို့ဖြစ်လာရင် လူ့ဘဝမှာ ဇိမ်ရှိရှိ စည်းစိမ်ရှိရှိ နေထိုင်ဖို့က အရေးအကြီးဆုံးကွ၊ လူ့ဘဝ အချိန်တိုတိုလေးထဲ လည်သလို နေတတ်ရာတတ်ဖို့က အဓိက ပေါ့၊ ငါတို့ကတော့ ငွေရမယ်ဆိုရင် လာစမ်း အလုပ်မရွေး ဘူး၊ နေရာမရွေးဘူး၊ အချိန်မရွေးဘူး'

အန်ချွန်း၏ မိဘများက ထိုသို့ သဘောထားရှိသူများ ဖြစ်သည်။

လင်ရင်လျံ မိဘများကမူ မင်းမှုထမ်းမျိုးရိုးမှ ဆင်းသက် လာသူများဖြစ်၍ မင်းဖြစ်မင်းဒဏ်ကို ကြောက်ရွံ့ကြလေ သည်။



သမ္မာအာဇီဝမဟုတ်သော အလုပ်များကို ရှုတ်ချကြလေ သည်။

ဒုစရိုက်အလုပ်များ၊ မတရားသော အလုပ်များကို ရှောင် ကြဉ်ကြသည်။

ထို့ကြောင့် အန်ချွန်း၏ မိဘများတို့ ချမ်းသာကြွယ်ဝမှုကို အထင်မကြီးနိုင်ကြဘဲ စက်ဆုပ်ရွံရှာကြလေသည်။

အန်ချွန်း မိဘများကလည်း သူတို့ထက် ငွေကြေးဥစ္စာ ကြွယ်ဝမှုလည်း မရှိပါဘဲ သူတို့အပေါ် အဖက်မလုပ် မတူ မတန် ဆက်ဆံခြင်းကို မကျေနပ်ခဲ့ပေ။

သူတို့၌ ဒုစရိုက်ဂိုဏ်းများမှ အနက်ရောင်ဂိုဏ်းသားများ သိုင်းသမားတပည့်များ မွေးထားကြသည်။

အန်ချွန်းက လင်ရင်လျံအား ငွေကြေးဥစ္စာ ဓနနှင့် ဖြား ယောင်း မရသောအခါ လူမိုက်သိုင်းသမားများနှင့် ခြိမ်း ခြောက်ရန် ကြံစည်ပြန်၏။

'ငါ့မိဘတွေ လင်ရင်လျံရဲ့ မိဘတွေဆီ သွားတယ်ကွ၊ သူတို့ က မချေမငံ ဆက်ဆံလွှတ်လိုက်တယ်၊ နောက်ပြီးငါ့မိဘတွေရဲ့ စီးပွားရေးကိုလဲ စော်ကားမော်ကား ဝေဖန်ရှုတ်ချလိုက်ကြ သေးတယ်'

'ငါ့မိဘတွေကဒေါသဖြစ်ပြီးမရအချင်ငါ့နည်းနဲ့ငါရအောင် ယူချေလို့ တိုက်တွန်းနေပြီကွ'

'ဟာ ဒါဆို လွယ်ပါတယ် ဆရာ၊ကောင်မလေး အတွက် သွားစောင့်ပြီး ဆွဲလိုက်ကြတာပေါ့'

တပည့် လူမိုက်များကလည်း မြှောက်ထိုးပင့်ကော် လုပ်နေသဖြင့် အန်ချုန်း အားတက်သွားလေသည်။

'ဆွဲဆို ဒီနေ့ပဲ သွားဆွဲကြရင်ကောင်းမယ်၊ ဒါမျိုးက နောက်ကျလို့မဖြစ်ဘူးနော် ဆရာ'

တခြားတပည့် သိုင်းသမားတစ်ဦးကလည်း ဝင်ရောက်လောဆော်လိုက်၍ အန်ချုန်း ဆုံးဖြတ်လိုက်မိသည်။

'ကဲ....ဒါဖြင့် ခုပဲသွားကြမယ်....ထကြ'

'ဟေး'

သူ၏ ခြေရုံသင်းပင်း သိုင်းသမားတစ်စုမှာ အရက်ခွက်များကို ကိုယ်စီကိုင်မြှောက်၍ သူတို့၏ဆရာအတွက် ကောင်းချီးဩဘာပေးပြီး မတ်တတ်ထရပ်လိုက်ကြတော့သည်။

သူအပါအဝင် ဓားသမားငါးဦးမှာ လင်ရင်လျံတို့၏ အိမ်ဘက်ဆီသို့ မြင်းများကို နှင်သွားကြလေ၏။

အရက်ဆိုင်နှင့် လင်ရင်လျံ၏ မိဘများအိမ်မှာ ရွာ၏ ဟိုဘက်ထိပ် သည်ဘက်ထိပ် ဖြစ်ကြသည်။

လင်ရင်လျံ၏ အိမ်အနီးသို့ ရောက်ကြသောအခါ အိမ်၏ အရိပ်အခြည်ကို သူတို့ အကဲခတ် စောင့်ကြည့်ကြလေသည်။

အိမ်လေးကား ခပ်သေးသေးဖြစ်သော်လည်း သပ်သပ်ရပ်ရပ် ရှိသည်။

မည်သူမျှ မရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

အတန်ကြာသောအခါ....

'လူတွေတောင်ရှိရဲ့လားကွ....ဝမ်ရဲ့'



'ဒီအချိန်ဆို ကောင်မလေးထွက်နေကျပဲ၊ ဒီနေ့ ဘာဖြစ်လို့ပါလိမ့်'

ထိုစဉ် မိန်းကလေး ခြံဝင်းထဲဖြည်းညင်းစွာ လျှောက်လှမ်းလာသည်အား သူတို့ တွေ့ရှိရလေသည်။

'ဟော....ဟော....လာပြီဆရာ၊ လာပြီ'

တပည့် ဓားသမားတစ်ဦးက ဝမ်းသာအားရ တီးတိုးဆိုသည်။

မိန်းကလေးက တစ်လှမ်းချင်း ထွက်လာသည်။

သူတို့လူစုက တိတ်ဆိတ် ငြိမ်သက်စွာ စောင့်ဆိုင်းနေလေသည်။

မိန်းကလေးက တစ်စထက်တစ်စ နီးကပ်လာ၏။

နောက်ဆုံး သူတို့အနားသို့ ရောက်ရှိလာသည်နှင့်....

'ဟဲ ဟဲ ဟဲ....စောင့်လိုက်ရတာ အချစ်ကလေးရယ်'

'ရှင် .'

ရုတ်တရက် ပေါ်လာသော အန်ချုန်းအား မြင်တွေ့ရလျှင် လင်ရင်လျံမှာ အံ့ဩထိတ်လန့် သွားလေသည်။

'မင်းလေးကို တို့များ စောင့်နေတာကွယ့်'

အန်ချုန်းက လင်ရင်လျံအပါး မြင်းကို တိုးကပ်လာကာ ချွဲချွဲပျစ်ပျစ် ပြောသည်။

'အို....ဘယ်လိုဟာတွေလဲရှင့်'

လင်ရင်လျံ အန်ချုန်းအား မျက်စောင်းထိုးလျက် ရှုံ့ရှာစွာ ပြောလိုက်၏။

'မင်းကို လာခိုးတဲ့လူတွေလေ'

အန်ချွန်း၊ လင်ရင်လျံ အနီး သဘ်ခနဲ တိုးကပ်လျက် လက်ကို ဖမ်းဆွဲလိုက်သည်။

'အို....အို....လွှတ်....လွှတ်'

အန်ချွန်း၏လက်မှ လင်ရင်လျံ အကြောက်အကန် ရုန်းနေ၏။

သို့သော် အန်ချွန်း၏ လက်ကြမ်းကြီးထဲမှ မည်သို့မှ ရုန်းမထွက်နိုင်ပါချေ။

အန်ချွန်းကလည်း လင်ရင်လျံအား မြင်းပေါ်သို့ အတင်းပင် ဆွဲတင်နေလေသည်။

'ဟေ့ကောင်တွေ....မိန်းကလေးကို လွှတ်လိုက်စမ်း'

လူတစ်ဦး၏ အမိန့်ပေးသံကြောင့် အန်ချွန်း ချက်ချင်းလန့်ပြီး လွှတ်လိုက်မိသည်။

သူ အသံလာရာဆီသို့ လှည့်ကြည့်လိုက်၏။

လူရွယ်တစ်ဦး၊ ကိုယ်လုံးကိုယ်ထည်က ကျစ်လျစ်ခိုင်မာသည့် ခန္ဓာမျိုး။

လက်ထဲတွင် ဓားတစ်ချောင်းကိုကိုင်ဆွဲလျက် လင်ရင်လျံက အန်ချွန်းလက်မှ လွတ်သည်နှင့် ထိုလူရွယ်အနီးသို့ အားကိုးစွာ တိုးကပ်သွား၏။

'အားနွဲ့တဲ့ မိန်းမသားတစ်ဦးကို ဒီလို နိုင်ထက်စီးနင်းသက်ဆိုတာ မင်းတို့ မရှက်ဘူးလားကွ'

လူရွယ်က တည်ငြိမ်စွာ တစ်ဦးချင်းကြည့်ပြီး ပြောလိုက်သည်။

'မင်းနဲ့ ဘာဆိုင်လို့လဲ'



အန်ချွန်းက မျက်ထောင့်နီလျက် ပြန်မေးလိုက်သည်။

'ဆိုင်တာပေါ့ကွ၊ မတရားမှုမှန်သမျှ ငါနဲ့ ဆိုင်တာချည်းပဲ'

'ဩော်....မင်းက သစ္စာဘက်တော်သားပေါ့ ဟုတ်လား'

'ဟုတ်တယ်'

'ဟုတ်ရင် လာပြီဟေ့'

အန်ချွန်း လူရွယ်ထံ မြင်းကို ဦးတည်ပြီး အပြင်း ဝင်တိုးသည်။

# ( ၃၄ )

'ဖေား....'

လူရွယ်က အန်ချွန်း၏ မြင်းဇက်ကြိုးကို နံဘေးသို့ရှောင်တိမ်းရင်း ဆွဲကိုင်ပေါက်ချ၏။

မြင်းရောလူရော မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားသည်။

'ဘိုင်း....'

အန်ချွန်း၏ နောက်လိုက်များ မျက်လုံးပြူးပြီး ထိတ်လန့်သွားကြ၏။

သို့သော် နောက်တစ်ဦးက အန်ချွန်းနှယ် ဒုန်းစိုင်း ဝင်ရောက်လာပြန်သည်။

'ဟေး…ဟေး'

အန်ချွန်းနှယ်ပင် ဓားသမားလည်း မြင်းနှင့်လူ လွင့်စဉ်လဲကျသွားပြန်သည်။

နောက်ထပ် မြင်းစီးသမားတို့ လူရှယ်ထံ မြင်းနှင့်အတူ ဝင်မလာရဲကြတော့။

သူတို့ မြင်းပေါ်မှ ဆင်းသက်လိုက်ကြသည်။

အန်ချွန်းနှင့် အပေါင်းပါတို့ လူရှယ်အား ဓားကိုယ်စီနှင့် ဝိုင်းလိုက်ကြသည်။

အန်ချွန်း၏ မျက်နှာ၌ ရှက်သောစိတ်ဖြင့် နီမြန်းနေသည်။

သူက ဦးဆောင်၍ လူရှယ်အား တိုက်ရန် တာစူသည်။

'သတ္တိရှိရင် ဝင်ခဲ့ကြလေ'

လူရှယ်က စိန်ခေါ်လိုက်သဖြင့် ရုတ်တရက် ဝင်မလာရဲကြပေ။

မြင်းရေလူကိုပါ ကိုင်ပေါက်နိုင်လိုက်သော လူရှယ်အား အထင်မသေးဝံ့ကြတော့။

သူတိုက်နိုးနိုး ငါတိုက်နိုးနိုးဖြင့် တစ်ဦးအရိပ်အခြည်တစ်ဦး စောင့်ကြည့်နေကြသည်။

အန်ချွန်းက ဒါကို ရိပ်မိ၏။

သူကိုယ်တိုင် စတင်မတိုက်လျှင် မည်သူမျှ ဝင်တိုက်ကြမည်မဟုတ်။

ထို့ကြောင့် သူက လူရှယ်အား စတင် လှုပ်ရှားပြီး တိုက်သည်။

လူရှယ်ထံသို့ ဓားကို ဝှေ့ယမ်းပြီး ဝင်ရောက်လာသည်။



'ချွင်…ချွင်'

ဓားနှစ်စင်း တိခတ်သံက တချွင်ချွင် မြည်ညံသွား၏။

အန်ချွန်း လူရှယ်အား လွန်၍ထွက်သွားလေသည်။

'ဒီလို အရမ်းမတိုက်နဲ့၊ မှားမယ် မိတ်ဆွေ'

လူရှယ်က မခိုးမခန့်နှင့် အန်ချွန်းအား သတိပေးနေပြန်သည်။

ထို့ကြောင့် အန်ချွန်း ရှက်ရမ်းရမ်းပြီး ဒုတိယအကြိမ်ထိုးဖောက်ဝင်ရောက်ပြန်သည်။

'ဟေး…'

သည်တစ်ခါတော့ လူရှယ်လည်ကုပ်အား စလွယ်သိုင်းချလာပြန်၏။

သူ၏ နားလည်မှုက သူ၏ ရှုံးနိမ့်ခြင်းအား ဖြစ်စေခဲ့သည်။

လူရှယ်က သူ၏ ဓားချက်ကို အလွယ်တကူပင် ကိုယ်ကိုယိမ်းနွဲ့လျက် ရှောင်ထွက်နိုင်ခဲ့၏။

ခုတ်ချက်လွဲသွားသည့် အန်ချွန်းမှာ ကိုယ်ရှေ့သို့ ငိုက်ကျလာလေသည်။

လူရှယ် အန်ချွန်း၏မျက်နှာအား ဒေါ်တိုက်အနေအထားမှ ခြေနှင့် ဆတ်ခတ်ထည့်လိုက်သည်။

'ခွပ်…'

အန်ချွန်း နောက်ပြန်လန်ထွက်သွားပြီး မြေပြင်သို့ပုံလျက်လဲသွားသည်။

'ဟင်....'

ဓားသမားတို့က သူတို့၏ဆရာ မြေထက်ပုံလျက်သား လဲကျသွားသည်ကိုမြင်လျှင် မည်သို့တိုက်ရမည်မသိ၊ လူရွယ်အား ငေးငိုင်ပြူးကြည့်နေကြကုန်သည်။

'သတ္တိရှိတဲ့သူ ဝင်ခဲ့ကြဦးလေ'

လူရွယ်က အန်ချွန်း၏နောက်လိုက်များအား ထပ်မံ စိန်ခေါ်လိုက်ပြန်သည်။

မည်သူမျှ တုတ်တုတ်မျှမလှုပ်။

သူတို့၏ဆရာအား သွားရောက်တွဲထူလျက် မြင်းပေါ်တင်နေကြလေသည်။

မိန်းကလေးက ခုမှ အကြောက်ပြေသွားသည်နှင့် လူရွယ်အား အသေအချာရှုကြည့်သည်။

'မင်းတို့ နောက်တစ်ခါ ဒီလိုအားနွဲ့တဲ့ မိန်းမသားတွေကို စော်ကားဖို့ စိတ်မကူးနဲ့၊ စော်ကားရင်လဲ ငါနဲ့မတွေ့ဆုံစေနဲ့၊ ငါ ဒီရွာမှာ ရှိသရွေ့ အမြင်မတော်တာ မှန်သမျှ ဝင်ဆုံးမမယ်၊ အေး....မကျေနပ်ကြရင် ငါ့နာမည်ကိုလဲ မှတ်သွားကြဦး၊ တစ်ကိုယ်တော်ဓားသမား ဝမ်တိတ်လျောင်တဲ့'

မြင်းပေါ် တက်ရောက်နေသော ဓားသမား များမှာ ကျောတွန့်သွားကြပြီး လူရွယ်တစ်ကိုယ်တော်ဓားသမား ဝမ်တိတ်လျောင်အား အသေအချာကြည့်မိကြ၏။

သူတို့ တစ်ခါဖူးမျှ မဆုံစည်းဖူးသည့် တစ်ကိုယ်တော် ဓားသမား ဝမ်တိတ်လျောင်မှာ နာမည်ကြီး ထင်ရှားသူ တစ်ဦး မဟုတ်ပါလား။



ထို့နောက် ချာခနဲလှည့်ကာ မြင်းအား ဒုန်းစိုင်းသွားကြလေတော့သည်။

'ဟေး....အစ်ကိုလျောင်၊ ဘာတွေ ဖြစ်နေကြတာလဲ'

လူငယ်တစ်ဦး သူတို့အနီးသို့ရောက်ရှိလာလေသည်။ ပထမ လူရွယ်နှင့် မျက်နှာပေါက်ချင်း ခပ်ဆင်ဆင်တူလေသည်။

'အလကားပါ ငါ့ညီရာ၊ ဟောဒီက ညီမငယ်ကို လူရမ်းကားတွေ စော်ကားနေကြလို့ ဝင်ဆုံးမပေးနေတာပါ'

ဒုတိယ ရောက်ရှိလာသည့် လူငယ်က မိန်းကလေးအား ရှုကြည့်လိုက်မိသည်။

အိုး....လှလိုက်တဲ့ မိန်းကလေး။ လူငယ် စိတ်ဝင်စားသွားသည်။

မိန်းကလေး၏လှပမှုကို သူ တစ်ခါမှ မမြင်ဖူး။

သူက သပ်သပ်ရပ်ရပ်နှင့်သန့်သန့်ပြန့်ပြန့်ဖြစ်သည်။ လူရွယ် ဓားသမားကဲ့သို့မဟုတ်။

ညှဉ်းသိုးသိုး၊ ကြမ်းကြမ်းတမ်းတမ်းပုံဟန်မရှိ။ သန့်ရှင်းရည်မွန်နေလေသည်။

'ညီမငယ်အိမ်က အဝေးကြီးလားဟင်၊ အစ်ကိုတို့လိုက်ပို့ပေးရဦးမလား'

လူရွယ်က မျက်လုံးလေးအဝိုင်းသားနှင့် ကြည့်ရှုနေသည့် မိန်းကလေးကို မေးမြန်းလိုက်သည်။

'ဟောဒီနားတင်ပါ အစ်ကို၊ ညီမတို့အိမ်ကို လိုက်လည်ပါဦးလား၊ နီးနီးလေးရယ်'

မိန်းကလေးက ဖိတ်ခေါ်လိုက်သဖြင့်....

'နေပါစေကွယ်၊ နောက်များ ကြုံတော့ ဝင်ဘာပေါ့'

လူရွယ်က စိတ်မဝင်စားသလို ငြင်းဆန်လိုက်လေသည်။

'လာပါ....အစ်ကိုရယ်၊ ခဏလေး ဖြစ်ဖြစ်ပေါ့၊ ညီမတို့ ဖေဖေနဲ့မေမေကို ပြောပြချင်လို့၊ ညီမမိဘတွေက အစ်ကို့ကို အရမ်းကျေးဇူးတင်ကြမှာနော် အစ်ကို'

'ဟုတ်သားပဲ အစ်ကိုလျောင်ရယ်၊ အားနာစရာကြီး'

ညီဖြစ်သူ ဝမ်တေလီ၏မျက်နှာကို တစ်ကိုယ်တော် ဓား သမားကြီး ဝမ်တိတ်လျောင် ဆတ်ခနဲလှည့်ကြည့်ခါ ပြုံး လိုက်ပြီး....

'အေးလေ....ဒါဆိုလဲ လိုက်ဘာပေါ့ကွယ်'

သို့နှင့် လင်ရှင်လျို၏ ဦးဆောင်ခေါ်ငင်မှုနှင့် သူတို့နှစ်ဦး အိမ်ဂေဟာဆီသို့ လိုက်ပါသွားကြသည်။

လင်ရှင်လျို၏ မိဘများက ယဉ်ကျေး သိမ်မွေ့သူများ ဖြစ်ကြ၍ သူတို့အား ဖော်ဖော်ရွေရွေဖြင့် ကြိုဆို နှုတ်ဆက် သည်။

'ဟော....သမီးနဲ့ ဧည့်သည်တွေ ပါလာတယ်ကွယ်၊ ကဲ.... လာကြ လာကြ'

ဖခင်ဖြစ်သူက သူ၏ဇနီးသည်အား အော်ပြောကာ သူတို့ အား နေရာထိုင်ခင်းပေးလေသည်။

လင်ရှင်လျို၏မိခင်က ပြောင်းဖူးဆံများကို နို့နှင့်စိမ် လျက် လာရောက်ချပေး၏။

'အဖေ....အဲဒါ သမီးကို လမ်းမှာ လူရမ်းကားတွေ လက် ထဲက ကယ်ဘင်ခဲ့တဲ့သူတွေပဲ'



'ဟင်....'

'အမယ်လေး....ဘုရား ဘုရား၊ ကံကြီးပေလို့နော်'

မိခင်ဖြစ်သူက သမီး၏စကားကိုကြားသည်နှင့် ရင်ဘတ်ကို ဖိကာ ဘုရားတရှာသည်။

'ဟုတ်တယ်အမေ၊ သမီး ကံကောင်းလို့ သိလား၊ တိုလူ ကြီးလေ ရွာအနောက်ပိုင်းက သူဌေးသားဆိုတဲ့လူပေါ့၊ သူ့ နောက်လိုက် အမှုးသမားတွေနဲ့ သမီးကို အတင်း မြင်းပေါ် ဆွဲတင်နေတုန်း ဟောဒီကအစ်ကိုရောက်လာပြီး သူတို့တွေကို ဓားနဲ့တိုက်လိုက်တာ ရှုံးပြီး ထွက်ပြေးကြလေရဲ့'

'အေးကွယ်....ကျေးဇူးကြီးလှပါပေတယ် သားတို့ရယ်'

မိခင်ကြီးက ဝမ်တိတ်လျောင်တို့အား ကျေးဇူးစကားဆို လေသည်။

'ဒါနဲ့ သူငယ်တို့က ဘယ်အရပ်ကလဲကွယ်'

လင်ရှင်လျို၏ဖခင်က သူတို့အား မေးမြန်းသည်။

'ချိုင့်ဝှမ်းဒေသက ကျောက်စိမ်းအိမ်ကပါခင်ဗျာ၊ ကျွန် တော်က ဝမ်တိတ်လျောင်ပါ၊ သူက ကျွန်တော့်ရဲ့ညီ ဝမ် တေလီပါ'

လင်ရှင်လျိုက တစ်ကိုယ်တော် ဝမ်တိတ်လျောင်အား အားကိုး ကြည်ညိုသောအကြည့်နှင့် ပြုံးလျက်ကြည့်နေ၏။

ဝမ်တေလီကမူ လှပ ချောမောသော လင်ရှင်လျိုအား ငေးမောနေမိ၏။

'အင်း....ညီအစ်ကိုနှစ်ဦးက တစ်မျိုးစီပဲနော်'

လင်ရှင်လျို၏မိခင်က မှတ်ချက်ချသည်။

ပြောလည်း ပြောစရာပင်ဖြစ်၏။

အစ်ကိုဖြစ်သူ ဝမ်တိတ်လျောင်က ညို့သည်၊ ထွားကျိုင်းသည်၊ ညှဉ်းသိုးသိုးနှင့် ကြမ်းတမ်းသော ရုပ်ရည်ရှိ၏။

ညီဖြစ်သူ ဝမ်တောလီကမူ ဖြူဖွေးသော အသားအရေနှင့် သေးသေးသွယ်သွယ် သန့်သန့်ပြန့်ပြန့်နှင့် ရည်မွန်သော အမူအရာ ရှိလေသည်။

'အေးကွာ....နောက်လဲ လာလည်ကြပေါ့၊ အခုလို သမီးကို စောင့်ရှောက် ကူညီကြတဲ့အတွက် ဦးက ကျေးဇူးတင်ကြောင်း ပြောပါရစေ'

'ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ'

ဝမ်တိတ်လျောင်က ပြန်ရန်သင့်ပြီဖြစ်၍ နှုတ်ဆက်သည်။

'လာလည်ဦးနော် အစ်ကိုဝမ်'

လင်ရင်လျိုက ဝမ်တိတ်လျောင်အား ကပ်ပြီး မှာလေ၏။

ဝမ်တောလီက သူမအား နှုတ်ဆက်သည်။

'ပြန်ဦးမယ်နော် ညီမ'

'ဟုတ်ကဲ့'

သို့နှင့် ညီအစ်ကိုနှစ်ဦး လင်ရင်လျိုတို့အိမ်လေးဆီမှ ထွက်လာခဲ့သည်။

'ကောင်မလေးက တော်တော် လှတာပဲနော်'

ဝမ်တောလီအား ဝမ်တိတ်လျောင်က ဆတ်ခနဲ တအံ့တဩ ကြည့်သည်။

ထို့နောက် ကျယ်လောင်စွာ ရယ်မောလေသည်။





'ဟား....ဟား....ဟား ဝမ်တောလီ ငါ့ညီရာ မင်း စရောက်လာကတည်းက မျက်လုံးတွေမှာ ငါမြင်နေရပါတယ်ဟ'

ဝမ်တောလီက အစ်ကိုဖြစ်သူအား ရှက်ကိုးရှက်ကန်းနှင့် ဖြစ်နေသည်။

'မင်း ကောင်မလေးကို သဘောကျနေတယ် မဟုတ်လား'

ဝမ်တောလီ မဖြေ၊ ဖြေတော့လည်း မေးခွန်းကိုမဟုတ်။

'ကောင်မလေးက အတော်လှတယ်'

'သူ့အဖေကိုယ်တိုင်က ဖိတ်ထားပြီပဲလီရယ်၊ အဲဒီအိမ် ဝင်ထွက် သွားလာပေါ့'

'ဟာ.... ကျွန်တော် တစ်ယောက်တည်း ဘယ် ကောင်းပါ့မလဲ၊ အစ်ကိုလျောင်ပါ လိုက်ခဲ့ပေးပေါ့'

'ဟေ့....ငါ့ကို စွဲမထည့်နဲ့ကွာ၊ ငါက အဲဒီလို မိန်းမတွေနဲ့ ပတ်ပတ်သက်သက် မနေတတ်ဘူးကွ၊ မင်းကိစ္စ မင်းဘာသာ မင်းလုပ်ပါ'

* * *

အန်ချွန်းကား သူ၏ အစီအစဉ်အား ဝင်ရောက် နှောင့်ယှက်သူမှာ တစ်ကိုယ်တော် ဓားသမား ဝမ်ကိတ်လျောင်ဖြစ်ကြောင်း သိရှိသွားသောအခါ အလွန် ထိတ်လန့် ကြောက်ရွံ့သွား၏။

သို့သော် သူ့အား သူကြိုက်နေသည့် မိန်းကလေးရှေ့ဝယ် အနိုင်ယူသွားခဲ့သူ တစ်ကိုယ်တော်အား လွန်စွာ မုန်းတီးနာကြည်းနေလေသည်။

'ခက်တာက အဲဒီဓားသမားကို ငါတို့အုပ်စုမှာ ဘယ်သူမှ နိုင်အောင် တိုက်နိုင်တဲ့လူ မရှိဘူး'

အန်ချွန်း၏ အဆိုအား မည်သူမှ မကန့်ကွက်ဝံ့ကြချေ။

တစ်ကိုယ်တော်အား သူတို့ မယှဉ်ရဲကြပေ။

တစ်ကြိမ်တွေ့ကြုံခဲ့ရသည်ပင် ထိုတစ်ကိုယ်တော်က ခွင့်လွှတ်လိုက်၍သာ အသက်ချမ်းသာရာရခဲ့ကြောင်း သူတို့အားလုံး သိရှိနားလည်ထားကြသည်။

'ကျုပ်တော်တို့ သူ့ကို မနိုင်တာ ပြဿနာ မဟုတ်ပါဘူး ဆရာရဲ့! နိုင်တဲ့လူကိုရှာပြီး ငွေပေးလိုက်ရုံပဲ၊ အဲဒီ ကြေးစားသိုင်းသမားက သူ့ကို ရှင်းပစ်မှာပေါ့'

သူ့နောက်လိုက်တစ်ဦးက အကြံဉာဏ်ပေးသည်။

'အဲဒီ ကြေးစားသမားက မနိုင်ရင်ကော'

နောက်တစ်ဦးက ဝင်ရောက် စောဒကတက်ပြန်သည်။

'နောက်တစ်ယောက်ပေါ့ကွာ ဆန်းသလား၊ ကြေးစားတွေကို သူ ဘယ်နှစ်ယောက် ခံနိုင်မှာလဲ'



'အေး...အဲဒီ အစီအစဉ် ကောင်းတယ်ကွ၊ ဒီဝမ်ကိတ်လျောင်ဆိုတဲ့ကောင် လူ့လောကကြီးထဲက ထွက်သွားဖို့ပဲ၊ အဲဒီအတွက် ဘယ်လောက်ကုန်ကုန်ကွာ၊ မင်းတို့ရအောင် ရှာကြစမ်းပေါ့'

'အဲဒီအတွက် မပူနဲ့ဆရာ၊ ကျုပ်တော်တို့ ရှာပေးပါမယ်'

သို့နှင့် အန်ချွန်းနှင့် သူ့နောက်လိုက်များမှာ ကျောက်လက်သည်း လင်အိန်ဂိုးထံ ရောက်ရှိသွားကြသည်။

လင်အိန်ဂိုးကား နဂါးပက် တောင်ပြတ်တွင် တစ်ကိုယ်တည်း နေထိုင်သူဖြစ်သည်။

အန်ချွန်းနှင့် သူ့နောက်လိုက် ဓားသမားနှစ်ဦးတို့ နဂါးပက် တောင်ပြတ်သို့ ရောက်ရှိသွားသောအခါ လင်အိန်ဂိုးက သိုင်းလေ့ကျင့်နေလေသည်။

ထို့ကြောင့် အန်ချွန်းတို့ ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။

ကျောက်လက်သည်းမှာ အလွန်အေးမြ၍ ကြီးမားသော ရေလုံးကြီးများ ကျဆင်းနေသော ရေတံခွန်အောက်ဝယ် လေ့ကျင့်နေလေသည်။

ထိုရေတံခွန်မှ ကျဆင်းနေသည့် ရေလုံးများကား ဆင်ရိုင်းတစ်ကောင်ပင် ဖြတ်သန်းဖို့ မလွယ်ချေ။

ထိုရေလုံးကြီးအောက်၌ ကျောက်လက်သည်းမှာ ခံနိုင်ရည်ရှိရန် ကိုယ်ခန္ဓာကို ထိုးခံကျင့်နေသည်။

နံနက်အရုဏ်မှ နေမွန်းတည့်သည်အထိ လေ့ကျင့်ပြီးသောအခါ၌ အနီးရှိ ကျောက်တုံးတစ်တုံးအား သူ၏

ကျောက်လက်သည်းနှင့် ရိုက်ခွဲချလိုက်ရာ ကျောက်တုံးမှာ ကြေမွ လွင့်စဉ်သွားတော့သည်။

ထိုအခါမှ သူ၏ လေ့ကျင့်မှု ပြီးစီးလေတော့၏။

'ဟော့....ချွန်ထောင်တို့ပါလားကွ'

'ဟုတ်ကဲ့....ဆရာကြီး၊ ကျွန်တော်တို့ ဆရာကြီးဆီ အကူအညီ တောင်းရအောင် လာကြပါတယ် ခင်ဗျာ'

အန်ချွန်း၏ နောက်လိုက်ဓားသမားတစ်ဦးက ပြန်လည်ဖြေကြားလိုက်သည်။

'ဘာကိစ္စများလဲ ဟေ့'

'ကျွန်တော်တို့ကို အနိုင်ကျင့် ဗိုလ်ကျနေတဲ့ တစ်ကိုယ်တော် ဝမ်တိတ်လျောင်ဆိုတဲ့ ဓားသမားကို နှိမ်နင်းပေးဖို့ပါ ဆရာကြီး'

'ဟော....'

ကျောက်လက်သည်း လင်အိန်ဝိုး ပါးစပ်မှ တစ်ကိုယ်တော် ဝမ်တိတ်လျောင်ဟု ကြားလိုက်သည်နှင့် အာမေဍိတ်အသံ ထွက်သွားတော့သည်။

'တစ်ကိုယ်တော် ဝမ်တိတ်လျောင် ဟုတ်လား ချွန်ထောင်'

'ဟုတ်ပါတယ် ဆရာကြီး'

'အေး....ဒီကောင့်ကို ဖြိုဖို့ရာတော့ သိပ်မလွယ်ဘူး ချွန်ထောင်၊ ငါနဲ့လဲ တစ်ပွဲတစ်လမ်း တစ်ချိန်တစ်ခါက စမ်းခဲ့ဖူးပြီးပြီကွ၊ သူနဲ့ငါနဲ့က လက်ရည်တူ တစ်ဦးကိုတစ်ဦး မသတ်နိုင်ကြဘဲ ပွဲသိမ်းခဲ့ကြတယ်၊ နောက် ဆယ်နှစ်မှတစ်ကြိမ် ပြန်ဆုံကြမယ်လို့ ကတိထားပြီး ခွဲခဲ့ကြတယ်'



'အဲဒီ ဆယ်နှစ်ပြည့်ပြီလား ဆရာကြီး'

'နောက်နှစ်မှ စေ့မယ်ကွ'

'ဆရာကြီး အဲဒီ တစ်ကိုယ်တော်ကို နှိမ်နင်းပေးမယ်ဆိုရင် ဟောဒီက ကျွန်တော့်ဆရာ အန်ချွန်းက ဆရာကြီး တောင်းသလောက် ငွေပေးပါမယ်တဲ့'

ကျောက်လက်သည်း လင်အိန်ဝိုးက အန်ချွန်းအား ငဲ့စောင်း ကြည့်သည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာကြီးကို အားကိုးပြီး ကျွန်တော့်တို့ ရောက်လာကြတာပါ၊ နောက်ပြီး ဆရာကြီးလိုသမျှငွေကိုလဲ ပေးနိုင်ဖို့ ယူလာခဲ့ကြပါတယ်'

အန်ချွန်းက ငွေထုပ်ကို မြင်းပေါ်မှနေ၍ ပုတ်ပြလိုက်၏။

'ကောင်းပြီလေ၊ ဒါဆိုလဲ အဲဒီငွေထုပ် ထားခဲ့ပေါ့၊ တစ်ကိုတော် ဘယ်မှာ တွေ့နိုင်မလဲ ပြောခဲ့'

အန်ချွန်းနှင့်သူ၏နောက်လိုက်တို့ မျက်နှာ၌ ဝမ်းမြောက်သော အမူအရာတို့ ပေါ်လွင်သွားခဲ့ကြတော့သည်။

အန်ချွန်း မြင်းပေါ်မှ ငွေထုပ်ကြီးအား ကျောက်လက်သည်း လင်အိန်ဝိုးရှေ့၌ ချပေးလိုက်သည်။

'တစ်ကိုယ်တော်ဟာ တိယင်ချီသစ်တောစပ်က ဒယ်အိုးချိုင့်ဝှမ်းထဲမှ ကျောက်စိမ်းအိမ်မှာ ရှိပါတယ်ဆရာကြီး'

'ကောင်းပြီလေ၊ မင်းတို့ ပြန်ကြတော့'

'ကျွန်တော်တို့ စိတ်ချနေပါမယ်ဆရာကြီး'

'အေး...တစ်ကိုယ်တော်အလောင်းမတွေ့ရင် ငါ့အသလောင်း ပေါ့ကွာ၊ တစ်ခုခုပေါ့ စိတ်ချသာ နေကြ'

သို့ဖြင့် သူတို့လူစု နဂါးပတ်တောင်ပြတ်မှ ပြန်လာခဲ့ကြလေသည်။

* * *

'ဟော...အစ်ကို လိ ပါလား၊ လာ...လာ...အိမ်ထဲဝင်ပါ၊ ရုတ်တရက် ဝမ်တေလိအား တွေ့ရှိလိုက်ရသဖြင့် လင်ရင်လျံမှာ အံ့အားသင့်သွားပြီး အိမ်ထဲသို့ ဖိတ်ခေါ်ခဲ့လေသည်။

'အမေရေ အစ်ကိုလိ လာသည်တယ် လာဧည့်ခံပါဦး'

'အေး...အေး...လာပြီသမီး လာပြီ'

နောက်ဖေးမှ လင်ရင်လျံ၏ မိခင်ကြီး ထွက်ပေါ်လာလေသည်။

'ဩော်...သူငယ်ပါလား၊ မင်းအစ်ကိုရော မပါဘူးလား ကွယ်'

'ဟုတ်ကဲ့...မပါပါဘူး ခင်ဗျာ၊ ကျွန်တော် တစ်ဦးတည်း သတိတရလာလည်တာပါ'

ဝမ်တေလိက လင်ရင်လျံအား နိုးကြည့်၍ ပြောလိုက်၏။



လင်ရင်လျံက မျက်တောင်ကော့ကြီးများကိုချပြီး ခေါင်းငုံ့နေရှာသည်။

ဝမ်တေလိ လက်ထဲမှ အထုပ်များကို လင်ရင်လျံ၏ မိခင်ကြီး ရှေ့တွင် ချလိုက်ပြီး....

'ကျွန်တော်ကြီးတော်တို့အတွက် အကြွေးတွေ ယူလာပါတယ်၊ ဟောဒါက ပိုးထည်စတစ်စ ပါလာပါတယ်၊ လမ်းမှာတွေ့တာနဲ့ ဝယ်ယူလာခဲ့တာလေ၊ ညီမနဲ့လိုက်မယ်ထင်ပြီး ယူလာခဲ့တာပါ လက်ခံပါခင်ဗျား'

'ရည်ရည်မွန်မွန်နှင့် ပြောဆို ပေးကမ်းနေသော ဝမ်တေလိအား လင်ရင်လျံ၏မိခင်ကား အံ့အားသင့်ပြီး မော့ကြည့်သည်။

'ဘာဖြစ်လို့ အပင်ပန်းခံပြီး ယူလာရတာလဲ သူငယ်ရယ်၊ အားနာစရာကြီးကွယ်'

'အားနာစရာ မလိုပါဘူး ကြီးတော်ရယ်၊ ကျွန်တော်တို့ ညီအစ်ကိုမှာ မိခင် မရှိပါဘူး၊ ကြီးတော်ကို မိခင်လို ခင်မင်လေးစားပြီး စားစေချင်လို့ပါခင်ဗျာ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့'

ဝမ်တေလိ၏ ယဉ်ကျေးပျူငှာသော စကားများကို ကြားရသဖြင့် လင်ရင်လျံ၏မိခင်မှာ ခေါင်း တညိတ်ညိတ်နှင့် နှုတ်တုံ့ပြန်သည်။

'ယူလိုက်ပါ သမီးရယ်၊ သူငယ်က စေတနာ သန့်သန့်နဲ့ ပေးတာပဲကွယ်၊ သူ့ခမျာ သမီးကို ခင်ရှာပါတယ် ထင်ပါရဲ့'

‘ဟုတ်ပါတယ် ကြီးတော်၊ ကျွန်တော်တို့မှာ ညီမငယ် ဆိုလို့လဲ မရှိပါဘူး၊ အစ်ကိုဆိုတာကလဲ လာချင်တဲ့အခါ လာပြီး ပျောက်သွားတဲ့အခါလဲ လေးငါးဆယ်နှစ်လောက် ကြာအောင် ပျောက်သွားတတ်တဲ့သူပါ ခင်ဗျာ’

လင်ရင်လျှံကဝမ်တေလီအား ဆတ်ခနဲ မော့ကြည့်၏။

‘အစ်ကိုလျောင်က ကျောက်စိမ်းအိမ်မှာ အမြဲနေတာ မဟုတ်ဘူးလား’

‘ဟင့်အင်း....သူက ခုတစ်လောမှ ပြန်ရောက် လာတာ၊ ပျောက်ချင်ရင် သူက ဘယ်သူ့မှ မပြောဘဲ ပျောက်သွား ပြန်ရော၊ အစ်ကိုလျောင်က လူတစ်မျိုး ညီမရဲ့’

လင့်ရင်လျှံ၏ မျက်နှာ လှလှလေးမှာ ညှိုးငယ်နေရှာ သည်။

‘ဒါနဲ့ ဦးရီးတစ်ယောက်တော့ မတွေ့မိပါလား ခင်ဗျာ’

‘အေးကွယ်....မင်းဦးရီး ခရီးသွားနေတယ်လေ’

‘ဪ....’

လင်ရင်လျှံမှာ ကြမ်းပြင်ကို ငုံ့လျက် ကြည့်ပြီး တိတ်ဆိတ် ငြိမ်သက်နေသည်။

‘ဒီတစ်ခါလာရင် မင်းအစ်ကိုပါ ရအောင် ခေါ်ခဲ့စမ်း ပါကွယ်’

‘ဟုတ်တယ်....အစ်ကိုလျောင်ကို လာလည်ပါဦးလို့ ပြော ပေးပါနော်’

‘ဟုတ်ကဲ့....ပြောပေးပါမယ်’

‘အဲဒီ အစ်ကိုက တစ်ခေါက်မှ လာမလည်ဘူး’



မိန်းကလေးက မကျေမချမ်းနှင့် ပြောနေရှာ၏။

ဝမ်တေလီက မိန်းကလေးအား စိုက်ကြည့်ပြီး....

‘သူ့အစား အစ်ကို လာပါ့မယ် ညီမရယ်’

‘နှစ်ယောက်လုံး လာတော့ ပိုကောင်းတာပေါ့ အစ်ကို ရယ်’

‘အေးကွယ်....ညီအစ်ကိုနှစ်ယောက် ရှိတာ လာရင်လဲ နှစ် ယောက် လာကြပါကွယ်’

သူ၏မိခင်ကလည်း ဆန္ဒပြုနေပြန်၏။

ခက်သည်က အစ်ကိုလျောင်ကိုယ်တိုင်က ခေါ်၍မရ ဆို သည်ကို သူတို့သားအမိအား သူမည်သို့ ပြောပြရပါလိမ့်။

သို့နှင့် ဝမ်တေလီတို့သားအမိနှင့် တွေ့ရာလေးပါး ပြော ဆိုကာ နှုတ်ဆက် ပြန်ခဲ့ရလေတော့သည်။

( ၃၅ )

ကျောက်စိမ်းအိမ်၏ ဥယျာဉ်ထဲ၌ ဝမ်ညီအစ်ကိုတို့စကား ပြောဆိုနေကြလေသည်။

'အစ်ကိုလျောင်ကို လင်ရှင်လျှံ့ရှဲ့အမေကပါ မှာနေတာ သွားလည်လိုက်ဖို့ ကောင်းပါတယ်'

ဝမ်တိတ်လျောင်က သူ့ညီ လီ၏စကား ကြားတော့ပြုံး သည်။

'မင်း သွားလည်နေပြီပဲဟာ....ဝမ်တေလီရာ၊ ငါသွားဖို့ လိုသလားကွ'

'လိုတာပေါ့ အစ်ကိုလျှောင်၊ ကောင်မလေးကပါ အစ်ကိုကို တွေ့ချင်နေတာလေ'

'ဟာ....သူတွေ့ချင်တာနဲ့ ငါက သွားလိုက်ရမလားကွ၊ သူတွေ့ချင်ရင် လာပေါ့'

'အာ....အစ်ကိုလျှောင်ကလဲ အဲဒီလို မပြောပါနဲ့၊ သူက မိန်းကလေးပဲ၊ ဘယ်လာတွေ့လို့ ကောင်းပါ့မလဲဗျာ'

'အဲဒါဆိုလဲ မလာနဲ့ပေါ့၊ ငါကတော့ မသွားနိုင်ပါဘူး'

'ခက်တာပဲ....အစ်ကိုလျှောင်၊ ကျွန်တော်ကလဲ သွားလည်ချင်....အစ်ကိုလျှောင်ကိုချည်း သူတို့က မေးတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ'

ဝမ်တိတ်လျှောင်က တဟားဟားနှင့် ရယ်ပါလေတော့သည်။

'မင်း တော်တော်နုံတာပဲ ဝမ်တေလိ၊ ရုပ်လေး သနားကမားနဲ့ အတော်အ,တဲ့ကောင်ပဲကွ၊ မင်း ဘာလုပ်ရမလဲ....ဟုတ်လား၊ ဟား....ဟား'

ဝမ်တေလိမှာ သူ့အစ်ကို လျှောင်က သူ့အား ရယ်စရာ သတ္တဝါနှယ် ရယ်မောနေသဖြင့် မကျေမနပ် ဖြစ်နေမိသည်။

'ကဲ....ကျွန်တော် ဘာလုပ်ရမလဲ....ပြောပါ'

'ဟာ....လင်ရင်လျံကို မင်း ချစ်ရေး မြန်မြန်ဆိုပေါ့ကွ'

'ဟာ....အစ်ကိုလျှောင်ကလဲ'

ဝမ်တေလိ သူ့အစ်ကို၏ ပွင့်ပွင့်လင်းလင်းစကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားတော့သည်။



'ငါမလိုပါဘူး ဝမ်တေလိရယ်၊ မင်းသာ ခဏခဏသွား၊ သူတို့သားအမိ သဘောပေါက်သွားမှာပါ၊ မင်း လုပ်ရမှာက ကောင်မလေးကို အမြန်ဆုံး ချစ်ရေးဆို'

တစ်ကိုယ်တော် ဝမ်တိတ်လျှောင်၏ စကားစတို့မှာ တစ်စုံတစ်ရာအား တွေ့ရှိလိုက်ရသဖြင့် ရပ်တန့်သွားတော့သည်။

သူ၏ မျက်နှာ၌လည်း ညီဖြစ်သူနှင့် လှောင်ပြောင် ရယ်မောနေ၍ ပျော်ရွှင်နေရာမှ ရုတ်တရက် ခက်ထန်ကြမ်းတမ်းသွားကာ အန္တရာယ်တစ်ခုကို တွေ့လိုက်ရသလို ဖြစ်သွားလေသည်။

'ကျောက်လက်သည်း လင်အိန်ဝှိုး'

သူ့နှုတ်မှ တစ်လုံးချင်း ထွက်ပေါ်သွားခဲ့သည်။

လက်ကလည်း ခါး၌ချိတ်ထားသော ဓားထံသို့ ရောက်ရှိသွားလေ၏။

'ဟုတ်တယ် တစ်ကိုယ်တော်....ငါ ကျောက်လက်သည်းပါပဲ'

'ခင်ဗျားနဲ့ ကျုပ် ချိန်းဆိုထားတာ နောက်နှစ်မှပဲလေ'

'အေး....ဒါပေမယ့် မင်းနဲ့ ငါ့ကို ပွဲတောင်းလာတဲ့လူတွေ ရှိနေပြီကွ၊ ဒါကြောင့် မင်းကို ငါ ခေါ်စောလာတွေ့ရတာပဲ'

'ဘယ်သူလဲ'

'အန်ချွန်း'

'ဩော်....အညှီစား သိုင်းသမား လူရမ်းကားတွေက ပွဲတောင်းတယ်ဆိုတော့ အခကြေးငွေ ခင်ဗျား ရယူပြီးပြီပေါ့ ဟုတ်လား၊ ကျောက်လက်သည်း'

'ငွေမရရင် ငါ ဘာလို့ စွန့်စားမှာလဲ တစ်ကိုယ်တော်ရယ်'

'ကောင်းပြီလေ....ခင်ဗျား စောစီးစွာ တိုက်လိုတယ်ဆိုရင်လဲ သဘောပါပဲလေ၊ ကဲ....ငါ့ညီ လာ၊ တို့များ စာရင်းရှင်းစရာ ရှိသေးလို့ ခပ်ဝေးဝေး ရှောင်နေကွာ'

ဖမ်တေလာ သိုင်းသမားနှစ်ဦးအား ထိတ်လန့်တုန်လှုပ်စွာ စောင့်ကြည့်ရင်း ဘေးသို့ ရှောင်ပေးလိုက်ရလေသည်။

ဓားသမားနှစ်ဦး၏ ဒုတိယအကြိမ် မကျေပွဲကား အပြင်းအထန် တိုက်ခိုက်ကြလေတော့သည်။

နဂါးပတ်တောင်ပြုတ်၌ လေ့ကျင့်မှုကို အပြင်းအထန် ရယူခဲ့သော ကျောက်လက်သည်း လင်အိန့်ဝိုးနှင့် ဓားတစ်လက်ဖြင့် တစ်ကိုယ်တော် သိုင်းခရီးသည်တို့၏ အသက်လုပွဲမှာ ကြောက်ခမန်းလိလိပင်။

ကျောက်လက်သည်းက သူ၏ ကျောက်လက်သည်းအားဝှိုးခနဲနေအောင်လွှဲရင်း စတင် ခုန်ဝင်လာခဲ့လေသည်။

'လာပြီဟေ့....တစ်ကိုယ်တော်'

တစ်ကိုယ်တော် ဝမ်တိတ်လျောင်ကလည်း လျှင်မြန်ဖျတ်လတ်စွာ လင်းယုန်နှုတ်သီးသိုင်းကွက်နှင့် ကာကွယ်ရှောင်တွက်သွားခဲ့၏။

ကျောက်လက်သည်းနှင့် တစ်ကိုယ်တော် ဓားသွားတို့ထိခတ်သံမှ မီးပွားတို့ လွင့်စဉ်သွားလေသည်။

တစ်ကိုယ်တော်က လင်အိန့်ဝိုး၏ အားနည်းချက်ယွင်းမှုကို သိရှိထားခဲ့သည်။



ဘယ်ဘက်ဓားနှင့် ညာလက်က ကျောက်လက်သည်းကို အားကိုးတိုက်သော လင်အိန့်ဝိုးမှာ ခြေကန်အား မရှိချေ။

တစ်ကိုယ်တော်၏ အတွင်းအားထည့်ပြီး ကန်သည့် ခြေဖျားကန်ချက်မှာ လူတစ်ဖက်ခန့်ရှိ သစ်ပင် လဲပြိုသွားနိုင်ပါသည်။

ထို့ကြောင့် ဝမ်တိတ်လျောင်မှာ လေ၌ ဝဲပျံခုန်လွှားကာ တိုက်မည်ဟု ဆုံးဖြတ်၏။

လင်းယုန်နှုတ်သီးသိုင်းကွက်ကို စွန့်လျက် ဒွေးချီး သိုင်းကွက်အား စတင်ပြောင်းလိုက်၏။

ဒွေးချီးတိုက်ကွက်က ရန်သူကို တစ်ကွက်ကွေ့ တစ်ကွက်ချီးပြီး သုံးကွက်မြောက်မှာ စိတ်ကြိုက်ခွန်အားသုံး၍ တိုက်ရသော သိုင်းကွက်ဖြစ်၏။

ကျောက်လက်သည်းမှာ နှစ်ပေါင်းများစွာ လေ့ကျင့်မှုရယူထားသဖြင့် ခံနိုင်ရည် အပြည့်အဝရှိနေကြောင်း သူ့ဘာသာသူ ယုံကြည်သည်။

တစ်ကိုယ်တော်အား တိုက်ရန်ထက် ကာကွယ်ခုခံမှုအားဦးစားပေးတိုက်သည်။

ခံနိုင်ရည်ပြည့်ဝစေရန် အင်မတန် ပင်ပန်းနာကြည်းသည့် လေ့ကျင့်မှုများကို ပြုလုပ်ထားခဲ့သည်။

သူက ဓားနှင့် တစ်ချက်ဝိုက်ခုတ်လိုက်ပြီး ညာလက်သည်းနှင့် ရိုက်ချလိုက်သည်။

တစ်ကိုယ်တော်၏ ဒွေးချီးကား အင်မတန်မှပင် သိမ်နိုးညှိုသော အကွက်ဖြစ်၏။

လင်အိန်ဝိုး၏ ဓားချက်အား ခန္ဓာကိုယ် အသာတိမ်းပြီး လွတ်ရုံ ရှောင်တိမ်းလိုက်ပြီး ကပ်လျက်ပါလာသော ကျောက်လက်သည်း ရိုက်ချက်ကို ခုန်ပျံ ရှောင်ထွက်လိုက်ပါ၏။

ကျောက်လက်သည်း၏ ရိုက်ချက်က တစ်ကိုယ်တော်၏ မျက်နှာအား ပွတ်ကာသီကာ လွတ်သွားပြီး ဝက်သစ်ချပင်၏ ပင်စည်အား သွားရောက်ရိုက်ချမိ၏။

သူ၏ ကျောက်ဖျာခွဲလက်သည်းမှာ ဝက်သစ်ချပင်အား ဝုန်းခနဲ ပြိုလဲသွားစေလေသည်။

တစ်ကိုယ်တော်ကား ဒွေးချိုးသိုင်းကွက်အား ဂတင် အသုံးပြုလိုက်၏။ ကျောက်လက်သည်းအား ဓားကို ဝှေ့ယမ်းလျက် လွှဲခုတ်ဟန်ပြု၏။

တစ်ဖန် လက်ဝါးစောင်းနှင့် လက်ပြန်ရိုက်ရန် ပြင်လေသည်။

ကျောက်လက်သည်းက ထိုလှည့်ဖျားမှုအား အမှန်တကယ် ထင်မှတ်၍ ရှောင်လေသည်။

ထိုရှောင်သည့်ဘက်သို့ လိုက်ပြီး တစ်ကိုယ်တော် လျင်မြန်စွာ လေထဲ၌ ကြိုးလျက် ခြေကန်ချက်တစ်ချက်ကို ခတ်ပစ်လိုက်သည်။

တစ်ကိုယ်တော် တွက်ချက်ထားသည့်အတိုင်း အကွက်က ဝင်သွားနိုင်ခဲ့သည်။

ကျောက်လက်သည်းမျက်နှာအား အရှိန်ပြင်းစွာ သူ၏ ခြေကန်ချက်အား သွားရောက်မှန်သည်။

'ဖြောင်း'



တစ်ကိုယ်တော်၏ဓားနှင့် လက်ပြန်ရိုက်ချက်ကို ကြောက်ရွံ့ပြီး ရှောင်ထွက်မိသော ကျောက်လက်သည်းမှာ မမျှော်လင့်ဘဲ ခြေကန်ချက်က ဝင်ရောက်လာသောအခါ လုံးဝ ရှောင်ကြဉ် မရရှိပါလေတော့။

လင်အိန်ဝိုး နောက်သို့ လန်ကျသွားရှာသည်။

သို့ရာတွင် သူက တစ်ကိုယ်တော်၏ ခြေထောက်အား သူ၏ ကျောက်လက်သည်းနှင့် ဆွဲခြစ်သွားခဲ့သေးသည်။

'ကျွတ် ကျွတ် ကျွတ်'

တစ်ကိုယ်တော်ခြေထောက်၌ သွေးချင်းချင်း နီသွားလေသည်။

ကျောက်လက်သည်းမှာမူ တစ်ကိုယ်တော်၏ ခြေကန်ချက်ကြောင့် ရုတ်တရက် ပြန်မထနိုင်ခဲ့ချေ။

အတွင်းအား အလွန် ကောင်းသောကြောင့်သာ သူ၏ မေးရိုး ပြုတ်ထွက်မသွားခြင်း ဖြစ်သည်။

နှစ်ဦးသား မျက်နှာချင်းဆိုင်လိုက်တော့ တစ်ဦး၏မျက်နှာကြီး ရွဲ့စောင်းနေပြီး တစ်ဦးမှာ ခြေထောက်က တရွတ်တိုက် ဆွဲနေတော့သည်။

သို့ရာတွင် ဓားတစ်လက်ကိုတော့ ကိုယ်စီကိုင်စွဲနေကြသေးသည်။

ကျောက်လက်သည်း အတွင်းအားတို့ကို ပြန်လည်စုစည်းယူလိုက်သည်။

သူက နာမည်ကျော် ကျောက်လက်သည်းကို ကွေးချည် ဆန့်ချည်ပြုသည်။

ခွန်အားများအား လက်သည်းထဲ ပို့လွှတ်ရနေသည်။
မျက်နှာကြီးကမူ ရွဲစောင်းမဲ့ရှုံ့နေသဖြင့် ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းနေ၏။

တစ်ကိုယ်တော်မှာမူ သူ့အားကိုးသော ခြေတစ်ဖက်က ကျောက်လက်သည်း ကုတ်ချက်နှင့် အသားဖတ်တို့ပါသွားပြီး သွေးစင်းကြောင်းကြီးများက အထင်းသား ပေါ်နေလေသည်။

အကယ်၍ ကျောက်လက်သည်း ရိုက်ချက်သာ ထိသွားပါမူ တစ်ကိုယ်တော်၏ ခြေထောက်မှာ သွင်သွင်ကျိုးကြေသွားနိုင်သည်။
ခုတော့ သူ့မှာ ဓားကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ကျောက်လက်သည်း၏ တိုက်ကွက်အား အလစ်မပေးအဲ သတိထား စောင့်ကြည့်နေရ၏။

ကျောက်လက်သည်း လေစွန်သိုင်းကိုစတင်လိုက်ပြီး စွန့်စားမှုကို ပြုလိုက်၏။
လေစွန်သိုင်းမှာ စွန်တစ်ကောင်နှင့် ခန္ဓာကိုယ်လေတွင်ဝဲလျက် ရန်သူအား အသေခံတိုက်ခိုက်သောနည်း ဖြစ်၏။
ပထမဦးဆုံး သူ၏ဓားကို တစ်ကိုယ်တော်ထံ ပစ်လွှတ်လိုက်သည်။
ဓား၏ အရှိန်ပြင်းစွာသွားနှုန်းအတိုင်း လူကလိုက်ပါသွားခဲ့၏။



တစ်ကိုယ်တော်က ဓားကို ရှောင်တိမ်းလိုက်လျှင် ဓားနောက်မှ ပါလာသောလူက ကျောက်လက်သည်းနှင့် ရိုက်ချရန် ဖြစ်သည်။
သူသေကိုယ်သေ စွန့်စားရသောသိုင်းကွက် ဖြစ်၏။
ရန်သူ၏ လျှပ်တစ်ပြက် တိုက်ခိုက်မှုလည်း လွယ်လွယ်ကူကူ မကာကွယ်နိုင်သော လှုပ်ရှားမှုမျိုးဖြစ်သည်။
သို့သော် တစ်ကိုယ်တော်သည်ကား သည်လိုတိုက်ကွက်မျိုးများအား တရုတ်ပြည်အနှံ့ သိုင်းခရီးဆန့်ခဲ့သူဖြစ်၍ တွေ့ဖူး ကြုံဖူးခဲ့လေပြီ ဖြစ်သည်။
အရှိန်ပြင်းစွာ စင်ရောက်လာသော ကျောက်လက်သည်း၏ ဓားအား သူ၏ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် နံနက်ဓားဖြင့် ထိချက်မှန်အောင် ရိုက်ချလိုက်လေရာ ကျောက်လက်သည်း၏ ဓားမှာ ဦးတည်ချက် ပြောင်းပြန်ဖြစ်ကာ ဓားနောက်မှ တရှိန်ထိုး ဝဲပျံလိုက်ပါလာသော ကျောက်လက်သည်း၏ ရင်ညွန့်ဆီသို့ တန်းခနဲ ထိုးစိုက်ဝင်သွား၏။
‘အား အား’
သူ၏ဓားနှင့် ရင်ညွန့်အား ထိုးဖောက် ဝင်သွားခြင်းကို အံ့အားကြီးသင့်ပြီး ညည်းညူနေရှာတော့သည်။
သူ၏ ကျောက်လက်သည်း ရိုက်ချက်ကိုမူ တစ်ကိုယ်တော်၏ သံနက်ဓားအား အပိုင်းပိုင်း ကျိုးပဲ့သွားစေတော့၏။
တစ်ကိုယ်တော်မှာမူ သံနက်ဓားအကျိုးကို လက်မှကိုင်လျက် မြေပြင်ပေါ်တွင် လဲကျနေလေ၏။
‘ကျေနပ်ပြီလား ကျောက်လက်သည်း’

တစ်ကိုယ်တော်က လဲနေရာမှ မေးလိုက်သည်။

'ကျေ....ကျေနပ်ပါပြီ တစ်ကိုယ်တော်၊ ဒီပွဲမှာ မင်း မင်း နိုင်ပါတယ်'

ကျောက်လက်သည်း ညည်းညူနေရာမှ ပြန်ကြားသည်။ သို့သော် လှုပ်ရှားမှုတစ်ခုနှင့် ဖြစ်သည်။

သူက နောက်ဆုံး တုံ့ပြန်မှုတစ်ရပ်ဖြင့် သူ၏ တပ်ဆင်ထားသော ကျောက်လက်သည်းတို့နှင့် ဖြုတ်ပစ်လိုက်ခြင်း ဖြစ်သည်။

ကျောက်လက်သည်းငါးခုက တစ်ကိုယ်တော်ထံ တန်းစီ ဝင်လာကြလေသည်။

'ချွင်....ချွင်....ချွင်'

တစ်ကိုယ်တော်က သတိထားနေသူဖြစ်၍ သူ၏ သံနက် ဓားပိုင်းကျိုးအတိုနှင့် ရိုက်ခတ်ဖယ်ရှားပစ်နိုင်ခဲ့သည်။

ကျောက်လက်သည်းတို့မှာ ပတ်ဝန်းကျင်ရှိ ဝက်သစ်ချ ပင်များအား သွားရောက်ထိမှန် စိုက်ဝင်ကုန်လေ၏။

တစ်ကိုယ်တော် ပဌမမြောက် နောက်ဆုံး လက်သည်းအား ရိုက်ဖယ်ပစ်ပြီးသည်နှင့်တစ်ပြိုင်နက် သံနက်ဓားအား ကျောက် လက်သည်းထံ ပစ်လွှတ်ပြန်၏။

သံနက်ဓားက အရှိန်နှင့် ကျောက်လက်သည်း၏ လည်မျို ကို ဖောက်ဝင်သွားခဲ့သည်။

'အင့်'

ကျောက်လက်သည်း မည်သည့်လှုပ်ရှားမှု မည်သည့်ခုခံမှု မျိုးတို့မှ မပြုလုပ်နိုင်ပါတော့ချေ။



တစ်ကိုယ်တော်လည်း နေရာမှ ဖြည်းညင်းစွာ ထရပ်လိုက် သည်

'အစ်ကိုလျှောင်'

ဝမ်တေလင်က သူ၏အစ်ကိုအား ဝမ်းသာအားရ ပြေးဖက် သည်။

တစ်ကိုယ်တော်မှာ သူ့ညီအား ဖက်လိုက်သည်နှင့် လက်တို မှာ ပြုတ်ကျသွားပြီး အရုပ်ကြိုးပြတ် ဖြစ်သွားလေတော့ သည်။

တကယ်တော့ ကျောက်လက်သည်း၏ လက်သည်းများမှာ အဆိပ်လူးထားခြင်းဖြစ်၏။

ထို့ကြောင့် ကျောက်လက်သည်း အဆိပ်များမှာ တစ် ကိုယ်တော်အား တက်ခြင်းဖြစ်၏။

ထို့ကြောင့် မေ့မြောသွားခြင်းသာ ဖြစ်လေသည်။

ဝမ်တေလင် သူ့အစ်ကို ကိုယ်ခန္ဓာကြီးအား ပခုံးမှထမ်း ကာ မ,ယူပြီး ကျောက်စိမ်းအိမ်သို့ ပြန်လာခဲ့တော့သည်။

## ( ၃၇ )

တစ်ကိုယ်တော်ဝမ်တိတ်လျှောင်မှာ ကျောက်လက်သည်း အဆိပ်တက်ပြီး သူ၏ညာခြေတစ်ဖက်အကြော သေသွားခဲ့လေတော့သည်။

အတွင်းအား အသွန်ကောင်းသူ ဖြစ်သောကြောင့်သာ အဆိပ်များမှာ ခြေအောက်ပိုင်းရှိ သွေးကြောများအားသာ ဖျက်ဆီးသွားနိုင်ခဲ့သည်။

သာမန်လူဖြစ်လျှင်မူ ကျောက်လက်သည်း၏ အဆိပ်ပြင်းအားကြောင့် တုံးခနဲ သေဆုံးသွားနိုင်ပါ၏။

ခုတော့ တစ်ကိုယ်တော်မှာ သူအားကိုးရသော ညာခြေတစ်ဖက် ဆုံးရှုံးသွားခဲ့ရလေပြီ။

ချိုင်းထောက်နှင့် လမ်းလျှောက်နေရ၏။

မကြာမီ သိုင်းလေ့ကျင့်မှုများအားပြန်လည်စတင်လုပ်ရန် စဉ်းစားနေမိ၏။

ချိုင်းထောက်နှင့် ရန်သူအား မည်သို့တိုက်ခိုက် အနိုင်ယူရမည်ကို တွေးနေ၏။

ချိုင်းထောက်အား ဓားလက်နက်သဖွယ် မွှမ်းမံဖန်တီး၍ လေ့ကျင့်ရလျှင် ကောင်းမည်ဟု ဆုံးဖြတ်လိုက်မိသည်။

ဝမ်တိတ်လျှောင်က ဝက်သစ်ချပင်အောက်၌ ချိုင်းထောက်ဖြင့် ရပ်လျက် တီယင်ချီသစ်တောဘက်သို့ သူငေး၍ ကြည့်ရှုနေခဲ့သည်။

သည် မှိုင်းညို့သော သစ်တောကား တောရိုင်း တိရစ္ဆာန်များနှင့် ပေါများကြွယ်ဝသော တောရိုင်းဖြစ်၏။

ယခင်က သည်တောရိုင်း တိရစ္ဆာန်များအား သူ ဓားတစ်လက်နှင့် တိုက်ခိုက်နိုင်စွမ်း၏။

ကျားတို့ ဝံတို့မကတောဘုရင် ဆင်ရိုင်းကိုပင်လျှင်မှုအတုန့်ယှဉ်ပြိုင် အနိုင်ယူခဲ့ဖူးသည်။

ခုသည် ဆင်ရိုင်း၊ ဆင်ပြောင်များနှင့် တွေ့လျှင် သူယခင်ကနှယ် အနိုင်မှ ယူလို့ ရပါတော့မလား။

တစ်ကိုယ်တော် အဆက်ဆက်မှ ရန်သူများအား ကာကွယ်နိုင်ရန် တွေးတောငေးမောမိလေသည်။

'အစ်ကိုလျှောင်'

'ဟင်....လင်ရင်လျှ'



မမျှော်လင့်ဘဲ သူမအား တွေ့ရှိလိုက်ရသဖြင့် တစ်ကိုယ်တော် အံ့သြသွားရ၏။

သူမ၏ မျက်နှာမှာ ညှိုးငယ် နွမ်းလျနေသည်ကို တွေ့ရသည်။

'ဘယ်လိုဖြစ်တာလဲ အစ်ကိုရယ်'

'ဒီလိုပဲပေါ့ ညီမရယ်၊ သိုင်းသမားဆိုတာ အဆင်မသင့်ရင် သေချင်သေမယ်၊ မသေရင် ဒုက္ခိတဖြစ်မယ်'

'ဩော်....အစ်ကိုရယ်'

သူမ မျက်လုံးအစုံ၌ မျက်ရည်တို့ ရစ်ဝဲနေလေသည်။

သူမက ဝမ်တိတ်လျှောင်အား မော့၍ ငေးကြည့်နေရှာသည်။

တစ်ကိုယ်တော်ဝမ်တိတ်လျှောင်ကသူမအား မှင်အံ့သြတကြီး စူးစိုက်ကြည့်သည်။

'ကြည့်စမ်းပါဦးအစ်ကိုရယ်၊အစ်ကို့ကိုကြည့်ရတာ ညီမစိတ်ဆင်းရဲလိုက်တာ'

'ဘာဖြစ်လို့လဲကွယ့်'

'ပါးမြိုင်းမွေးတွေ မုတ်ဆိတ်မွေးတွေ ထိုးထိုးထောင်ထောင်နဲ့'

'စိတ်ကြမ်းကိုယ်ကြမ်း ဓားသမားတစ်ဦးအတွက် ဒါတွေဟာ ဂရုစိုက်စရာလား ညီမရယ်'

'သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနေတော့ ကောင်းတာပေါ့ အစ်ကိုရဲ့'

'အစ်ကိုလိုက်ကို ကြည့်ပါလား၊ အမြဲတမ်း သန့်ပြန့်နေတာ၊ သူ့ကြည့်ရတာ စိတ်ကို ချမ်းသာနေမိတာပဲ'

'ဟဲဟဲ... ဘာလဲ အစ်ကို့ညီကို ညီမ ကြိုက်နေပြီထင်တယ် ဟုတ်လား'

လင်ရင်လျှံ မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားရှာသည်။

ရှက်သွေးလေးများ ဖြန်းသွား၍လည်း ပါးလေးများက နီမြန်းသွားပြန်သည်။

'ညီမက အစ်ကိုလိုကို အစ်ကိုရင်းလို ခင်တာပါ အစ်ကို'

'ဒါဖြင့် အစ်ကို့ကိုရော အဲဒီလို မခင်ဘူးပေါ့'

သူမထံမှ အသံတို့ တိတ်ဆိတ်ငြိမ် သက်သွားသည်။ အတန်ကြာမှ တိုးသက်စွာ ပြောလေသည်။

'အစ်ကိုလျှောင်ကို ညီမ ပိုခင်ပါတယ်အစ်ကိုရယ်'

တစ်ကိုယ်တော် မိန်းကလေးအား မျက်မှောင်ကြီးကုတ်ပြီး ကြည့်လျက် စဉ်းစားနေလေသည်။

'ဒါနဲ့ ညီမအခု ဘယ်သိပြီး လာတာလဲဟင်'

'အစ်ကိုလို ပြောတိုပေါ့'

'ဒီ ကျောက်စိမ်းအိမ်ကိုရော ညီမ သိလို့လား'

'လာချင်ရင် အနီးလေးပါအစ်ကိုရာ၊ မလာချင်ရင်ခရီးဝေးပါတယ် အစ်ကိုရာ'

သူ့အား အလည်ခေါ်၍မရခြင်းအား စကားနာထိုးနေခြင်း ဖြစ်သည်လို့ တစ်ကိုယ်တော် နားလည်လိုက်သည်။

'အစ်ကိုလျှောင်က ညီမတို့ကို မခင်ပါဘူး၊ အစ်ကိုလ တောင် အစ်ကိုလျှောင်ထက် ညီမတို့ကို ပိုခင်သေးတယ်'



'ဒါဆိုတော့ အစ်ကိုမငြင်းပါဘူးကွယ်၊ ဒီကောင်က ညီမကို တော်တော်လေး ခင်တာ၊ သူနဲ့ မတွေ့လိုက်နဲ့ ညီမတို့အကြောင်းသာ ပြောနေတာပဲ'

'အစ်ကို နားငြီးရောလား'

'ဒီလိုမဟုတ်ပါဘူးကွာ၊ အစ်ကိုက လူကြမ်း စိတ်ကြမ်း အနှောင့်အယှက်တွေကြားထဲက လူတစ်ဦး၊ ကိုယ့်ကြောင့် သူများ တကာ အနှောင့်အယှက် မရောက်စေချင်ဘူးကွယ်'

'အဲဒီလိုမပြောပါနဲ့အစ်ကိုရယ်၊ အစ်ကိုဟာ ညီမရဲ့ကျေးဇူးရှင် တစ်ဦးပါ'

လင်ရင်လျှံသည် ထိုသို့ပြောဆိုပြီး သူ့လက်ထဲတွင်ပါလာသော အထုပ်တို့ကိုဖြေလျက် တစ်ကိုယ်တော် အားပေးသည်။

'အာ ကွေးလေး၊ အစ်ကိုလျှောင် စားရအောင်ယူလာတာ'

'ဟာ...ညီမကလဲ ဒုက္ခရှာလို့ကွာ'

'စားလိုက်ပါ အစ်ကိုရယ်၊ အစ်ကိုစားမှညီမကျေနပ်မှာ'

သို့နှင့် တစ်ကိုယ်တော် တစ်ခုယူစားလိုက်ရ၏။

'ဟိုဥစ္စာတွေကရော ဘာတွေလဲ'

'မြှောင်းအနံတွေပါ၊ နွားနို့နဲ့စိမ်သောက်တာလေ ပြီးတော့ သောက်ပေါ့'

'ဒါဖြင့် ဒီဘက်ကဟာက'

'ပူတင်းပါအစ်ကို၊ကြက်ဥနဲ့ဖုတ်ထားတာ၊ အရသာအရမ်းရှိတာပဲ၊ အစ်ကို့ကို စားစေချင်လို့'

'ဟား....ငါ့ညီမကတော့ လုပ်လာပြီကွာ၊ ဒုက္ခပါပဲ'

တစ်ကိုယ်တော်မှာ အားနာလှသဖြင့် ညည်းညူလိုက်မိသည်။

'ဘာလဲ....အစ်ကို စိတ်ညစ်နေလားဟင်'

'အို....မညစ်ပါဘူးကွယ်၊ ညီမကို အားနာလွန်းလို့ပါ'

လင်ရင်လျှံမှာ တစ်ကိုယ်တော်အပေါ်၌ထိုင်ရင်း တစ်ချိုး တစ်ခု ကျေးမွေးနေလေသည်။

လူကြမ်းကြီး တစ်ကိုယ်တော်ကမူ တဝါးဝါးတဟားဟား နှင့် ပျော်ရွှင်ကြည်နူးနေပုံရလေသည်။

ထိုမြင်ကွင်းအား သူတို့နှစ်ဦးလုံး မသိအောင် စောင့်ကြည့်နေသူ တစ်ဦးရှိ၏။

ထိုသူကား ဝမ်တေလဂ်ပင်ဖြစ်လေသည်။

* * *

ထိုအချိန်၌ အန်ချွန်းတို့လူစုမှာ တစ်ကိုယ်တော်၏ အရေးအား ဆွေးနွေးလျက်ရှိကြ၏။

'တို့က ကျောက်လက်သည်းက တစ်ကိုယ်တော်ကို ရှင်းနိုင်လိမ့်မယ် ထင်တာ'



'နိုင်ကွက်တစ်ခုရှိလို့ နိုင်သွားတာနေမှာပေါ့၊ ကျောက်လက်သည်းက အင်မတန် အတွင်းအားကောင်းတဲ့ သိုင်းသမား တစ်ဦးပဲဟာ'

'ဘာပဲဖြစ်ဖြစ် တကယ်က ကျောက်လက်သည်း ရှုံးသွားလို့ တစ်ကိုယ်တော်ကို တွေ့နေကြရတာပဲလေ'

'အင်း....သူလဲ ချိုင်းထောက်ကြီးနဲ့ အတော်ခံလိုက်ရတယ် နဲ့ တူပါတယ်'

'ဒါက အရေးမကြီးဘူး၊ ဆရာ့အတွက် သတင်းတစ်ခု ပေးရဦးမယ်'

'ဘာများလဲကွ၊ ပြောစမ်းပါဦးချွန်ထောင်ရဲ'

သူက အန်ချွန်း၏မျက်နှာအား အကဲခတ် လှော့လာလိုက်သည်။

'ဆရာ့ကောင်မလေး လင်ရင်လျှံကို ကျောက်စိမ်းအိမ်မှာ ခဏ ခဏ တွေ့တယ်၊ တစ်ကိုယ်တော် ချိုင်းထောက်ကြီးနဲ့ ဝက်သစ်ချပင်အောက်မှာ နှစ်ဦးတည်းဗျ'

'ဘာ....'

အန်ချွန်းမျက်နှာကြီးမှာ ဒေါသများနှင့် နီမြန်းသွားလေသည်။

'သူတို့နှစ်ယောက် ကြိုက်နေကြလို့လား'

'ပုံစံကြည့်ရတာတော့ အဲ့လို အနေအထားပဲ'

'တောက်....'

အန်ချွန်းမှာ မကျေမနပ်နှင့် 'တောက်'ခေါက်လိုက်သည်။

'ဒုက္ခတ ခေါးသမားကိုများ....ဟင်း'

နှုတ်မှလည်း မကျေမချမ်းနှင့် မြည်တမ်းလိုက်လေသည်။

'သူ့ညီနဲ့ ကြိုက်တာများလားကွာ'

တစ်ဦးသောလူက မယုံနိုင်ဟန်နှင့် မေးမြန်းလေသည်။

'အေး....သူ့ညီကတော့ ကောင်မလေးအိမ် အဝင်အထွက် ရှိတယ်၊ ဒါပေမယ့် ကောင်မလေးက ကျောက်စိမ်းအိမ် သွားရင် အဲဒီ တစ်ကိုယ်တော်နဲ့ပဲ ပြောဆိုကြည်နူးနေကြတာ တွေ့တယ်၊ သူတို့နှစ်ယောက် ကြိုက်နေကြတာ ဖြစ်မှာပါ၊ ကျိန်းသေတယ်'

အန်ချွန်း မျက်မှောင့်ကြီးနီလျက် တစ်စုံတစ်ခုကို စဉ်းစား နေလေသည်။

တစ်ကိုယ်တော်ကို သူ မည်ကဲ့သို့ လက်စားချေရ မည်နည်း။

တစ်ကိုယ်တော်ကို မည်ကဲ့သို့ အပျောက်ရှင်းရမည်နည်း။

'ခုနေ ဒုက္ခတဖြစ်နေတဲ့ တစ်ကိုယ်တော်ကို ဝိုင်း လုပ်ကြရင် မကောင်းဘူးလား ဆရာ'

တစ်ဦးက ဝင်ရောက်အကြံပြုသဖြင့် အန်ချွန်းလက်ဖျောက် တစ်ချက် ခတ်လိုက်သည်။

'အေး....ငါလဲ အဲဒါပဲ စဉ်းစားနေတာ၊ ဟိုလူစု သူ့ကို ဝိုင်းတိုက်ရင် ဖြစ်နိုင်မလားလို့'

'ကြေးစား သိုင်းသမားလောက် ထပ်ရှာလို့ရရင် ကောင်း မလား ခင်ဗျာ'

'ဘာပဲဖြစ်ဖြစ် အဲဒီတစ်ကိုယ်တော်ရှင်လဲသေမှ ငါရှင်သဲ့ သေမှဖြစ်မယ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တိုက်မယ်'



သို့ဖြင့် သူတို့လူစုမှာ တစ်ကိုယ်တော်လုပ်ကြံရေးစီမံချက် ကို အကောင်အထည်ဖော်ရန် ဝိုင်းပြင်းကြလေတော့သည်။

အန်ချွန်း သူ၏မိတ်ဆွေများထံမှ ငွေများ ထပ်မံတောင်းခံရ ပြန်၏။

* * *

တီယင်ချီ သစ်တောတွင်း၌ ဖြစ်သည်။

မြင်းထန်သောမုန်တိုင်းတစ်ခု ဝင်ရောက် တိုက်ခတ်သွား သည့်အလား သစ်ပင်တို့ အလဲလဲအပြိုပြို ဖြစ်နေလေသည်။

ဘဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် အသံတို့ကလည်း ဆူညံနေ သည်။

တစ်ခါတစ်ရံတွင် ဆင်ရိုင်းအော်သံကဲ့သို့ကဝူးဝူးကြားရပြီး တစ်ချက်တစ်ချက်တွင်မူ ကျားဟိန်းသံ တဝေါင်းဝေါင်းကို ကြားနေရပြန်သည်။

တကယ်တော့....

တောတွင်းသို့ ဝင်ကြည့်မည်ဆိုပါက ဆင်ရိုင်းတစ်ကောင် နှင့် ကျားနှစ်ကောင်တို့ သတ်ပုတ်ကိုက်ခဲနေခြင်း ဖြစ် သည်။

ဆင်ရိုင်းကြီးမှာအစွယ်နှစ်ချောင်းက ရှေ့သို့တစ်လံခွဲလောက်ရှိအောင် ငေါ်ထွက်နေလေသည်။

အမြင့်မှာလည်း အိမ်ကြီးတစ်လုံးကဲ့သို့ မြင့်မား၏။

ကိုယ်လုံးဆိုပြန်လျှင်လည်း အုတ်နံကြီးအလား ထုထဲကြီးမားလှသည်။

နှာမောင်းကြီးက ရှည်လျားသလောက် လုံးပတ်လည်း ငှက်ပျောပင်လုံးခန့် ရှိသည်။

သူနှင့် တိုက်ခိုက်နေသော ကျားနှစ်ကောင်မှာမူ ကျားပျိုများသာ ဖြစ်ကြ၏။

ရှစ်တောင် ကိုးတောင်ခန့်ရှိမည့် တကယ့်အားကောင်းမောင်းသန် ကျားများဖြစ်သည်။

ပါးစပ်ကိုဖြဲ၍ မာန်ဖီလိုက်သောအခါ၌ အစွယ်များမှာ တစ်မိုက်ခန့်ထွက်လာသည်ကို မြင်ရသည်။

အဝါရင့်ရင့်၌ အမည်းစင်းများထင်းနေအောင် အဆင်းရှိသည့်ကျား၏ ခန္ဓာမှာ ကြွက်သားကြီးများဖြင့်တောင့်တင်းလေးလံလှသည်။

ကျားနှစ်ကောင်မှာ ဆင်ရိုင်းအား ခုန်အုပ်ပြီး ခဲထားကြသည်။

တစ်ကောင်က ကျောပြင်ကို တက်၍ ခဲထားသလို တစ်ကောင်ကလည်း ဦးခေါင်းကိုတက်၍ ခဲထားလေ၏။

ဆင်ရိုင်းကြီးမှာ ကျောပြင်မှ ရန်သူနှစ်ကောင်အား ခါချချင်သဖြင့် တောတွင်း၌ တဝူးဝူးမုန်ယိုအော်ဟစ်ရင်း လျှောက်ပြေးသည်။



သစ်ပင်ကြီးများနှင့် ဝင်ဆောင့်သည်။

သစ်ပင်ငယ်များအား နှာမောင်းနှင့် ဆွဲချ၍ကျောပြင်ကို ရိုက်၏။

ဆင်ရိုင်းကြီး ဒေါကန်နေသည်မှာ တစ်တောလုံး မြောင်းဆန်နေတော့သည်။

သားကောင်ငယ်များ ကြောက်ရွံ့ ထိတ်လန့်စွာ ဝေးရာသို့ ပြေးထွက်ကုန်ကြပြီ ဖြစ်သည်။

ဆင်ရိုင်းကြီး တောသဲကို ဝင်တိုးသည်။

သစ်ပင်ကြီးများ၏ အကိုင်းများနှင့် ကျောပေါ်မှကျားတို့ ရိုက်မိပြီး မြေပေါ်သို့ ပြုတ်ကျသည်။

ကျလာသော ကျားပျိုတစ်ကောင်ကို သူ၏ နှာမောင်းကြီးနှင့် ဆွဲလိမ်ဖမ်းယူပြီး ကိုင်ရိုက်လိုက်၏။

ဘုံးခနဲ အသံနှင့်အတူ ကျားကိုယ်နှင့် မြေကြီးရိုက်သံ ကျယ်လောင်စွာ ထွက်ပေါ်သွားသည်။

မထနိုင်သော ကျားပျိုအား ခြေနှင့် နင်းခြေပြန်၏။

တဝေါင်းဝေါင်းနှင့် အဆိုကျားပျိုခမျာ အောင်မြည်ညည်းတွားနေရှာသည်။ နှာမောင်းနှင့်လည်း အခါခါ ရိုက်ချ၏။

မကြာမီ ၎င်းကျား အသက်ပျောက်သွားတော့သည်။

ဒုတိယကျားက သူ၏ ဦးခေါင်းအား ကိုက်ခဲထားဆဲရှိသည့် ဆင်ရိုင်းကြီး ဦးခေါင်းကို နှာချိုစွာ ခါယမ်းနေ၏။

ကျားကလည်း ကျားကုပ်ကျားခဲ တွယ်ကပ်ထားသည်။ ကျလုကျခင်ရှိသည်။

သို့ရာတွင် သူ၏ ကြီးမားသော အစွယ်နှင့် ကိုက်ခဲထားဆဲပင်။

သည်တွင် ဆင်ရိုင်းကြီးက ရုတ်တရက် ခေါင်းကို ခါယမ်းရင်း သူ၏ နှာမောင်းကြီးဖြင့် ဦးခေါင်းထက်မှ ကျားအား ပတ်ရိုက်ချသည်။

ကျားပျို့မှာ မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး ကျရောက်သွားရှာသည်။

ကျလာသောကျားအား ခြေနှင့် နင်းပြီး သူ၏ ကြီးမားသော အစွယ်နှင့် ထိုးကော်လိုက်သည်။

အစွယ်ချွန်ချွန်ငေါငေါမှာ ကျား၏ ဝမ်းဗိုက်ကို ထိုးဖောက်ပြီး မြောက်တက်ပါသွား၏။

ကျားဗိုက်မှ သွေးတို့ ဒလဟော စီးဆင်းလာသည်။ အစွယ်ဖျားမှ ကျားကိုယ်ကြီးအား နှာမောင်းနှင့် ပတ်လိပ်ကာ ကိုင်ရိုက်ချလိုက်ပြန်သည်။

သည်တစ်ခါတော့ ကျားမှာ ဝေါင်းဆိုသော အသံသဲ့သဲ့ တစ်ချက်သာ အော်မြည်နိုင်ပြီး အသက်ပျောက်သွားလေ၏။

ဆင်ရိုင်းကြီးက အောင်နိုင်သူတစ်ဦးပမာ အော်မြည်လိုက်၏။

'ဝူး....ဝူး'

တီးခင်ချီတစ်တောလုံး ဆင်ရိုင်းအော်သံက ပဲ့တင်ထပ်ပြီး ဟိန်းထွက်သွားလေသည်။

'အင်း....ဒါကြောင့်မို့ သတ္တဝါဟို့ရှိရဲ့ဘုရင် ဆင်မင်းလို့ခေါ်ကြတာကိုး....'



ကျားနှင့် ဆင်ရန်ပွဲအား စောင့်ကြည့်နေကြသူများထဲမှ အန်ချွန်းက ဆင်ကြီးအား ချီးကျူးပြီး ပြောကြားလိုက်သည်။

'အေး....အဲဒီ တောဘုရင် ဆင်ကြီးရဲ့ ကံကြမ္မာကို စောင့်ကြည့်ကြပါဦးလေ'

သူတို့ထဲမှ နှုတ်ခမ်းမွေးကုပ်ကုပ်နှင့် မုတ်ဆိတ်မွေးရှည်ရှည် မျက်ခုံးမွေး ထူထူနှင့် လူကြီးတစ်ဦးအား ပြောလိုက်သည်။

သူက ပုန်းကွယ်နေရာမှ ရှေ့သို့ ထွက်လိုက်သည်။

ထို့နောက် လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်ရာ ဆင်ရိုင်းကြီးက လှည့်ကြည့်၏။

သူ့အား မြင်သွားလေသည်နှင့် တစ်ရှိန်ထိုး ပြေးလာပြန်သည်။

နားရွက်ကြီးကားကားနှင့် ခန္ဓာကြီး အိပက်ပက်ဖြင့် နှာမောင်းကို ယမ်းခါလျက် ဆင်ရိုင်းကြီး ပြေးလာပုံမှာ ကြောက်ရွံ့ထိတ်လန့်စရာပင်ဖြစ်သည်။

သို့သော် မုတ်ဆိတ်မွေးရှည်နှင့်လူက လုံးဝမမှု၊ ခပ်အေးအေးပင် ဆင်ရိုင်းကြီးအား စောင့်ဆိုင်းနေ၏။

ဆင်ရိုင်းကြီး အနီးရောက်သောအခါမှ သူ့လက်ကို တစ်ချက် လှုပ်ခတ်လိုက်သည်။

ပြောင်လက်သော အရာလေးတစ်ခု ထိုလက်ထဲမှ ပြေးထွက်သွားပြီး ဆင်ရိုင်းကြီး၏ နဖူးတည့်တည့်သို့ သွားမှန်၍ စိုက်ဝင်၏။

ပြေးနေရာမှ ဆင်ကြီးမှာ တုံ့ခနဲ ဖင်ထိုင်ကျသွားသည်။

ထို့နောက် ဝူးခနဲ တစ်ချက်အော်ကာ ဘေးတိုက် ပြိုလဲကျသွားတော့သည်။

'ဝုန်း...'

သင်ရိုင်းကြီး လဲပြိုသံမှာ တောလုံးညံသွားတော့သည်။ အန်ချွန်းနှင့် သူ၏ ဓားသမားတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။

ကျေနပ်အားရသော အမူအရာများ သူတို့၏ မျက်နှာ၌ အထင်းသား ပေါ်သွားကြတော့သည်။

'အား...မှတ်ဆိတ်ဖြူ ယန်အိတ်ကားရဲ့ အသိပ်လက်နက်က တကယ်စွမ်းတာပဲဟေ့'

* * *

တီးယင်ချိတောအုပ်ထဲသို့ မြင်းတစ်စီး အပြင်းဒုန်းစိုင်းနှင်လာ၏။

သူ တိုးဝင်လာသော တူရူအရပ်၌ သစ်ပင်ကြီးငယ်တို့ဖြင့် ပိတ်ဆို့ တားဆီးနေလေသည်။

သူက ကွက်လပ်ကွင်းပြင်မှာ နှင်လာခြင်းဖြစ်သည်။



တဖြည်းဖြည်း တောစပ်သို့ သူ၏မြင်း ရောက်ရှိလာလေသည်။

တပိုးပိုးနှင့် ဝှေ့ယမ်းလျက် တောထဲသို့ စိုင်းဝင်သွားသည်။

သူ တိုးဝင်ရောက်သွားသော တောထဲမှ သစ်ပင်ကြီးငယ်တို့ တဝုန်းဝုန်းနှင့် ပြိုလဲပြတ်ကျသံတို့ ပေါ်ထွက်လာကြသည်။

တစ်ဖန် တစ်နေရာမှာ သစ်ပင်တို့ တဝုန်းဝုန်း ပြိုလဲသံတို့ ကြားရပြီး တောတွင်းထဲမှ ထိုမြင်း ဒုန်းစိုင်းထွက်လာပြန်၏။

သူ တောထဲ ဝင်ရောက်သွားသော လမ်းတစ်လျှောက် သစ်ပင်များ လဲပြိုပြတ်ကျနေသည်ကို တွေ့ရှိနေသကဲ့သို့ သူ တောထဲမှ ထွက်ပေါ်လာသော လမ်းတစ်လျှောက်မှာလည်း သစ်ပင်ကြီးငယ်တို့ ပြိုကျနေသည်ကို တွေ့မြင်ရလေသည်။

သူ တောစပ်သို့ ထွက်ပေါ်လာပြီး ကွက်လပ်ကို ဖြတ်နှင်နေပြန်သည်။

သူ မြင်းစီးပုံမှာ အသားကျ၍ အလွန်လှပသောကြောင့် မြင်ရသူတို့မှာ ရင်သပ်ရှုမောဖြစ်လျက် ငေးမောနေမိကြသည်။

အန်ချွန်းနှင့် သူ့နောက်လိုက်များ သစ်ပင်ရိပ် တစ်ခိုပ်အောက်ဝယ် သူတို့ဆီနှင်လာသော ထိုမြင်းသည်တော်အား လှမ်းမျှော်ကြည့်ရှုနေမိ၏။

မြင်းစီးသမားက သူ၏ ဓားပြားကြီးအား ဝှေ့ယမ်းလာသည်။

သူတို့နှင့် တဖြည်းဖြည်း နီးကပ်လာ၏။

မြင်းသမားက သူ့လက်ထဲမှ ဓားပြားကြီးကို လွှတ်လိုက်သည်။

ဓားကြီးမှာ လိမ့်ကာ လှည့်ကာနှင့် လွင့်လာသည်။

'ဝုန်း'

'ဝုန်း'

ဓားပြားကြီးက သူတို့ အရိပ်ခိုနေသော အပင်အား လာရောက်ထိမှန်ဖြတ်တောက်သွားသဖြင့် သစ်ကိုင်းတို့ တဝုန်းဝုန်း ပြတ်ကျလာခြင်း ဖြစ်လေသည်။

အန်ချွန်းတို့လူစုမှာ အရိပ်ခိုနေရာမှ လွင်တီးခေါင်ထဲ ရပ်နေသည်သို့ ဖြစ်သွားရတော့သည်။

သစ်ကိုင်း သစ်ရွက် သစ်ခက်တို့မှာ မြေပြင်မှာ ပြားပြားဝပ်သွားခဲ့လေပြီဖြစ်၏။

'ဟား....ဓားပျံ အုံအိုက်ရှားရဲ့ အစွမ်းက အံ့သြစရာပေ့၊ ရန်သူသာဆိုရင် လည်ပြတ်ကုန်ပြီ'

ချွန်ထောင်က ဓားပျံအုံအိုက်ရှား၏ ဓားစွမ်းအားခိုးကျူး လိုက်သဖြင့် အန်ချွန်းကား အားရကျေနပ်စွာ လက်မထောင်ပြလိုက်လေသည်။

မကြာမီ အုံအိုက်ရှား မြင်းနှင့် သူတို့ရှေ့သို့ ရောက်ရှိလာသဖြင့် အန်ချွန်းနှင့် သူ၏ နောက်လိုက်တို့မှာ လက်ခုပ်တီးရင်း ဂုဏ်ပြုကြိုဆိုကြလေသည်။

* * *



ထိုနေ့က ဝမ်တိတ်လျှောင်မှာ ကျောက်ခိမ်းအိမ်မှ မြေနီလမ်းလေးအတိုင်း ထွက်လာခဲ့သည်၊

လင်ရှင်လျံ သူနှင့်ဆုံနေကျ ဝက်သစ်ချပင်အောက်သို့ လာခြင်း ဖြစ်လေသည်။

သည်နေရာမှာ မိန်းကလေးအား သူစောင့်ကြိုနေကျ ဖြစ်သည်။

လင်ရှင်လျံနှင့်သူ သံယောဇဉ်ဖြစ်မိလေမှ....

သူလေးအား မျှော်မိခြင်း၊ သူလေးအား သတိရခြင်း၊ သူလေး အတွက် စိုးရိမ်မိခြင်း စသည့်စသည့် ဝေဒနာတို့ သူ့ရင်ထဲမှာ ခံစားလာရဖူးသည်။

စိတ်ကြမ်းလူကြမ်း ဖြစ်နေသော တစ်ကိုယ်တော် သိုင်းခရီးသည်ကြီး တီယင်ချိဒ္ဓ သံယောဇဉ်ဒြိုတွယ်နေခဲ့ရပြီ ဖြစ်လေသည်။

ဒုက္ခိတဘဝနှင့် မိန်းကလေး၏ အပြောအဆို အယုအယ အကြင်နာများ၌ ကြည်နူး ပျော်ရွှင်ရကောင်းမှန်း သိလာခဲ့သည်။

နူးညံ့ သိမ်မွေ့မှုများမှာ အချစ်၌သာ ရှိသည်ကိုလည်း တစ်ကိုယ်တော် တွေ့ရှိနားလည်ခဲ့ရ၏။

ညီဖြစ်သူ ကြိုက်နှစ်သက်နေကြောင်း သိရှိထားသဖြင့် မိန်းကလေးအား သူ စိတ်မဝင်စားဘဲ နေကြည့်၏။

ရှောင်ကြဉ်၏။

ခပ်ဝေးဝေးမှာ နေကြည့်၏၊

သို့သော် မိန်းကလေးက သူ့ညီ လူချောလူလှ လူယဉ်ကျေးကို မကမ်းဘဲ သူ့ကိုသာ လက်ကမ်းခဲ့သည်အား တစ်ကိုယ်တော် တွေ့ရှိရတော့ ညီအတွက် စိတ်မကောင်းဖြစ်မိ၏။

မိန်းကလေးနှင့် အနေများလာသောအခါ မှာလည်း သူနှစ်မျော မျော်ရှင်နေမိသည်မှာ အမှန်ဖြစ်သည်။

မိန်းကလေး လာနိုင်မည့်နေရာ၌ သူ့မှာ ဝက်သစ်ချပင် ဝယ် စောင့်မျှော်နေမိသည်မှာ အမြော။

လာပြန်လျှင်လည်း မပြန်စေချင်သည်မှာသူ၏ အတွင်းစိတ်ကလေးများ၏ ဆန္ဒအရင်းခံ။

သို့သော် သူ မိန်းကလေး လင်မျင်လျှံကို ရင်ထဲရှိသမျှ ဖွင့်မဆိုဖြစ်ခဲ့သေး၊ ဖွင့်ဟပြောဆိုဖို့ရန် ဝန်လေးနေသဲ ရှိသေးသည်။

မည်သို့ဖြစ်စေ မိန်းကလေးကလည်း သူ၏ရင်ထဲမှ အတွင်းစိတ်ကလေးကို ရိပ်မိနေပြီဖြစ်သည်။

သူမထံမှ အတွင်းစိတ်လေးကိုလည်း တစ်ကိုယ်တော်က သိရှိနားလည်ပြီး ဖြစ်ပေါ၏။

သူတို့နှစ်ဦး၌ ပွင့်ပွင့်လင်းလင်း ရှိကြဖို့သာ ရှိတော့လေသည်။

ထို့ကြောင့် သည်နေ့ လင်ရင်လျှံ မိန်းမပျိုလေးအား သူ ချိန်းထားခဲ့သည်။

သူမ လာလျှင်ဖြင့် သူ့ရင်ထဲမှ မျိုသိပ်ထားမှုအား ဖွင့်ဟလိုက်ပော့မည်ဟု ဆုံးဖြတ်လိုက်မိလေသည်။



သူ မိန်းကလေးအား ဝက်သစ်ချပင်အောက်ဝယ် မျှော်နေမိတော့သည်။

သို့ရာတွင် တစ်ကိုယ်တော်၏ မျှော်လင့်ဆန္ဒများက ပြည့်မလာခဲ့။

( ၃၈ )

မျှော်နေမိသည်ကတော့ သံယောဇဉ်ရှိရသော လင်ရှင်လျံ။

ရောက်ရှိလာသူများက အမုန်းပွားနေကြသော အန်ချုန်းတို့လူစု။

သူတို့က ကုန်းအောက်မှ တက်လာကြသည်။ ဝက်သစ်ချပင်အောက်မှ စောင့်ကြိုသည်။

အန်ချုန်း၏ နံဘေးမှာ လူစိမ်းတို့ ပါလာကြ၏။

တစ်ကိုယ်တော် သိရှိလိုက်ပါပြီ။

အန်ချွန်း ကြေးစားလူသတ်သမားတို့ကို ခေါ်လာပြန်‌ချေပြီ ဖြစ်မည်။

သူက ထောက်ထားသော ချိုင်းထောက်ကို ဆလိုက်လေသည်။

ချိုင်းထောက်မှာ သံမဏိဖြင့် ပြုပြင်ဖန်တီးထားသည်မှာ မကြာသေး။

သည်ချိုင်းထောက်နှင့် သူ ပွဲမဝင်ခဲ့ရသေး။

ခုတော့ သူ့ချိုင်းထောက်ကို လက်နက်လုပ်၍ ရန်သူကို ရင်ဆိုင်ရပေတော့မည်။

'အဲဒါပဲ....တစ်ကိုယ်တော် ဝမ်တိတ်လျှောင်ဆိုတာ'

အန်ချွန်းက ခပ်လှမ်းလှမ်းမှာရပ်ပြီး ခေါးကိုယမ်းကာ သူ့ကြေးစား လူသတ်သမားများအား ပြောလိုက်သည်။

'ဟား ဟား ဟား ငါတို့တိုက်ရမယ့်လူက ဒုက္ခိတကြီးပဲကွ၊ လူမှားနေပါမယ်ကွာ၊ သေသေချာချာ ကြည့်စမ်းပါဦး'

မုတ်ဆိတ်ဖြူ ထန်အိတ်ကီးက အန်ချွန်းအား ရယ်မောပြီး ပြောလိုက်သည်။

တစ်ကိုယ်တော် မျက်မှောင်ကုပ်လိုက်မိ၏၊

'ငါတို့က လူသတ်ဖို့လာတာကွ၊ မင်းတို့ဟာက ငွေစထည့်ခဲ့ရမလို ဖြစ်နေပါပြီကွာ'

ခေါးပြားကြီးအား လက်မှဆွဲလျက် ခေါးပျံ အုံအိုက်ရှားက တစ်ကိုယ်တော်အား စော်ကားလိုက်ပြန်ပါသည်။

'အဲဒီ ဒုက္ခိတကို မင်းတို့ မှည့်တစ်ပေါက် စွန်းအောင် တိုက်ကြည့်ကြစမ်းကွာ'



တစ်ကိုယ်တော်က ကြေးစားတို့အား စိန်ခေါ်လိုက်သည်။

'ဟား....ဟား....ဟား....တစ်ကိုယ်တော် ခြေကျိုးအတွက် သေရမယ့်ရက် စေ့နေပြီကွ၊ ဒီယင်ချီမှာ မင်းသေမှုဖြစ်မှာ၊ ငါ့ရှေ့မျက်နှာကို အရှက်ခွဲတဲ့ကောင်၊ ငါ့ရဲ့အသည်းကို ခေါးနဲ့ခွန်းတဲ့ကောင်၊ မင်းကောင်မလေး ရောက်လာတဲ့အချိန်ဆိုရင် ဟောဒီ ဝက်သစ်ချပင်အောက်မှာ မင်းအလောင်းကိုပဲ တွေ့သွားစေရမယ်ကွ၊ ဟား....ဟား....ဟား..'

ပြောပြောဆိုဆို အန်ချွန်းက သူ၏ခေါးကို လက်ပေါ်မှာ လှည့်ကစား ပြလိုက်သည်။

'ဟေ့ကောင် အညံ့စား ခေါးသမား အရှက်မရှိ ကြေးစားခွေးတွေကို ခေါ်လာပြီး ရှုးတိုက်မနေနဲ့ ကျောက်လက်သည်းလို အသေဆိုးသေချင်တဲ့လူ အရင်တက်ခဲ့စမ်း'

တစ်ကိုယ်တော်၏စကား ကြားလိုက်တော့ ကြေးစား ထန်အိတ်ကီးနှင့်အုံအိုက်ရှားတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။

ကျောက်လက်သည်းကို သူတို့သိထားကြပါသည်။

ကိုယ်ခံအားကောင်းပြီး အတွင်းအား အသွန်ကြီးမားသော ပုဂ္ဂိုလ်၊ ထိုကဲ့သို့သော သိုင်းသမားကျော်အား အနိုင်တိုက်ခိုက်နိုင်သည်ဆိုတော့သူတို့ နည်းနည်းတော့ လန့်သွား၏၊

သို့သော် သူတို့နှစ်ဦးအား ကြေးစားခွေးဟူ၍ သမုတ်လိုက်သဖြင့် ကိုယ်စီဒေါသကန်နေကြလေသည်။

တစ်ကိုယ်တော် သူ၏ ချိုင်းထောက်ကို တည်ငြိမ်စွာ မလိုက်သည်။

‘ဟေ့ကောင်…သူဌေးသားဆိုတဲ့ကောင် တက်ခဲ့လေ’

အန်ချွန်း တက်မလာရဲပေ၊ မုတ်ဆိတ်ဖြူ ထန်အိတ်ကီးကို ကြည့်လိုက်သည်။

ထန်အိတ်ကီးကလည်း နားလည်လိုက်သည်။ လျှပ်တစ်ပြက် သူ၏လက်က လှုပ်ရှားလိုက်လေသည်။

တစ်ကိုယ်တော်က သူ့ထက်မြန်သည်။

သူ့၏လက် လှုပ်လိုက်သည်နှင့် သံမဏိချိုင်းထောက်ကို တစ်ကိုယ်တော် မယူပြီး ဖြစ်သည်။

သူ့ထံ တန်းတန်းမတ်မတ်ပြေးဝင်လာသော လက်နက် ပုန်း ကြယ်စကြာအား သံမဏိချိုင်းထောက်နှင့် ရိုက်ထုတ်ပြီး သား ဖြစ်သည်။

ကြယ်စကြာက ဝက်သစ်ချပင်အား သွားရောက်စိုက်ဝင် သည်။

ဝက်သစ်ချပင်မှ အရွက်တို့ ချက်ချင်းညှိုး၍ ကြွေကျ ကုန်သည်။

‘ဩော်….ဩော်….အဆိပ်ခတ်ထားတဲ့ ဆိတ်ပါးစပ်တွေ ခေါ်ခဲ့တာကိုး’

တစ်ကိုယ်တော်က ပြက်ရယ်ပြုလိုက်သဖြင့် မုတ်ဆိတ်ဖြူ ထန်အိတ်ကီးမှာ နှုတ်ခမ်းမွေးတို့ ထောင်သွားလေသည်။

‘ဝှီး….ဝှီး….’

‘ဝှီး….ဝှီး….’

ဓားပျံ အုံအိုက်ရှား ဓားပြားကြီးအား ငှေ့ယမ်းကာ တစ်ကိုယ်တော်ထံ ခုန်ဝင်သွားပြန်၏။



မမျှော်လင့်ဘဲ တစ်ကိုယ်တော်ထံမှ တန်ပြန်ခြင်းအား ခံလိုက်နေရပြန်၏။

သံမဏိချိုင်းထောက်မှ ဆတ်ခနဲ ထိုးထွက်ကာ သူ၏ ဓားပြားထက် ပို၍ အရှိန်ပြင်းသော ငှေ့ယမ်း လည်ပတ် မှုနှင့် ရင်ဆိုင်လိုက်ရသည်။

‘ချွင်….ချွင်….ချွင်….’

သံချင်းထိခတ်သံမှတစ်ဆင့် မီးပွင့်တို့ လွင့်ထွက်နေသည်။

တစ်ကိုယ်တော်က အဝေးသို့ကျရောက်သွားစဉ် အုံအိုက် ရှား၏ ဓားပျံက ကပ်လိုက်ပါလေသည်။

‘ဖလပ်….ဖလပ်….ဖလပ်’

ဓားပြားကြီးက လိမ့်ကာလည်ကာနှင့် တစ်ကိုယ်တော် ထံသို့ ဦးတည်လာလေသည်။

‘ချွင်….’

တစ်ကိုယ်တော်က သံချိုင်းထောက်နှင့် လှည့်ပတ်ရိုက်ပစ် လိုက်ရာ ဓားပျံကြီးမှာ ဝက်သစ်ချပင်၏ ပင်စည်ကို သွားရောက် ခုတ်ဖြတ်လေသည်။

‘စွန်း….’

ဝက်သစ်ချပင်ကြီးတစ်ပင်မှာ လဲကျသွားလေသည်။

အန်ချွန်းနှင့် သူ၏နောက်လိုက် ဓားသမားတို့က တစ်ကိုယ် တော်အား ဝိုင်းဝန်း တိုက်ခိုက်ကြလေသည်။

တစ်ကိုယ်တော်က သိုင်းရဟတ်ကိုထုတ်ပြီး ပြန်လည် တိုက်၏။

ချိုင်းထောက်ကြီးအား ရဟတ်တစ်ခုနှယ် လေထဲဝဲပျံကာ ဝှေ့ယမ်းပြီး သိုက်လံတိုက်ခိုက်သည်။

သံချိုင်းထောက်မှာ သူတို့ စတာ တွေ့စဉ်တုန်းကနှယ်ရိုးရိုး ချိုင်းထောက်မဟုတ်တော့။

အလှန်ထက်ရှသော သုံးမြှောင့်သွားနှင့် ထိပ်တွင်လည်း ချွန်မြသော ဆူးချွန်ဖြစ်နေလေပြီ။

တစ်ကိုယ်တော်၏ သံမဏိ ချိုင်းထောက်နှင့် ထိခိုက်၍ ဓားသမားများ လွင့်စဉ်ထွက်ကုန်သည်။

အန်ချွန်းလည်း တုန်လှုပ်ချောက်ချားပြီးခုန်ထွက် ရှောင်ပြေးရတော့သည်။

ထိုစဉ် မုတ်ဆိတ်ဖြူ ထန်အိတ်ကီးထံမှ အဆိပ်လက်နက်ပုန်း ကြယ်စကြာတို့ တစ်ခုပြီးတစ်ခု တစ်ကိုယ်တော်ထံ ပြေးဝင်လာကြသည်။

တစ်ကိုယ်တော်ကလည်း သူ၏ သိုင်းရဟတ်နှင့် တရစပ်ရိုက်ထုတ်နေရလေသည်။

'ဖလပ်....ဖလပ်....ဖလပ်'

ဓားပျံတစ်စင်းက ထပ်မံဝင်ရောက်လာပြန်လေသည်။

တစ်ကိုယ်တော် လျင်မြန်စွာ ရှောင်ဝင်လိုက်သော်လည်း ဓားပြား၏အသွားက သူ၏ ဘယ်ခြေထောက်အား ရှပ်ခုတ်သွားလေသည်။

တစ်ကိုယ်တော် မြေ၌ ခြေနှင့် မထောက်နိုင်ပါလေတော့ ဒူးနှင့် ထောက်ကျသွားရှာသည်။

ခြေထောက်မှသွေးတို့က တပွက်ပွက် ထွက်နေလေသည်။



တစ်ကိုယ်တော် သူ၏ သံချိုင်းထောက်အား ဓားပျံ အိုးအိုက်များ၏ရင်ညွန့်ဆီ ပစ်လွှတ်လိုက်လေသည်။

သံမဏိ ချိုင်းထောက်က ဓားပျံ၏ရင်ကိုဖောက်၍ ကျောဘက်သို့ ဖောက်ထွက်လာလေသည်။

တစ်ကိုယ်တော် ခါးမှဓားကိုဖြုတ်လိုက်ပြီး ထန်အိတ်ကီး၏ ကြယ်စကြာများအား ရိုက်ထုတ်ရပြန်သည်။

'ချွင်....ချွင်....ချွင်'

အဆိပ်စကြာများမှာ သူတို့၏ ဓားသမားတို့အား ပြန်လည်ထိမှန်နေလေသည်။

ထိမှန်ခံရသော သူများမှာ အဆိပ်မိပြီးတုံးခနဲ လဲကျသေဆုံးကုန်၏။

အန်ချွန်းနှုတ်မှ အသံကုန်အော်ဟစ်သည်။

'မုတ်ဆိတ်ဖြူ....မုတ်ဆိတ်ဖြူ တော်ပါတော့'

လက်နက်ပုန်းကို အပစ်ရပ်ရန် အော်ဟစ်နေခြင်း ဖြစ်သည်။

သူ့လူအတော်များများ လက်နက်ပုန်းထိ၍ ကျဆုံးကုန်ပြီဖြစ်သည်။

သူကိုယ်တိုင်လည်း ပစ်မှတ်လွဲချော်လာသော အဆိပ်လက်နက်ပုန်းအား မျက်စိရှင်ရှင်တားလျက် ကြည့်ရှုနေရလေ

၂၆ သည်။

တစ်ကိုယ်တော်မှာ လေ၌ ခုန်ပျံ၍ လာမလုပ်နိုင်တော့ မတ်တတ်ရပ်သည်း ထချိမတိုက်နိုင်တော့။

ခါးတစ်လက်နှင့်သာ အဆိပ်လက်နက်ပုန်းနှင့် အန်ချွန်းတို့အား ခုခံနေရလေသည်။

မှတ်ဆိတ်ဖြူတွင်လည်း လက်နက်ပုန်းတို့က ကုန်ခန်းနေလေပြီး နောက်ဆုံး၌ မှတ်ဆိတ်ဖြူထံမှ လက်နက်ပုန်းစကြာ အစား သားရေအိတ်လေး တစ်လုံးလွင့်ထွက်လာသည်။

တစ်ကိုယ်တော် ဓားနှင့် ရိုက်ထုတ်လိုက်၏။

'ဖောင်း'

သားရေအိတ်ကွဲပြီး အငွေ့ပြာပြာတို့ လွင့်ထွက်လာသည်။ တစ်ကိုယ်တော် သိရှိလိုက်မိပြီ။

သို့သော် သူမည်သို့မျှမရှောင်သာတော့၊ လက်ထဲမှ ဓားနှင့် မှတ်ဆိတ်ဖြူအား ပစ်လွှတ်လိုက်တော့သည်။

မှတ်ဆိတ်ဖြူ၏ရင်အားဓားက သွားစိုက်သည်။

အငွေ့ပြာပြာတို့ကို တစ်ကိုယ်တော် ရှိုက်ရှူမိသည်နှင့် သူ့မျက်လုံးတို့ ပြာဝေလာသည်။

လက်တို့လည်း လေးလံလာ၏။ အဆိပ်ငွေ့ သူမိနေခဲ့ပြီးဖြစ်သည်။

အန်ချွန်းမှာ တစ်ကိုယ်တော် မူးဝေနေသည်အား အခွင့်ကောင်းယူလျက် ဓားနှင့် ပိုင်းလိုက်သည်။

တစ်ကိုယ်တော် ပုံလျက်သား လဲကျသွားလေသည်။

'ဝေ....ဟေး....ဟေး'

ရွာသားတို့အား ဝမ်တေလ ဦးဆောင်ပြီး ကုန်းမြင့်လေးသို့ တက်ရောက်လာကြသည်ကို တွေ့သဖြင့် အန်ချွန်းနှင့်သူ၏



နောက်လိုက်တို့မှာ မြင်းပေါ်သို့ လွှားခနဲတက်၍ ထိုနေရာမှ ဒုန်းစိုင်းနှင်သွားကြလေတော့သည်။

ဝက်သစ်ချပင်အောက်၌မူ အလောင်းများ ပြန့်ကျဲလျက်ရှိသည်။

တစ်ကိုယ်တော်အား ဝမ်တေလ ထူပွေ့လိုက်သည်။

'အစ်ကိုလျောင်....အစ်ကိုလျောင်'

တစ်ကိုယ်တော်မျက်လုံးများဝေမှိုင်းနေလေသည်။ သူ၏ညီ ဝမ်တေလကိုပင် မမှတ်မိနိုင်တော့။

'အို....အစ်ကို....အစ်ကိုလျောင်'

ရုတ်တရက်၊ လင်ရင်လျုံ ရောက်လာပြီး တစ်ကိုယ်တော် ဒဏ်ရာရနေသည်ကို တွေ့သောအခါ စိုးရိမ် ထိတ်လန့်ပြီး အော်ဟစ်ခေါ်လေတော့သည်။

လင်ရင်လျုံ၏အသံကိုကြားသည်နှင့် တစ်ကိုယ်တော် မျက်လုံး ဖွင့်ကြည့်သည်။

သို့သော် မျက်လုံးတို့ကား ဝေနေဆဲ။

'ညီမလေး လင်ရင်လျုံလား'

'ဟုတ်တယ်....အစ်ကိုလျောင်'

'အစ်ကိုအဆိပ်မိနေတယ်၊ အစ်ကို့မျက်လုံးတွေ မမြင်ရတော့ဘူး'

'အစ်ကိုရယ်'

လင်ရင်လျုံ ရှိုက်ကြီးတငင် ငိုကြွေးနေလေသည်။

'အစ်ကိုချိန်းလို့ ညီမလာတာပါ....အစ်ကိုလျောင်၊ ခုတော့ ခုတော့....'

ပြောရင်း လင်ရင်လျှံ ရှိုက်ရှင်း ရှိုက်ရှင်း ငိုပြန်လေသည်။

'အစ်ကို့ကို ညီမလေးချစ်တယ်မဟုတ်လား'

တစ်ကိုယ်တော်နှုတ်မှ တီးတိုးမေးမြန်းသံအား လင်ရင်လျှံကြားသည်။

လင်ရင်လျှံ ခေါင်းကိုညိတ်ပြမိသည်။

'နှုတ်ကဖြေပါ ညီမရယ်၊ အစ်ကိုကြားချင်လို့ပါ'

တစ်ကိုယ်တော်အသံတို့က ကွဲအက်ရှတလာနေသည်။

'ချစ်....ချစ်ပါတယ်....အစ်ကိုလျှောင်ရယ်'

လင်ရင်လျှံ တီးတိုးငိုရှိုက်ရင်းဖြေသည်။

တစ်ကိုယ်တော်နှုတ်ခမ်းက ပြုံးယောင် သန်းလာသည်။ ဝမ်းတေလီမှာ အစ်ကို၏ကြေကွဲစရာအဖြစ်နှင့် လင်ရင်လျှံ၏ သည်းထန်စွာ ငိုကြွေးခြင်းကို မကြည့်ရက်ဟော့။ သူကိုယ်တိုင်လည်း မျက်ရည်တို့ စို့သီနေလေပြီ။

'အစ်ကို့ကိုချစ်ရင် အစ်ကို့စကားနားထောင်မှာလား.... ညီမရယ်ဟင်'

တစ်ကိုယ်တော် အသံတိုးလျှလျှက ဖြည်းညင်းစွာ မေးမြန်းနေလေသည်။ လင်ရင်လျှံ မိန်းကလေးက - ငြိမ်သက်တိတ်ဆိတ်နေရှာသည်။

'ပြောပါ....ညီမရယ်၊ အစ်ကို့စကားကို နားထောင်မှာလား'

ထပ်မံမေးမြန်းလာသော အစ်ကိုယ်တော်အသံတို့က မပီသချာတော့။



'နားထောင်ပါမယ်၊ အစ်ကိုလျှောင်ပြောပါ၊ ညီမ နားထောင်ပါမယ်'

လင်ရင်လျှံထံမှ အဖြေစကားကြားတော့ သူ၏နှုတ်ခမ်းများမှာ အပေါ်သို့တွန့်၍ ကျေနပ်မှုကို ပြရှာသည်။

## ( ၃၉ )

'ဒါ....ဒါဆို....အစ်....အစ်ကို့ညီ ဝမ်ဇတလီကို လက်....လက်ထပ်ပါကွယ်'

သူ့စကားသံတို့အား မနည်းပင် နားထောင်ယူရတော့သည်။

စကားလုံးတို့ကလည်း တစ်လုံးနှင့်တစ်လုံး ဝေးသွားနေခဲ့လေပြီ။

'ပြော....ပြော....လေ....ညီ... ညီမရယ်....က....ကတိ....ကတိပေးပါလား'

လင်ရှင်လျှံ ဝမ်တေလီအား မော့ကြည့်မိလိုက်သည်။ သူ၏မျက်လုံးအစုံ၌ မျက်ရည်တို့ လျှံကျနေခဲ့ပြီ။

ဝမ်တေလီကလည်း သူမအား မျက်ရည်တို့ အကြားမှ ငုံ့ကြည့်သည်။

'ညီ....ညီမ ကတိပေးပါတယ်....အစ်ကိုလျောင်'

လင်ရင်လျံထံမှ စကားသံတို့က တုန်လှုပ်စွာ ထွက်ပေါ်သွားခဲ့သည်။

တစ်ကိုယ်တော် နှုတ်ခမ်း ဖြူးယောင်ယောင် သန်းနေသည်။

'အစ်....အစ်ကို....ဝမ်း....ဝမ်းသာ'

တစ်ကိုယ်တော် စကားမဆုံးနိုင်ရှာတော့။ ဇက်လည်ကျသွားတော့သည်။

တစ်ကိုယ်တော် ဆုံးပြီဖြစ်သည်။

'အစ်...အစ်ကိုလျောင်ရယ်'

လင်ရင်လျံ တစ်ကိုယ်တော်၏သွေးစွန်းသော ရင်ဘတ်မှောက်၍ ရှိုက်ကြီးတငင်ငိုကြွေးနေရှာလေသည်။

ဝမ်တေလီကား ကြေကွဲ ဝမ်းနည်းလျက်၊ ချစ်သူနှင့်အစ်ကို၏အလောင်းအား မမှိတ်မသုန် ငေးကြောင်ကြည့်နေမိတော့သည်။

သံယောဇဉ်တားမိလေသူ မိန်းကလေးအား ဖွင့်ဟရင်းသည်ဝက်သစ်ချပင်ရင်းမှာ ကြည်နူးပျော်ရွှင်မည်ဟု ရည်စူးထားခဲ့လေသော တစ်ကိုယ်တော်မှာ ချစ်ရသူနှင့် ညီဖြစ်သူအား ကျောခိုင်းစွန့်ခွာသွားခဲ့ပြီဖြစ်သည်။

ဝမ်တေလီ လင်ရင်လျံ၏ ပခုံးအား ညင်သာစွာဖက်ရင်း ပေးမလိုက်လေသည်။



ထို့နောက် သူတို့နှစ်ဦး ကိုယ်စီ ဆုတောင်းလိုက်မိလေသည်။

'တစ်ကိုယ်တော်ဓားသမားကြီးအစ်ကိုလျောင် ကောင်းရာသုဂတိ လားပါစေ'

* * *

ဝမ်တေလီနှင့် လင်ရင်လျံမှာ သမီးဖြစ်သူ လင်ကျင့်ရင်အား အသည်းနှလုံး ပုံ၍ချစ်ကြ၏။

လင်ကျင့်ရင်မှာလည်း လိမ္မာရေးခြားရှိသော မိန်းကလေးတစ်ဦး ဖြစ်လေသည်။

သားကြီးတိတ်ဝှက်မှာကား သူ့ဝါသနာနှင့်သူ တောထဲအမဲပစ်ခြင်းနှင့်သာ အချိန်ကုန်နေတတ်သဖြင့် မိဘများနှင့် လက်ပွန်းတတီးမရှိလှ၊ အိမ်၌လည်း ထာဝစဉ် မရှိတတ်ပေ။

ထိုအချိန်၌ ရွာအနောက်ပိုင်းရှိ သူဌေးကြီးအန်ချွန်၏သားရောင်ချွန်းမှာ တီယင်ချီရွာ၌ လူတွင်ကျယ်တစ်ဦး ဖြစ်နေခဲ့လေပြီ။

ရွာသူကြီးမရှိသော တီယင်ချီ၌ သူ၏ဩဇာအာဏာကလွှမ်းမိုးနေခဲ့လေသည်။

နောက်လိုက် လူမိုက်ဓားသမားများကို မေးထားသဖြင့်လည်း ရွာတွင် သူ့အားမည်သူမှ အန်မတုရဲအောင် ရှိလေ၏။

ဒယ်အိုးချိုင့်ဝှမ်းဒေသကား တီယင်ချီရွာနှင့် အနည်းငယ်လှမ်းသဖြင့် တော်ရုံတန်ရုံ ရွာသားတို့ မရောက်ရှိကြ။

ထို့ပြင် ကျောက်စိမ်းအိမ်၌ အရှိန်ကလည်း သိုးသန့် ရပ်တည်ဖို့ ဖြစ်နေသည်။

ရွှေလက်ဝါးမြို့စားလင်၏ ဩဇာရိပ်မှ ဝမ်တေလ ဖြစ်နေ၍ မည်သူမှ လာရောက်မစော်ကားဝံ့ကြချေ။

သို့သော် တစ်နေ့၌ ရောင်ချွန်းနှင့် သူ၏ နောက်လိုက်တို့ ဒယ်အိုးချိုင့်ဝှမ်းသို့ မြင်းကိုယ်စီဖြင့် ရောက်ရှိလာကြလေသည်။

သူတို့လူစုက ရွာမှ သူတို့အားဆန့်ကျင်သည့် လူငယ်တစ်ဦးအား သုတ်သင်ရန် လိုက်လာကြရင်း ထိုလူငယ်၏ မြင်းနှင့်ဆုံ ဒယ်အိုးချိုင့်ဝှမ်းသို့ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

သည်ဒယ်အိုးချိုင့်ဝှမ်းတွင်ပင် မျက်ခြည်ပြတ်ကာ ကျောက်စိမ်းအိမ်နားသို့ ရောက်ရှိခဲ့ကြ၏။

'ဟေ့....ဟိုရှေ့မှာ ကျောက်စိမ်းအိမ်တောင် ရောက်နေပြီကွ၊ ရှေ့ဆက်မလိုက်ရင် ကောင်းမလား'

နောက်လိုက်ဓားသမားတစ်ဦး က သတိပေးတားမြစ်လိုက်သည်။

'ဟာ....ဒီနားတစ်ဝိုက်တွင် ပျောက်သွားတာကွ၊ ဒီခွေးမသားကို မမိ မိအောင်ဖမ်းမှဖြစ်မယ်၊ ကျောက်စိမ်းအိမ် မကလို့ ကျောက်နီအိမ်ပဲဖြစ်ဖြစ်ကွ၊ ဒီဘက်ပြေးရင်တော့ လိုက်ရမှာပဲ'

ရောင်ချွန်းက မျက်ခြည်ပြတ်သွားသော လူငယ်အား မကျေမနပ်ဖြစ်လျက် မရအရဖမ်းမည်ဟု သန္နိဋ္ဌာန်ချထားသည့်ပုံနှင့် ပြောလိုက်၏။

'မဟုတ်ဘူးဆရာ၊ ဒီအိမ်က မြို့စားကြီးလင်ရဲ့လူအိမ်'

နောက်တစ်ဦးကလည်း စိုးရိမ်ပူပန်စွာ တားပြန်သည်။

'မြို့စားမကလို့ နယ်စားကြီးရဲ့လူပဲဖြစ်ဖြစ်ကွ၊ ဒီ တီယင်ချီမှာတော့ ရောင်ချွန်းကြောက်ရကဲ့လူ မရှိဘူးကွ'

ပြောပြောဆိုဆို ရောင်ချွန်းက ဒယ်အိုးချိုင့်ဝှမ်းထဲသို့ ဆင်းသွား၏။

ဆရာဆင်းသွားသဖြင့် သူ၏နောက်လိုက်တို့မှာလည်း မြင်းကိုယ်စီနှင့် ဆင်းချသွားရတော့သည်။

ဝက်သစ်ချပင်များ ခြံရံလျက် ကျောက်စိမ်းအိမ်ကြီးက တိတ်ဆိတ်ငြိမ်သက် နေခဲ့သည်။

ရောင်ချွန်းနှင့် သူ၏နောက်လိုက်တို့ အိမ်ကြီးအား ကွေ့ပတ်ကြည့်ရှုသည်။

သူတို့လိုက်ရှာသူ လူငယ်နှင့်တူသူ အရိပ်အယောင်မှမတွေ့။

ရောင်ချွန်းတွေ့ရှိသူက လှပချောမောသည့် မိန်းမပျိုလေးတစ်ဦး။ လင်ကျင့်ရင်က အိမ်ရှေ့ဥယျာဉ်ထဲ၌ တစ်ဦးတည်းနှင်းဆီပန်းတို့ကို ခူးဆွတ်နေခဲ့သည်။

'ဟော့....ဟော့....မိန်းကလေး'

'အမေ့'

လင်ကျင့်ရင် လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွားခဲ့သည်။ ဓားကိုယ်စီနှင့် သူကြမ်းကြီးများကို မြင်ခဲ့တွေ့လိုက်ရသောကြောင့် ဖြစ်၏။

'ဝရမ်းပြေးတစ်ယောက် ဒီဘက်ကို ရောက်မလာဘူးလား'

လင်ကျင့်ရင် ဦးခေါင်းလေးကို ခါယမ်းလိုက်၏။

ရောင်ချွန်း လင်ကျင့်ရင်၏ အမူအရာလေးကို သဘောကျသွား၏။

ကောင်မလေး၏ ကြောက်ရွံ့ထိတ်လန့်နေသည့် အမူအရာက ချစ်ဖို့ကောင်းနေသည်ဟု သူထင်သည်။

'ဒါဖြင့် အဲဒီနှင်းဆီတစ်ပွင့် တို့များကို ပေးပါလား'

လင်ကျင့်ရင်လက်ထဲမှ နှင်းဆီပွင့်ကို ကြောက်ကြောက်လန့်လန့်နှင့် ပေးလိုက်သည်။

'မကြောက်ပါနဲ့ကွာ။ တို့က လူကောင်းတွေပါ၊ ဟောဟိုတီယင်ချီရှာက လူကြီးလူကောင်းတွေပါ'

သူ တီယင်ချီရှာဘက် လက်ညှိုးထိုးပြောသဖြင့် မိန်းကလေးကလည်း တီယင်ချီဘက်သို့ ငေးမျှော်ကြည့်လိုက်သည်။

'မင်းနာမည် ဘယ်လိုခေါ်လဲကွ၊ တို့ကို ပြောစမ်းပါဦး'

'လင်ကျင့်ရင်'

လင်ကျင့်ရင်က တုန်တုန်ယင်ယင်နှင့် ဖြေလိုက်၍ ရောင်ချွန်း သဘောကျသွားသည်။



'ဩော်...နာမည်လေးက လှလိုက်တာ၊ မင်းမိဘက လှနဲ့လိုက်အောင် ပေးထားခဲ့တာပဲ၊ လူကလဲလှ နာမည်ကလဲလှ၊ ဟဲ ဟဲ ဟဲ'

ထိုစဉ်က ကျောက်စိမ်းအိမ်ပေါ်ဝယ် ဝမ်တောလီသည် သမီးဖြစ်သူနှင့် မြင်းစီးသမား ဓားကိုင်သူတို့ စကားပြောနေသည်ကို တွေ့ရ၍ အိမ်ပေါ်မှ လျင်မြန်စွာ ဆင်းသက်လာလေသည်။

'ဘယ်သူတွေလဲ သမီး'

'မသိဘူး အဖေ'

လင်ကျင့်ရင်က သူ၏ ဖခင်အနားသို့ တိုးကပ်ကာ ပြောကြားလိုက်သည်။

( ၄၀ )

ဝမ်တောလီက ရောင်ချွန်းတို့လူစုအား မော့ကြည့်၍ ..

'ဟေ့....မင်းတို့က ဘယ်ကလဲကွ'

'ကျွန်တော်တို့ တီယင်ချီ ရွာသားတွေပါ၊ ဝရမ်းပြေးတစ်ဦး ဒီဘက်ကို ပြေးလာလို့ လိုက်ကြတာပါ၊ ဟဲး....ဟဲး'

ရောင်ချွန်းက ဝမ်တောလီအား စပ်ဖြီးဖြီး ပြောလိုက်လေသည်။

သူ၏ အပြုအမူအား ဝမ်တောလီက သဘောမတွေ့လှ။

'အေး... ဘယ်ဝရမ်းပြေးမှ ဒီဘက်ကိုမလာဘူးကွ'

ဝမ်တောလီက အသံခပ်မာမာနှင့် ပြန်ပြောသည်။

'ဒါနဲ့ မင်းတို့က တီယင်ချီရွာကဆိုတော့ ဘယ်သူ့သားတွေများလဲ'

ဝမ်တောလီ သူတို့၏မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

'ဟဲ ဟဲ....ဦးသိမှာပါ၊ ကျွန်တော့်ဖခင်ကရွာအနောက်ပိုင်းက သူဌေးကြီး ဦးအန်ချွန်း ခင်ဗျ'

ရောင်ချွန်းက သူ သူဌေးသားဖြစ်ကြောင်း ပြောလိုက်ရသဖြင့် ကျေနပ်အားရသွားသည်။

ဝမ်တောလီ၏ မျက်နှာမှာ ချက်ချင်း မှုန်ကုပ်သွားလေတော့သည်။

ရောင်ချွန်းအားလည်း သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။

'သွားကြ....သွားကြ၊ ဒါ ဝရမ်းပြေးတွေ ခိုအောင်းတဲ့နေရာမဟုတ်ဘူး'

ခါးခါးသီးသီးပင် သူတို့လူစုအား နှင်ထုတ်တော့သည်။

ရောင်ချွန်းက သူ့အား သည်လိုနှင်ထုတ်လာသည့်အတွက် မျက်နှာကြီး နီမြန်းသွားခဲ့ရသည်။

ဝမ်တောလီအား မျက်ထောင့်နီကြီးနှင့် ပြန်လည်ကြည့်ရင်း....

'ဒီမှာ....ဦး၊ဒီအကက်ကို ဝရမ်းပြေးတစ်ဦးပြေးလာလို့ ကျုပ်တို့ ရောက်လာကြတယ်၊ အဲဒီဝရမ်းပြေး ရှာမတွေ့မချင်း ဒီကထွက်မသွားနိုင်ဘူး၊ ဒီတစ်ဝိုက်မှာ ရှာဖွေရမှာပဲ၊ လိုအပ်ရင်



ဦးတို့ရဲ့ ကျောက်စိမ်းအိမ်ထဲကိုတောင် ဝင်ရှာသင့် ရှာရမှာပဲဗျ'

'ဘာကွ'

ရောင်ချွန်း၏စကားကြောင့် ဝမ်တောလီ စိတ်ဆိုးမာန်ဆိုးနှင့် ရောင်ချွန်းအား မျက်လုံးပြူးကြည့်သည်၊

'ဝရမ်းပြေးကို လက်ခံထားတွေ့ရင်လဲ ရန်သူရယ်လို့ ကျွန်တော်တို့ သတ်မှတ်ရမှာပဲ'

'ဟော့ကောင်....မင်းတို့ ခုငါ့ဥယျာဉ်ထဲက ထွက်သွားကြစမ်း'

ဝမ်တောလီ ပေါက်ကွဲသွားခဲ့ပြီ။

ဒေါသဖြစ်စွာ အော်ဟစ်လိုက်သည်။

လင်ကျင့်ရင်က ထိတ်လန့်ကြောက်ရွံ့စွာ ဖခင်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်မိ၏။

'ကျုပ်တို့က ထွက်မသွားဘူး ဆိုရင်ကော'

'ရှမ်း'

မြားတစ်စင်းက ရောင်ချွန်း၏မြင်းအား လာရောက်ထိမှန်သည်။

မြင်းမှာလန့်ဖျပ်ပြီး ဟီ၍ ပတာပ်ရပ်လိုက်သဖြင့် ရောင်ချွန်း မြင်းပေါ်မှ မြေပြင်ပေါ်သို့ ရောက်သွားတော့သည်။

ရန်သူကို ဟိုဟိုသည်သည် ကြည့်၏။

မည်သည့်အရပ်မှ မြား ရောက်ရှိ လာသည်ကိုပင် မသိလိုက်ကြ။

ရောင်ချန်း ဓားကိုကိုင်စွဲ၍ ဘာလုပ်ရမှန်းမသိ၊ ယောင်နန ဖြစ်နေလေသည်။

သူ၏ နောက်လိုက် ဓားသမားက သူ့ဆရာအား အရှက်ခွဲလိုက်သဖြင့် မကျေနပ်သော အမူအရာနှင့် ဓားကိုကိုင်မြှောက်လျက်....

'ဒါ ဘယ်သူပစ်တာလဲ၊ ခင်ဗျားတို့ သိရမယ်'

ဟု ခြိမ်းခြောက်ပြန်လေသည်။

'ရှပ်....'

မြားတစ်စင်းက ဒုတိယအကြိမ် ကို ကြိမ်းမောင်းနေသော ဓားသမား၏မြင်းအား လာရောက် ထိမှန် စိုက်ဝင်ပြန်သည်။

မြင်းမှာ ထိတ်လန့် ကြောက်ရွံ့ပြီး ရုတ်ခြေပြေးသဖြင့် ထို ဓားသမား မြင်းခပေါ်မှ လိမ့်ကျ ကျန်ရစ်လေသည်။

ဓားသမားတို့ ဟိုဟိုသည်သည် လျှောက်ကြည့်သည်။

မည်သည့်အရပ်မှ ရန်သူမှုလည်း မတွေ့ရှိ၍ ဝမ်ပေါလီတို့ သားအဖအား မကျေမချမ်းဖြင့်ကြည့်ကာ....

'ခင်ဗျားတို့ ကျုပ်အကြောင်းသိမယ်'

ဟု ကြုံးဝါးပြီး နောက်လိုက် တစ်ဦး၏ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ မြင်းများကို ပြန်လှည့်စိုင်းနှင်သွားကြလေသည်။

သည်တော့မှ မြားသခင်မှာ သစ်ပင်တစ်ခုပေါ်မှ ဖုတ်ခနဲ ခုန်ဆင်းလာကာ ဝမ်ပေါလီတို့ထံသို့ လျှောက်လာသည်။

လေးနှင့် မြားကို ကိုင်ဆွဲရင်း ကျေနပ် အားရသော အမူအရာနှင့် ဝမ်ပေါလီအား မေးမြန်းသည်။



'ဘယ်ကအကောင်တွေလဲ အဖေ'

'တီယင်ချီရွာကပေါ့၊ ပြဿနာတစ်ခုကတော့ စပြီထင်ပါတယ်ကွာ'

'ဟာ....အဖေကလဲ ကိုယ့်ကို အိမ်တိုင်ရာရောက် လာစော်ကားနေမှပဲ'

'မင်း မသိပါဘူး သားရယ်၊ သတိဝီရိယနဲ့ သွားလာနေထိုင်ပါသား'

'ကျွန်တော့်အတွက် မပူစမ်းပါနဲ့၊ အဖေတို့သာ လုံခြုံအောင် နေပါ'

ကိတ်ပုက်က သူ၏ လေးနှင့်မြားကိုချွတ်ကာ စားပွဲပေါ်၌ တင်ပြီး စဉ်းစားနေလိုက်သည်။

'အဲဒီကောင်တွေ ဘယ်သူလဲ၊ အဖေသိလားဟင်'

'မသိပါဘူးကွာ၊ မင်း အေးအေး နေစမ်းပါ၊ ရန်ကို ရန်နဲ့ မချင်းချင်ပါနဲ့သားရယ်၊ မင်းဘာသာမင်း အမဲတွေ ပစ်နေစမ်းပါ'

'သူတို့ကြည့်ရတာ အခဲကျေပုံမရဘူး အစ်ကို'

လင်ကျင့်ရင်က စိုးရိမ်ပူပန်စွာ ဝင်ပြောသည်။

'အခဲမကြေလဲ ပြန်လာကြပါစေ၊ ငါလဲ ပစ်မှတ်ရှာရတာ လွယ်သွားတာပေါ့၊ ဒီနေ့တောင် ဟိုကောင်တွေကို သနားလို့ သူတို့ မြင်းကိုပဲပစ်လိုက်ရတာ....ဟင်း'

ထိုနေ့က ဝမ်ပေါလီတစ်ယောက် ကျောက်စိမ်းအိမ်၌ အိပ်မပျော်နိုင်။

သူ၏စိတ်ထဲဝယ် ကြမ္မာဆိုးတစ်ခု ဝင်ရောက်လာလိမ့်မည်ဟု သိနေသလိုလိုရှိ၏။

အထူးသဖြင့် ရွာအနောက်ပိုင်းက အန်ချွန်း၏သားနှင့် လာရောက် ပြဿနာ ဖြစ်နေသည်ကိုက မကောင်းဟု ထင်သည်။

မြို့စားကြီး လင်ထံ အကြောင်း ကြားထားလျှင် ကောင်းမည်ဟု တွေးမိသော်လည်း မြို့စားကြီးမှာလည်း နိုင်ငံရေးများ ရှုပ်ထွေးနေသဖြင့် သခွပ်ပင်ကမိးတကျည်ကျည် သွား၍ အပူမပေးချင်။ သည်ကိစ္စက ပုဂ္ဂိုလ်ရေးရာကိစ္စ၊ ရပ်ရေး ရွာရေး၊ နိုင်ငံရေးမဟုတ်သဖြင့် သူ မပြောချင်၊ မည်သို့ဖြစ်စေ သတိဝီရိယတော့ ထားမှတော်မည်ဟု တွေးကာ ဓား လက်နက်တို့ကို ပြန်လည်ထုတ်ထားရမည်ဟု ဆုံးဖြတ်လာမိတော့သည်။

*　　*　　*

ရောင်ချွန်းနှင့် သူ၏ နောက်လိုက်တို့ကား ကျောက်စိမ်းအိမ်မှာ သူတို့ ပြန်လည်ဆုတ်ခွာပြီးကတည်းက လင်ကျော့ရင်၏ အကြောင်းကို လူစုမိတိုင်း ပြောဖြစ်ကြလေသည်။



'ဟင်း.... ဘယ်ကလာမှန်းမသိတဲ့ မြားကြောင့် ပြန်ပြေးလာရတာကွ၊ ဓားချင်းယှဉ်လိုက်တော့ ရောင်ချွန်းတို့က တစ်လှမ်းမှ မဆုတ်ဘူး၊ ဘောင်မလေးက လှံလိုက်တာ ရက်ရက်စက်စက်ပဲ၊ အဲဒီနေ့က အဘိုးကြီးထွက်လာလို့နေ၁်၊ နို့မဟုတ်ရင် မြင်းပေါ် တစ်ခါတည်း ဆွဲတင်ခဲ့မိမှာကွ၁၊ ဟဲဟဲ'

ရောင်ချွန်းက မူးမူးနှင့် လင်ကျော့ရင်အား ကမ်းတစ္စာ ပြောနေမိ၏။

'အေး....ဆရာ့ကို ကောင်မလေးက အတော်လေပေးနေပြီ၊ သူ့အဘိုးကြီး ဝင်ရှုပ်တာနေ၁်'

နောက်လိုက်တစ်ဦးကလည်း စားကောင်းသောက်ကောင်း ဝင်ပြောနေပြန်သည်။

'သောက်ရမ်းတွေ မလုပ်ကြနဲ့ဦးဟေ့၊ မေးစမ်းပြီး ပိုင်မှလုပ်ကြကွ၊ ကျောက်စိမ်းအိမ်ဆိုတာ အရင်က နာမည်ကျော်ဓားသမားကြီး တစ်ဦးရဲ့အိမ်ကွ၊ နားလည်လား၊ အကုန်လုံးကိုယ်ကျိုးနည်းကုန်မယ်'

တစ်ဦးကတော့ စိုးရိမ်ပူပန်စွာ ဝင်ရောက် တားမြစ်သည်။

လူမိုက်တွေဆိုသည်ကာကိုယ်၏ဘေးအန္တရာယ်ကိုတော့ကြိုကြိုတင်တင် တွေးထားတတ်ကြသည်။

မနိုင်မှန်း မရနိုင်မှန်း သိရင်မမိုက်ကြ။ နိုင်မည့်သူအပေါ်မှာသာ မိုက်လေ့မိုက်ထ ရှိကုန်သည်။

'နောက်ပြီး ဆရာတို့အဖေနဲ့ ကမ္ဘာ့ရန်အိမ်ဆိုပဲ၊ အရင်က ဓာတ်သမ်းအဆက်တွေ ရှိတယ်အာစရိရှိ'

ရောင်ချွန်းက အတိတ်က အရိပ်များကို စိတ်မဝင်စား။ သူ စိတ်ဝင်စားနေသည်က လင်ကျင့်ရင်ဆိုသည့် နှင်းဆီချစ်သည့် မိန်းကလေးပင် ဖြစ်သည်။

'အို...ငါတော့ ကမ္ဘာရန် မကော့ သိမ်းကိုးဒေအ အဆက်ပဲ ဖြစ်ဖြစ် ကောင်မလေးကို သွားကြံမယ်၊ ဘယ်သူမှ မလိုက်နဲ့၊ ငါတစ်ဦးတည်း သုပ်ပြမယ်'

ထိုနေ့က ရောင်ချွန်း အရက်ဝိုင်းမှ ထကာ ပျောက်သွားလေသည်။

သူ၏ နောက်လိုက်တို့အားလည်း မည်သူမျှမခေါ်။

ရှုးရှုးမိုက်မိုက်ပင် ဒယ်အိုးချိုင့်ဝှမ်းသို့ မြင်းကို ဒုန်းစိုင်းနှင်သွားလေသည်။

သူ၏မျက်စိထဲတွင် လင် ကျင့်ရင်ဆိုသည့် မိန်းမပျို၏မျက်နှာလေးသာ မြင်ယောင်နေ၏။

လေရိုင်းတို့က တဖြူးဖြူး တိုက်နေသဖြင့် အမှုးတို့က တဖြည်းဖြည်း ပြယ်စပြုနေသည်။

ဒယ်အိုးချိုင့်ဝှမ်းဒေသကို အပေါ်မှ စီးမြင်နေရသည်။ ကျောက်စိမ်းအိမ်ကြီးကိုလည်း အထီးတည်း သူ တွေ့နေရသည်။

'ဟား...'

သူ ချိုင့်ဝှမ်းထဲသို့ မြင်းကို ကဆုန်စိုင်းချသွားသည်။

ကျောက်စိမ်းအိမ်၌ လူများများစားစား ရှိပုံမရ။

အိမ်သူအိမ်သားများလည်း နည်းပါးသည့် အနေအထား ရှိလေသည်။



သူ့စိတ်ထဲ ရှိနေသည်က လင်ကျင့်ရင်နှင့် တွေ့ဆုံဖို့ပင် ဖြစ်သည်။

လူများများနည်းနည်း ဂရုမစိုက်။

သူ့၌ ဓားရှိသည်။

သူ့၌ ငွေရှိသည်။

ထိုဓားနှင့်ငွေက သူလုပ်ချင်ရာ သူဖြစ်ချင်ရာကို နောက်မှ တွန်းအားပေး ဖြည့်ဆည်းပေးနေသည် မဟုတ်ပါလား။

သူ ကျောက်စိမ်းအိမ် အနီးသို့ ရောက်သော့ မြင်းကို ဝက်သစ်ချပင် တစ်ပင်အနီး၌ ရပ်တန့်လိုက်သည်။

သူ မမြင်နိုင်အောင် မြင်းကို ဝှက်ပြီး ကြိုးချည်ထားလိုက်သည်။

ထိုနောက် ဓားကို ခါးကြားထိုးကာ ကျောက်စိမ်းအိမ်အနီး ကပ်၍သွားလေသည်။

အိမ်ကြီးက တိတ်ဆိတ် ငြိမ်သက်နေလေ၏။

အိမ်ဘေးပြတင်းပေါက်မှ သူ ချောင်းကြည့်လိုက်၏။

အိမ်သူအိမ်သားအချို့ကို တွေ့ရသည်။

မိန်းကလေးအား သူ မမြင်မိ။

ကောင်မလေး အခန်းတစ်ခုခုထဲ၌ ရှိမည်ဟု တွေးမိသည်။ အိမ်ပတ်ပတ်လည်မှ တစ်ခန်းပြီးတစ်ခန်း ပြတင်းပေါက်မှ တစ်ဆင့် ချောင်းကြည့်သွားသည်။

သူထင်သည့်အတိုင်းပင် မိန်းကလေး၏အခန်းကို သူ တွေ့ရှိလိုက်ရသည်။

အပျိုစင်နေသည့်အခန်းမှာ တစ်ယောက်တည်း ရှိမည်ဟု သူ တွက်ပြီးသား။

လင်ကျင့်ရင်က အခန်းထဲ၌ ပန်းများကို အလှပြင်နေသည်။

ပန်းချစ်သူမိန်းကလေးဖြစ်၍ အချိန်တိုင်း ပန်းအမျိုးမျိုးနှင့်သာ ပျော်ပိုက်နေသူ ဖြစ်၏။

ရောင်ချွန်း ပြတင်းပေါက်မှ - ချောင်းကြည့်ရင်း မိန်းကလေး၏အလှ၌ နစ်မျောသွားမိ၏။

ပန်းများနှင့် အလှချင်းပြိုင်နေသည့် မိန်းကလေး။

သူလေးက ပန်းပွင့်များထက် ပို၍လှနေသည်ဟု ရောင်ချွန်း ထင်၏။

ရောင်ချွန်း ပြတင်းပေါက်တံခါးကို ခေါ့နှင့် ကန့်လန့်ဖွင့်စဉ် မိန်းကလေးက ပန်းများ၏အလှ၌ စိတ်ငင်စားကာ သတိမထားမိ။

တံခါးမှ ချောက်ခနဲ ပွင့်ပြီး ပွင့်သောအခါမှ သူက သတိထားမိသည်။

ထိုအခါ ရောင်ချွန်းက အခန်းထဲ ရောက်နေခဲ့ပြီ ဖြစ်သည်။

မိန်းကလေးက လန့်ပြီး အော်မည်ပြုလိုက်၍ သူ ပါးစပ်ကို လှမ်းပိတ်၍ ခြိမ်းခြောက်လိုက်သည်။

'မင်းပါးစပ်ကို အသံလုံအောင် ပိတ်ထား၊ အသံထွက်တာနဲ့ ဟောဒီမှာဓား၊ မင်းလည်မျိုကို ထုတ်ချင်း ခတ်သွားမယ် နားလည်လား'



သူက ကောင်မလေး၏ လည်သွယ်သွယ်ကို ဓားနှင့်ထောက်ကာ တီးတိုးပြောလိုက်သဖြင့်လင်ကျင့်ရင် မည်သို့မျှ မအော်ရဲ။

'မင်းကို ငါ ချစ်လွန်းလို့ စွန့်စားလာခဲ့တာ၊ မင်းဟာ ပန်းလေးတစ်ပွင့်လိုပဲ သိပ်လှတယ်'

သူက မိန်းကလေး၏ ပွင့်ဖတ်လေးလို နူးညံ့သည့် ပါးပြင်လေးကို မွှေးပြီး ပြော၏။

လင်ကျင့်ရင်မှာမူ အသက်ပင် မရှူဝံ့ဘဲ ကြောက်လန့်နေခဲ့သည်။

ရောင်ချွန်း သူမ၏ လည်သွယ်သွယ်ကို နမ်းကြူနေမိပြန်သည်။

မိန်းကလေး၏ကိုယ်သင်းနံ့တို့က သူ့အား အန္တရာယ်များ မေ့လျော့သွားစေခဲ့သည်။

သူ့ဓားအား ကြမ်းပြင်ထက် ချထားလိုက်သည်။

လင်ကျင့်ရင်အား အားရပါးရ ပွေ့ဖက်လိုက်သည်။

ကြောက်လန့်လွန်း၍ မိန်းကလေးမှာ တုန်ယင်နေရှာသည်။

'မင်းကို ငါ သိပ်ချစ်တယ် လင်ကျင့်ရင်။

'မင်း ငါ့ကိုချစ်ပါ'

သူ၏နှုတ်မှ အရူးတစ်ယောက်လို ရောင်ချွန်း ပြောနေ၏။

သူ၏ အသံတို့ကလည်း ကွဲအက်နေသည်။

သူ၏ အသက်ရှူသံတို့ကလည်း ပြင်းထန်နေသည်။

သူ၏ကိုယ်၌လည်း သွေးတို့က ပွက်ပွက်ဆူနေပြီး ရောင်ချွန်း ဘာကိုမှ မမြင်။

လင်ကျင့်ရင်၏ အထိအတွေ့၌ သာယာမိန်းမူးနေလေသည်။

သူ မိန်းကလေးအား တစ်ကိုယ်လုံး နမ်းမွှေးနေပြန်သည်။

'လင်ကျင့်ရင်...မင်းကို ငါသက်တော်မယ်'

သူ့နှုတ်က တတွတ်တွတ်နှင့် ပြောနေသော်လည်း မိန်းကလေးမှာ ကြောက်၍ ထိတ်လန့်နေသဖြင့် ဘာမျှမကြား။

သူ လင်ကျင့်ရင်အား လှဲချလိုက်သည်။

'အို...အို...လွှတ်...လွှတ်'

လင်ကျင့်ရင်က သူ့ရင်ဘတ်အား တွန်းလိုက်သည်။

သို့သော် ရောင်ချွန်းက သူမ၏ လက်သီးဆုပ်များကို ဖမ်းချုပ်ထားလိုက်၏။

သူလေး၏ ပါးမို့မို့အား တရစပ် မွှေးကြူပြန်သည်။

'လူယုတ်မာ...လူယုတ်မာ...လွှတ်...လွှတ်'

လင်ကျင့်ရင် အားကုန်ရုန်းကန် တွန်းပစ်ပြန်လေသည်။

သို့သော် အားချင်းကမမျှ၊ သူ၏ ခန္ဓာကြီးနှင့် ဖိထားသဖြင့် မိန်းကလေးမှာ မရုန်းသာ မလွန့်သာ ဖြစ်နေရှာသည်။

ထိုစဉ် အခန်းတံခါးက ဝုန်းခနဲ ပွင့်လာ၏။

ရောင်ချွန်း လှည့်ကြည့်လိုက်တော့ သူ၏ မေးဖျားအား ပြင်းထန်သည့် ခြေကန်ချက်တစ်ခုက လာရောက်ထိခတ်သဖြင့် လွင့်စဉ်သွားရသည်။

သူ အမှတ်တရထားသည့် ခါးအား လျှင်မြန်စွာ ကော်၍ ယူပြန်တော့ သူ၏လက်အနီးသို့ မြားတစ်ချောင်း လာစိုက်ဝင်သည်။



သူ မော့ကြည့်လိုက်၏။

လေးကို အသင့်ရွယ်၍ သူ့အား မီးဝင်းဝင်းတောက်သည့် မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသော လင်ကျင့်ရင်၏ အစ်ကို တိတ်ဝှတ်။

'ခွေးမသား လူယုတ်မာ ရောင်ချွန်း'

ရောင်ချွန်း မလှုပ်ရဲ၊ သူလှုပ်လိုက်သည်နှင့် လေးသမားက မြားကို လွှတ်လိုက်မည်ဖြစ်သည်။

'လင်ကျင့်ရင် သူ့ကို ကြိုးနဲ့တုပ်စမ်း၊ ခြေရောလက်ရော စည်း'

မိန်းကလေးက ကြိုးတစ်ချောင်း သွားရှာလာပြီး သူ့အား ခြေရောလက်ပါ တုပ်နှောင်သည်။

သည်တော့မှ တိတ်ဝှက်က ကလေးကို ချိန်ရွယ်ထားခြင်းမှ ရပ်လိုက်သည်။

သူ၏ညီမ တုပ်နှောင်ထားသည်များကို ခိုင်မခိုင် စမ်းသပ်သည်။

ပြီးမှ အခန်းအပြင်သို့ ထွက်လာကြသည်။

မောင်နှမနှစ်ဦး မေးဖျားတွင် သွေးစွန်းနေသော ရောင်ချွန်းအား ကြိုးတုပ်ပြီး ထွက်လာသည်ကိုမြင်တော့ မိဘနှစ်ပါးမှာ ပါးစပ်အဟောင်းသားနှင့် အံ့ဩမှင်တက်နေလေသည်။

'ဘယ်...ဘယ်လို...ဖြစ်ကြတာလဲ သားရယ်'

မိခင်ဖြစ်သူက ထိတ်လန့်စွာ မေးနေစဉ် ...မ်တေသီမှာ ဒေါသများဖြင့် တဆတ်ဆတ် တုန်ယင်နေလေသည်။

'အိမ်ထဲထိလာပြီး စော်ကားတဲ့ကောင်'

တိတ်ဝှက်မျက်နှာ၌ ပကတိ တည်ငြိမ်လျက် ပြန်ပြောခဲ့သည်။

ထို့နောက် အိမ်ပြင်သို့ ခေါ်ထုတ်သွားသည်။

ရောင်ချွန်းက တိတ်ဝှက်အား နီမြန်းသော မျက်လုံးတို့ဖြင့် စိုက်၍ ကြည့်နေပြန်သည်။

သူ၏ အကြည့်တို့က ပြာဖြစ်လောက်အောင်ရဲသော နဂါးတို့ အကြည့်မျိုး ဖြစ်သည်။

တိတ်ဝှက်က သူ့အား လုံးဝ ဂရုမစိုက်။

အိမ်ရှေ့၌ ရောင်ချွန်း၏ ဝက်သစ်ချပင်တစ်ပင်တွင် ဖွက်ထားခဲ့သော မြင်းက အဆင်သင့် ရောက်ရှိနေ၏။

တိတ်ဝှက်က ထိုမြင်းထက်သို့ လွှားခနဲ ခွတက်လိုက်သည်။

ရောင်ချွန်းအား တုပ်နှောင်ထားသော ကြိုးတစ်စကိုမူ သူဆွဲယူပြီး မြင်းလည်ကြိုးတွင် အသေချည်နှောင်လိုက်သည်။

ရောင်ချွန်းမှာ စောစောတုန်းက မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတို့ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်လေသည်။

ထိုအစား ကြောက်ရွံ့တုန်လှုပ်သည့် အရိပ်တို့ မျက်လုံးထဲပေါ်ထင်လာ၏။

'မင်း...မင်း....ငါ့....ငါ့ကို ဘာ....ဘာလုပ်မှာလဲ ဟင်'

တိတ်ဝှက်က သူ့အား အဖြေးလုပ်ပြီးမဖြေ။

မြင်းကိုသာ ဗိုက်အား ခြေနှင့်ဆတ်လိုက်သဖြင့် မြင်းကလန့်ပြီး ခုန်ထွက်ပြေး၏။



ရောင်ချွန်း မြင်းဆွဲရာသို့ အပြေးကလေး လိုက်ပါသွားရ၏။

တိတ်ဝှက်က မြင်းကို ရိုက်ပြီး နှင်ပြန်သည်။

မြင်းက ဒုန်းစိုင်းနှင်၏။

ရောင်ချွန်း ပြေးမလိုက်နိုင်တော့။

တလိမ့်ခေါက်ကွေး မြေတွင် တရွတ်တိုက်ပြီး မြင်းဆွဲရာပါသွား၏။

သူ၏ မျက်နှာ ခန္ဓာ၊ ခြေလက်တို့၌ သွေးချင်းချင်းနီလျက်ရှိ၏။

တိတ်ဝှက် မြင်းကို နှစ်ပတ်သုံးပတ် ခေါက်တုံ့ခေါက်ပြန်ပြေးစေ၏။

ထိုအခါ ရောင်ချွန်းမှာ လုံးဝ သတိမရလေတော့။

တစ်ကိုယ်လုံး၌ သွေးတို့ဖြင့် စိုရွှဲလျက် သူ့မြင်းပေါ်သူ့အား ပြန်တင်ပေးလိုက်၏။

ထို့နောက် တီယင်ချီ ရွာဘက်သို့ ဦးတည်ပြီး မြင်းဗိုက်ကို ပွတ်ပေးကာ နှင်လွှတ်လိုက်ပါသည်။

သွေးတို့ဖြင့် ချင်းချင်းနီနေသော ရောင်ချွန်းခန္ဓာအားသယ်ဆောင်လာသည့် မြင်းအား တီယင်ချီ ရွာသားတို့ မြင်လေလျှင် တစ်ရွာလုံး အုတ်သော်သောင်းဖြင်း ဖြစ်ကုန်ကြသည်။

ရောင်ချွန်း၏ နောက်လိုက်စားသမားတို့ ကြွက်ကြွက်ဆူလေပြီ။

( ၄၁ )

နောက်တစ်နေ့၌ တစ်ကိုယ်လုံး ပတ်တီးစည်းပြီး ရောင်ချွန်း သူ၏ လူများကို ခေါ်ယူတွေ့ဆုံသည်။

ဘုန်းကြီးတိုင်ရှမ်းအပါအဝင် ယံင်ကဲ့ယန်းနှင့် သူ၏ မားသမားများ အစုံအညီ တက်ရောက်ကြသည်။

ရောင်ချွန်းမှာ မျက်လုံးနှစ်လုံးနှင့် နှာခေါင်း၊ ပါးစပ်စသည်တို့သာ လပ်ဟာထား၏။

ကျန်သည့် မျက်နှာ အင်္ဂါတို့မှာ အားလုံး ပတ်တီးစည်းထားရလေသည်။

စကားကိုလည်း ကျယ်ကျယ်ဟာဟာ မပြောနိုင်။ သို့သော် လက်စားချေဖို့ရာ အချိန်မဆွဲချင်။ သူကိုယ်တိုင်ပင် လုပ်လိုက်ချင်၏။

သူ၏ တစ်ကိုယ်လုံး ရစရာမရှိအောင် စုတ်ပြတ်ပွန်းပဲ့ ဒဏ်ရာများ ရနေ၍သာ သူကိုယ်တိုင် မဆောင်ရွက်နိုင်တဲ့ ယင်ကဲ့ယန်းတို့အား တာဝန်ပေးဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။

'ကဲ....ဒီနေ့ ကျောက်စိမ်းအိမ်ကို လက်စားချေဖို့ ဘုန်းကြီးတိုင်ရှမ်းက ဦးဆောင်ပါ၊ ယင်ကဲ့ယန်းနဲ့ ကျန်လူတွေက ကျောက်စိမ်းအိမ်ကို မီးနဲ့တိုက်မယ်၊ တွေ့တဲ့လူကိုသတ်မယ်၊ ကျုပ် ရဲတိုက်ထဲက ထွက်နိုင်တဲ့နေ့မှာ ကျောက်စိမ်းအိမ်ရော လူတွေရော မရှိစေရဘူး၊ ကဲ....ခု သွားကြ'

ဘုန်းကြီးတိုင်ရှမ်းနှင့် ယင်ကဲ့ယန်းတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။

ထို့နောက် ဦးခေါင်းကိုညိတ်ကာ ရဲတိုက်ထဲမှ ထွက်ခွာကြ၏။

မကြာမီ တီယင်ချီမှ မြင်းစီးလူတစ်စု ဒယ်အိုးချိုင့်ဝှမ်း ဒေသမှ ကျောက်စိမ်းအိမ်ဆီသို့ စီးနှင်သွားကြသည်ကို မြင်ရလေသည်။

'ဟေး....ဟေး ..ဟေး'

ရှေ့ဆုံးမှ ယင်ကဲ့ယန်းက ညာသံပေးပြီး မြင်းကို ဒုန်းစိုင်းနှင်လာသည်။

အားလုံး အယောက် ၂၀-ခန့် ရှိသည်။



ကျောက်စိမ်းအိမ်မှ ဝမ်တေလိတို့ မိသားစုက မြင်းအုပ်ကြီး ခွာနှင်သံနှင့် ညာသံပေး အော်ဟစ်နေသော အသံကို ကြားကြရသဖြင့် ထွက်ကြည့်ကြသည်။

ဓားများကိုဝင့်ကာ ဒုန်းစိုင်းချလာသော မြင်းစီးသမားများကို တွေ့လိုက်ရသဖြင့် ဝမ်တေလိ မျက်နှာပျက်သွားကာ ဓားပြေးဆွဲ၏။

မိန်းမနှင့် သမီး ဖြစ်သူကိုလည်း ပါးစပ်မှ အော်ဟစ်ပြေးခိုင်းနေသည်။

'မင်းတို့လွတ်အောင် ပြေးကြ....ပြေးကြ'

အိမ်၌ အိမ်ရှင်ကမရှိ။ တောထဲ အမဲပစ်ထွက်သွားသည်။

ဝမ်တေလိ ဓားကိုကိုင်ပြီး စောင့်သည်။ ဇနီးသည်နှင့် သမီးတို့က လက်လွတ်ထွက်ပြေးကြရှာသည်။

'ဟေး....ဟေး....ဟေး'

ယင်ကဲ့ယန်းတို့ လူစုက ဝမ်တေလိအား ဝိုင်းဝန်းထိုးခုတ်လိုက်ကြသည်။

ဝမ်တေလိမှာ ကျောက်စိမ်းအိမ်ပေါက်ဝ၌ ဓားဒဏ်ရာများစွာဖြင့် သေဆုံးသွားရသည်။

လင်ကျင့်ရင်ကို့ သားအမိမှာလည်း နောက်မှ မြင်းစီးသမားတို့ လိုက်လံထိုးခုတ်ကြသဖြင့် သေဆုံးခဲ့ကြရှာလေသည်။

ယင်ကဲ့ယန်း မီးတုတ်တစ်ခုအား ကျောက်စိမ်းအိမ်ထဲသို့ ပစ်သွင်းလိုက်သည်။

မီးတောက်တို့က ခဏအတွင်း ကျောက်စိမ်းအိမ်အား လောင်ကျွမ်းဝါးမျိုနေလေတော့သည်။

ဘုန်းကြီးတိုင်ရှမ်းက ဝက်သစ်ချပင်တစ်ပင်အောက်မှ ထို အနိဋ္ဌာရုံများကို ကြည့်ရှုရင်း တုန်လှုပ် ချောက်ချားနေခဲ့ သည်။

ယင်ကဲ့သန်းတို့ ဓားသမားများကား ကျောက်စိမ်းအိမ် ကြီးအား စိစိညက်ညက်ကျေအောင် မီးတင်ရှို့ပြီးမှ တီယင် ချီ ရဲတိုက်သို့ အောင်မြင်စွာ ပြန်သွားကြလေတော့သည်။

ကျောက်စိမ်းအိမ်ကြီး၏ ခန့်ညားမှု၊ ခိုင်ခံ့မှု၊ လှပမှုတို့ မှာ ခဏချင်းပင် ပျက်စီးယိုယွင်းသွားခဲ့ပြီဖြစ်၏။

ထိုအတူ ကျောက်စိမ်းအိမ်သခင်မှာလည်း တစ်နေ့တည်း ၌ပင် မိသားစုအားလုံး သေပွဲဝင်သွားရရှာတော့သည်။

တီယင်ချီ သစ်တောထဲမှာ အမဲတစ်ကောင်ကို ပခုံး၌ထမ်း ပြီး ပြန်လာသော တိတ်ဝှက်မှ သူ၏ ကျောက်စိမ်းအိမ်နှင့် အတူ သူ၏ မိဘနှစ်ပါး၊ သူ၏ တစ်ဦးတည်းသော နှမလေး တို့ သေပွဲဝင်နေသည်ကို တွေ့ရသောအခါ တုန်လှုပ်ချောက် ချားပြီး ဝက်သစ်ချပင် ခြေရင်း၌ အထီးကျန် ငေးငိုင်ရပ်နေ မိတော့သည်။

တိတ်ဝှက် မျက်ရည်မထွက်မိအောင် မျိုသိပ်ထားခဲ့ရသည်။ ထိုမျက်ရည်တို့ကို နာကြည်းမှုများနှင့် အစားထိုး ချေဖျက် လိုက်၏။

အံကိုတင်းနေအောင် ကြိတ်သည်၊ အတွင်းအားတို့ကို စုစည်းလိုက်ရသည်။



ဒေါသတို့ကို ဖောက်ခွဲမှု ဖြစ်မည်။

သူ အပေါ်မှ ဝက်သစ်ချပင်၏ ပင်စည်ကို လက်သီးနှင့် ကျုံးထိုးပစ်လိုက်ရတော့သည်။

ဝက်သစ်ချပင်ကြီးမှာ ဖြည်းဖြည်း လဲကျသွားလေ သည်။

'မောင်ချွန်း....မင်းတော်သက် ငါ့ဝင်သက် ကမ္ဘာကုန်ကျယ် သရွေ့ မမေ့ကြစကမ်းဟေ့'

## ( ၄၂ )

### မြို့စားကြီး လျှ။

နောက်တစ်နေ့မနက်တွင် စွန်ချန်းသည် အချိန်မီ လင်ဟုတ်အန်း၏ ဆရာဖြစ်သော မြို့စားလျှနှင့် တွေ့ရန်ရှိသောကြောင့် ဝတ်အစားလဲကာ ရရာလက်နက်ကိုယူဆောင်လျက် အဝိုင်းမြို့ အရပ်သို့ စောစောထွက်ခွာသွားလေ၏။

သတ်မှတ်ထားသောနေရာသို့ ရောက်လုရောက်ခင် အချိန်ဝယ် သံချင်းထိခိုက်သောအသံတို့ကို ကြားလိုက်ရလေသည်။ သို့ဖြင့် စွန်ချန်းမှာ ဓားကိုလက်က ကိုင်လျက် အသံကြားရာ ဘက်ဆီသို့ ပြေးထွက်သွားရာ တိုက်ပွဲတစ်ပွဲကို တွေ့ရှိရလေသည်။

တိုက်ပွဲမှာ လူနှစ်ယောက်, နှစ်ယောက်ခန့်က ကျန် လူတစ်ဦးကို ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်သည်။

သို့သော်လည်း တစ်ယောက်တည်းသမား၏ ဓားချက်က ဓားရေးသက်လှသဖြင့် လူများစုမှာ သေသူသေ, ဒဏ်ရာရသူရနှင့် ဖြစ်နေ၏။

တစ်ဦးတည်းသော ဓားသမားက လျင်မြန် ဖျတ်လတ်လှသည်။

အများစုဓားသမားများမှာ သူ့အား ထိရောက်အောင် မည်သူမျှ မတိုက်နိုင်ကြချေ။

ဓားကွက်ချင်းက ကွာခြားလေသည်၊ တစ်ဦးတည်းသမား၏ ဓားကွက်မှာ အဆင့်မြင့်လှ၏။

မည်သို့ဖြစ်စေ စွန်ချန်းအဖို့ တစ်ဦးတည်းသမားဘက်က ဝင်ရောက် ကူညီတိုက်ခိုက်ရတော့သည်။

ဤတွင် တစ်ဖက်က ရန်သူများက စွန်ချန်းအား ဝိုင်းတိုက်ပြန်၏။

မကြာမီအတွင်း စွန်ချန်းမှာ ခေါင်းတွင် ဒဏ်ရာရပြီး ဒူးထောက် လဲကျသွားတော့၏။

သူ့အဖော်များ ဆက်လက်မတိုက်ဘဲ နောက်သို့ အသာဆုတ်နေသည်။

ရန်သူများကလည်း သူ့အား အတင်း လိုက်တိုက်ကြ၍ သူ့မှာ ခက်ခက်ခဲခဲပြန်လှန်ခုခံနေရပြန်သည်။

မကြာမီ မြင်းစီးသမားများ ရောက်ရှိလာကာ ရန်သူများအား၊ တိုက်ခိုက်ကြပြန်သည်။



ရန်သူမှာ လူချင်းမမျှတော့သဖြင့် အရှုံးပေးလိုက်ကြလေသည်။

ဤတွင် လဲနေသော စွန်ချန်းထံသို့ ပထမဦးဆုံးတိုက်ခိုက်နေသူက လာရောက်ကြည့်ရှုလေသည်။

စွန်ချန်းမှာလည်း သတိပြန်လည်ရလာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်လေရာ သူ့ထက် အနည်းငယ်ကြီးသော လူကြီးတစ်ဦးကို မြင်တွေ့လိုက်ရသည်။

'မင်း ရောက်လာလို့သာပေါ့၊ ကျေးဇူးတင်ပါတယ်'

'ကျွန်တော် လူတစ်ဦးနဲ့ ချိန်းထားလို့လာတာပါ၊လာရင်း တိုက်ပွဲကို တွေ့ရတော့ ဝင်ကူမိတာပါပဲ'

'မင်း ငါ ဘယ်သူဆိုတာ သိရဲ့လား'

'ဟင့်အင်း....မသိပါဘူး'

'ဒါဖြင့် ငါ့ကို ဘာလို့ ကူညီတာလဲကွ'

'ခြောင်း....ဒါကတော့ တစ်ယောက်နဲ့အများ တိုက်နေတာ မြင်လို့ လူနည်းတဲ့ဘက်ကဝင်တိုက်မှ တရားရာရောက်တော့မယ် ထင်လို့ပါ'

'အင်း....မင်းအတော်သဘောထား ကြီးသားပဲ၊ မင်းက မြို့စား လီဘက်ကလား၊ မြို့စား တန်ဘက်ကလား'

'တန် ဘက်သားပါ ခင်ဗျာ'

'ဒါဖြင့် ကောင်းတာပေါ့ကွာ'

ထို့နောက် သူ့နောက်လိုက်များအား ဖမ်းဆီးထားသူများကို သစ်တောထဲ ခေါ်သွားရန် အမိန့်ပေးလိုက်၏။

သူ့လူများက တောထဲသို့ ခေါ်သွားကြသည်။

မကြာမီပင် ရန်သူများမှာ သစ်ပင်များတွင် တိုးလိုးတွဲလောင်းနှင့် ကြိုးဆွဲချအသတ်ခံကြရလေသည်။

ခေါင်းဆောင်လုပ်သူသည် သူ့လူများအား ယခင် ပုန်းအောင်းနေသည့် နေရာဝယ် ပြန်လည်ပုန်းအောင်းစေ၏။

'သခင်...ခါးသမားတွေခေါ်ထားပါဦးလား၊ အဆင်သင့်ဖြစ်ရအောင်'

'တော်ပါကွာ....မင်းတို့ကို စောင့်နေရင် ငါ မြေကြီးထဲရောက်နေတာကြာပြီ၊ ဟောဒီမယ်....ငါ့ကို ကူတဲ့လူ ရောက်လာလို့ တော်သေးတာပေါ့'

အချိန်မှာ လင်းသည်ထက် လင်းလာသည်ဖြစ်ရာ ခေါင်းဆောင်လုပ်သူမှာ စွန်ချန်းအား ကြည့်ပြီး....

'မင်း ငါ့ကို ကူညီဘဲ့အတွက် ကျေးဇူးတင်ပါတယ်'

စွန်ချန်းက ထိုသူအား ကြည့်ပြီး မေးမြန်းချင်လာသဖြင့်....

'မိတ်ဆွေဟာ မြို့စားကြီး လျူပါလား ခင်ဗျာ'

'ဟုတ်ဘယ်'

ထို့ကြောင့် စွန်ချန်းက လင်ဟုတ်အန်း၏ လက်စွပ်ကိုပြလိုက်ရာ....

'မင်းနာမည် ဘယ်လို ခေါ်ပါသလဲ'

'စွန်ချန်းပါ'

'မင်းလာတာ စောတယ်၊ ဒါပေမယ့် အပြစ် မရှိပါဘူး၊ ငါလဲ စောစောလာတာပဲ၊ မျောက်ပါးစပ်မှာ ငါ့ရန်သူဖြစ်တဲ့ ပိုးမခရွာစားနဲ့ လူကုံထံ ရောင်ချွန်းတို့ ရှိတယ်၊ အင်အား



တော်တော်ကောင်းတယ်လို့လဲ ကြားတယ်၊ ဒါပေမယ့် မျောက်ပါးစပ်က တစ်ဖက်က မြစ်ခံနေပြီး တစ်ဖက်က ချောင်းခံနေတယ် ဆိုတော့ တိုက်ဖို့မလွယ်လှဘူး၊ ဒီနေရာကို လိမ်လိမ်မာမာနဲ့ တိုက်တတ်ဖို့လိုတယ်'

'မှန်ပါတယ် ခင်ဗျာ'

# ( ၄၃ )

‘လင်ဟုတ်အန်းအိက စာပါလား’

‘မပါပါဘူး၊ ကျွန်တော် စာတွေ ဝှက်ထားတဲ့ နေရာကို သွားရှာပြီး စောစောက ထွက်လာတာပဲ၊ ဒီရောက်တော့ တိုက်ပွဲတိုက်နေတာနဲ့ သွားမယူရသေးဘူး၊ ဒါပေမယ့် ရန်သူ့ အခြေအနေကို ကောင်းကောင်း ဖော်ပြနိုင်ပါတယ်’

စွန်ချုန်းက ရန်သူ၏အခြေအနေကို စုံစုံလင်လင် ပြောပြလိုက်ရသည်။

‘ကျွန်တော် သဘောအတိုင်းဆိုရင် အခုချက်ချင်း တိုက်ဖို့ တောင် ကောင်းတယ် ထင်တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့

ဒီအချိန်မှာ ကင်းလဲတာဆိုတော့ နေ့လယ်ပိုင်း ကင်းစောင့် မရှိဘူး'

'ရန်သူအားလုံး ဘယ်လောက်ရှိသလဲ'

'၂၀၀ လောက် ရှိမယ်'

'ငါ့မှာ အခုချက်ချင်း ခုနစ်ဆယ်လောက်ပါတယ်၊ အခု ဒီသစ်တောထဲမှာ ရှိတယ်၊ နောက်ထပ် ခုနစ်ဆယ်လောက် ခေါင်းတစ်ရာရွာကနေပြီး လာကြလိမ့်မယ်၊ သူတို့ နောက် က တစ်ခါ လေးဆယ်လောက် ထပ်ပြီးလာမယ်၊ လောက အလင်း ဘုန်းကြီးကျောင်းမှာ လင်ဟုတ်အန်းရဲ့ လူငါးဆယ် လောက် ရှိတယ်၊ နောက်ကလူတွေ လာတာကို စောင့်ဦး မလား၊ ဒါမှမဟုတ် ခုချက်ချင်း တိုက်ရမလား'

'ခုတင်ပဲ ရန်သူငါးယောက်ကို ဇွကြိုးချသတ်ပြီးပြီ၊ ဒီလူ တွေ အချိန်မီ ပြန်မရောက်ရင် ရန်သူကို သတိထားကြရလိမ့် မယ်၊ အဲဒီတော့ ရုတ်တရက် တိုက်ဖို့ စိတ်ကူးရင် အလွန်ဆုံး ထမင်းတစ်ခါစားပဲ စောင့်ဆိုင်းဖို့ ကောင်းတယ်'

'အေး....ငါလဲ ဒီလိုပဲ သဘောရတာပဲ၊ ဒါဖြင့်ရင် လောက အလင်းကို လင်ဟုတ်အန်းရဲ့ လက်စွပ်နဲ့ လူတစ်ယောက်ကို လွှတ်ပြီး အကျိုးအကြောင်း ပြောထားရမှာပဲ'

မြို့စားလျှူသည် အသံတစ်ခု ပြုလိုက်၏။

ပုန်းအောင်းနေရာမှ သူ့လူများ လျင်မြန်စွာ ထွက်ပေါ် လာကြသည်။

တောထဲမှ လူခုနစ်ဆယ်ခန့် မကြာမီ စုစည်းမိသွားသည်။ ထို့နောက် သူကိုယ်တိုင် ရှေ့ဆုံးမှ သွားလေသည်။



သူ၏အစီအစဉ်မှာ ရိုးရိုးပင် ဖြစ်သည်။

မျောက်ပါးစပ်ရွာ လမ်းမကြီး၏ ညာဘက်ပိုင်းကို လက်ဦး သိမ်းပြီး ထိုနေရာတွင် အခိုင်အခံ့ ပြုလုပ်ကာ နောက်မှ အကူ များကို စောင့်ဆိုင်း တိုက်ခိုက်ရန် ဖြစ်ပေသည်။

* * *

အကယ်၍ မိုးမခရွာစားနောက်သို့ ဆုတ်ခွာပြီးလျှင် လိုက် လံပြီး နှိပ်ဖက်ညှပ်၍ တိုက်ခိုက်ရန် ဖြစ်သည်။

မဆုတ်ခွာဘဲ ရွာထဲမှာပင် ကြံ့ကြံ့ခံနေလျှင် အဘက်ဘက် မှ ဝိုင်းထားရန် ဖြစ်သည်။

ဤသို့တိုက်ခိုက်ရာတွင် ဘေးရန် တစ်ခုတည်းသာ ရှိ၏။

ထိုအားရန်မှာ နောက်မှအကူ ရောက်မလာပဲ ရှေ့ဆုံးမှ လူနှနစ်ဆယ် ပြုတ်သွားမည်ကို စိုးရိမ်ရခြင်းပင် ဖြစ်သည်။

ရန်သူကို အသိမပေးဘဲ တက်နိုင်သမျှ ချောင်းမြောင်း တိုက်ခိုက်ရန် လိုလေသည်။

သို့ဖြင့် ခြေလျင်စားသမားများမှာ မြင်းစီးသမားများ၏ နောက်မှ သွားနေရပြီး စွန်ချန်းမှာကား မြို့စား လျူ၏အပါး တွင် အကြံဉာဏ်ပေးရန် သွားရ၏။

အကာအကွယ်ရှိသော နေရာများတွင် ဖြည်းညင်းစွာ ခုံ တက်၍ သစ်ပင်ကင်းရှင်းသော နေရာများ၌ လျင်မြန်စွာခွဲဖြန့် ၍ သွားကြရလေသည်။

နေမှာ ကောင်းကင်တွင် မြင့်တက်လာပြီဖြစ်၍ မျောက် ပါးစပ် ရွာကလေးမှာကား အိမ်နှင်းများဖုံးအုပ်ကာ ဖြူဖွေး လျက် ရှိပေသည်။

မြို့စားလျူက စွန်ချန်းအား....

'ဒီမြို့ထဲမှာ လူတွေ မနက်စာ ချက်ပြုတ်နေကြတုန်းတိုက်ရင် ငါတို့ နိုင်မလား ရှုံးမလားတော့ မပြောတတ်ဘူး၊ မင်းနဲ့ငါနဲ့ နာမည်ကတော့ ကျော်ကြားဦးမှာပဲ'

စွန်ချန်းမှာ သူ့တာဝန်ကိုသူ ကျေပွန်အောင် ထမ်းဆောင် မည်ဟု ပြောခြင်းမှအပ ထွေထွေထူးထူးစကား ပြန်၍မပြော ပေ။



ရွာနားသို့ရောက်လျှင် မြင်းရောလူပါ ခွတ္တ အပန်းဖြေ ကြပြီး မြို့စားလျူသည် ရှေ့ဆုံးမှ ဓားလွတ်ကိုင်ပြီး မျောက် ပါးစပ် ရွာကလေးဆီသို့ ရှေးရှု၍ အပြေးအလွှား တရကြမ်း နှင်ကြရတော့သတည်း။

( ၄၄ )

## သူရဲကောင်း စွန်ချန်း

ဤသို့ အပြင်းနှင်သွားပြီး ရွာနားရောက်သည်နှင့် တစ်ပြိုင်နက် ရွာထဲမှလူများ ပြေးကြလွှားကြ အော်ကြဟစ်ကြနှင့် ဖြစ်နေသည်ကို တွေ့ရလေ၏။

ရွာထဲတွင် ကောလဟာလ သတင်းအမျိုးမျိုး ဖြစ်နေရာ မြို့စား လျှူ၏ လူများ ရွာစွန်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ဘုန်းကြီးကျောင်းမှ ခေါင်းလောင်းထိုးသံကို ကြားကြရလေသည်။

မြို့စား လျှုမှာ ၂နှ်သူက မိမိခြီတက်လာသည်ကို စောစော သိသွားသဖြင့် အံကြိတ်လျက်ရှိ၏။

အကယ်၍ သူ့လူများ ရွာတွင်းတွင် ခြေကုပ်အောင်းစွာ မရလျှင် ရှုံးနိမ့်မည်ကို နားလည်ပေသည်။

သို့သော်လည်း မြို့စား လဝ်ဘက်မှ လူများမှာကား စွန်ချွန်း ပြောသကဲ့သို့ပင် ကင်းလဲမြီး၈ အချိန်ဖြစ်သောကြောင့် တိုက် ပွဲအတွင်း အဆင်သင့်မရှိကြပေ။

လူ ၅၀ ခန့်နှင့် မြင်း ၅၀ ခန့်သာ အဆင်သင့် ရှိပေသည်။

ခေါင်းလောင်းထိုးသံ၊ ရွာသူ ရွာသားများက အော်ဟစ် သံဖြင့် ရန်သူစားသမားများသည် မြင်းများဖြင့် အကွပ်အကဲ မရှိ ပြေးချင်ရာပြေး၊ လွှားချင်ရာလွှား ဖြစ်နေကြ၏။

မြို့စားလျှု၏လူများ ရွာတွင်းသို့ဝင်မိလျှင် လမ်းပေါ်တွင် စားကိုင်သမား အနည်းငယ်ခန့်မျှကိုသာ တွေ့ရသောကြောင့် ခဏချင်းတွင်း သုတ်သင်ပစ်လိုက်ရသည်။

ရွာတွင်းသို့ဝင်မိလျှင် စွန်ချွန်း၏ သတိပေးချက်အရ မြို့စား လျှုသည် မှူလသွားနေသောနေရာ၏ ညာဘက်သို့လှည့်ကာ တစ်လမ်းပြီးတစ်လမ်း သိမ်းပိုက်လျက်ရှိ၏။

စားသမားအချို့မှာ ရန်သူကိုသုတ်သင်ရင်းအိမ်များကိုပါ သိမ်းပိုက်နေကြလေသည်။

ဤကဲ့သို့ လမ်းကြောင်းပြောင်းသည်ကို မြင်သဖြင့် တစ်ဖက် မှ ရန်သူ လ၏ တပ်ဖွဲ့များသည် ရွာတွင်းသို့ ဆုတ်ခွာကြသော အချင်းချင်း တိုင်ပင်ပြီး အင်အားဖြည့်၍ နေကြလေသည်။



စွန်ချွန်း၏ အကြံပေးချက်အရ မြို့စားလျှု သိမ်းပိုက်ထား သော အပိုင်းမှာ လမ်းငါးလမ်းသာရှိ၍ ဆင်းရဲသားများ နေထိုင်ရာရပ်ကွက် ဖြစ်၏။

နောက်ပိုင်းတွင် အကာအကွယ် လုံးဝမရှိပေ။

* * *

လမ်းငါးလမ်းကို ကင်းများချထားပြီး အများစုအား အလယ်ဗဟိုတွင် ရပ်နားစေကာ တိုက်ခိုက်ရန် အသင့်ပြင်နေ ကြ၏။

ရပ်ကွက်ထဲတွင် လဝ်ဘက်မှလူများ နေထိုင်သည်ကို မတွေ့ ရဘဲ ရွာသူရွာသားများမှာလည်း ရောက်တတ်ရာရာ ထွက်ပြေး လျက် ရှိကြလေသည်။

သိမ်းပိုက်ထားသောနယ်၏ အလယ်ဗဟိုတွင်ရှိသော အရက်ဆိုင် တစ်ခုတွင် မြို့စားလျှူသည် သူ၏လူများအား စခန်းချခိုင်းတော့၏။

မြို့စားလျှူက စွန်ချန်းအား ...

'မင်းလဲ ကောင်းကောင်းတိုက်၊ ငါကြီးမြင့်လာရင် မင်းကိုလဲ ချီးမြှင့်မယ်'

ထို့နောက် သူ့အားလည်း လမ်းတစ်လမ်းကို စောင့်ကြပ်ရန် တာဝန်ပေးလိုက်သည်။

စွန်ချန်း ထွက်သွားသည်နှင့် တစ်ပြိုင်နက် အနားတွင်ရှိသော လေးသမားတစ်ဦးအား မြို့စားလျှူက....

'ဟေ့....လင်ချောင်ကျူး၊' ဟို စွန်ချန်းဆိုတဲ့လူနောက်ကို လိုက်သွား၊ ဒီလူ သစ္စာရှိရှိနဲ့ တိုက်ရင် မင်း သူ့ရဲ့ ကိုယ်ရံတော်အဖြစ်နဲ့နေ ရန်သူက သူ့ကိုသတ်ပစ်ရင် မင်းတာဝန်ပဲ၊ အေး သစ္စာမရှိရင်တော့ မင်းကိုယ်တိုင် သုတ်သင်ပစ်ခဲ့'

စွန်ချန်း တာဝန်ယူရသောလမ်းမှာ အလွန် ကျဉ်းမြောင်း၍ အိမ်ခြေစိပ်၏။

သို့သော်လည်း လမ်းမှာ ရွာ၏ဈေးတက်သို့ ဖြတ်နေသော ကြောင့် တိုက်ပွဲဖြစ်လျှင် ဤလမ်းတွင် အကြီးအကျယ် တိုက်ခိုက်ရန် အကြောင်း ရှိပေသည်။

ဈေးပိုင်းတွင် ဟိုဟိုသည်သည် ပြေးလွှားနေကြသော ရွာသားများနှင့် ပြည့်နှက်နေ၏။



သို့သော်လည်း ရန်သူ၏အရိပ်အခြည်ကို မမြင်ရသေးသောကြောင့် စွန်ချန်းသည် မိမိတာဝန်ကျရာ နယ်ပယ်၏ ကာကွယ်ရေးကို ပထမ လုံးပမ်းနေရလေသည်။

လမ်းအဆုံးတွင် အိမ်တစ်လုံးမှာ အပေါက်များပွင့်နေကာ အိမ်ရှင်များ မရှိသောကြောင့် အိမ်ပေါ်မှ အိမ်ထောင် ပရိဘောဂများကိုယူကာ လမ်းမတွင် ပုံ၍ထား၏။

သူနှင့်အတူတိုက်ခိုက်ရန် လူ တစ်ရာ ရထားသဖြင့် အိမ်များ ပေါ်တွင် နေရာချထားပြီး ပြတင်းပေါက်များမှ လေးနှင့် ပစ်ရန် အဆင်သင့်လုပ်ခိုင်းထားသည်။

အချို့လူများကို သူနှင့်အတူ အိမ်ထောင် ပရိဘောဂများ ကို စုပုံ၍ ထားကာ ကတုတ်နောက်တွင် တန်းစီ၍ ထားလေ သည်။

ထိုအခိုက်တွင် ရွာထဲ၌ တစ်ခဲနက် ဆူညံသံကို ကြားနေရပြီး မြင်းခွာသံများနှင့်အတူ ရန်သူမြင်းတို့သည် လှုပ်ရှားနေပြီး ထိုအသံများ ငြိမ်သွားသောအခါ၌ မလှမ်းမကမ်းရှိ ဈေးထဲတွင် ဝတ်စုံရောင်တူ ရန်သူများအား မြင်ရလေသည်။

ဝတ်စုံပြာများကို ဝတ်ထားသောကြောင့် ရောင်ချွန်း၏လူများဖြစ်ကြောင်း သိရပေသည်။

အတန်ကြာအောင် ဆိတ်ငြိမ်နေပြီး ရွာတွင်း အရပ်အသီးသီးမှ အသံလေးသံကြားရပြီး ဈေးဘက်ဆီမှ အသံတစ်သံ ပြန်ကြားရသည်။

မကြာခင် ဈေးဘက်မှ ရန်သူများချီတက်လာပြီး စွန်ချန်းတို့ ကတုတ်နှင့် လမ်းဘေးတစ်ချက် အိမ်များမှာ မြားပစ်ခံရလေ၏။

တိုက်ပွဲစပြီဖြစ်ရာ ရန်သူသည် မြို့တွင်း အရပ်ငါးမျက်နှာမှ နေကာ မြို့စားလျူ၏လူများကို ဝိုင်း၍ တိုက်ခိုက်ကြလေသည်။

စွန်ချန်းမှာ သူ့နေရာ ခိုင်မြဲရေးအတွက် သူ့လူ တစ်ရာကို လုံးဝ အားကိုးရမည်ဟု နားလည်သည်။

နှစ်ကြိမ်တိုင်တိုင် လေးနှင့် အပစ်ခံနေရခိုက် စွန်ချန်းမှာ မြို့စား လျူ လွှတ်လိုက်သော လူ တစ်ဦးက လာပြီး ဝတ်စုံတစ်စုံ ပေးခြင်း ခံရသည်။

ထို ဝတ်စုံကို ဝတ်စားပြီးသည်နှင့် တစ်ပြိုင်နက် မြားနှစ်စင်း လာမှန်၏။



သို့သော် ထိုဝတ်စုံမှာ မြားခံဝတ်စုံဖြစ်နေသောကြောင့် စွန်ချန်း သက်သာရာ ရသွားသည်။

တတိယ မြားချက်မှာမူ အကျီလာပို့သူအားမှန်ကာ လဲကျသွားရှာ၏။

* * *

ယခုအခါမှာ ရန်သူသည် အလွန်နီးကပ်လာပြီဖြစ်ရာ စွန်ချန်းသည် သူ့လူများအား ပစ်ခတ်ရန် အမိန့်ပေးလိုက်သည်။

ဤတွင် အိမ်များပေါ်မှလည်းကောင်း ကတုတ်များထဲမှလည်းကောင်း လေးနှင့်ပစ်ကြရာ ရန်သူများ အတုံးအရုံး ကျဆုံးကြကုန်၏။

သို့သော်လည်း ရန်သူတပ်များသည် တစ်ခဲနက်ဟစ်အော်ကြွေးကြော်ကာ အတင်း တချကြမ်း အပြေး တက်လာကြသည်။

တိုက်ပွဲမှာ ရင်ဆိုင် တိုက်ပွဲဘဝသို့ ရောက်ရှိလျက်ရှိပြီး ရန်သူများသည် လက်နက်များကို ဝင့်ကာ ဝင့်ကာ ကတုတ်လုပ်ထားသော နေရာကို ဆွဲဖယ် ဖျက်ဆီးကြ၏။

ကတုတ်တစ်ဖက်တွင်ကား ရန်သူများစွာ နောက်ဆုတ်နေရသော်လည်း ကတုတ်မှာကား ယခင် စုပုံထားသော အမြင့်ထက် တစ်ဝက်ခန့် ပျက်စီးသွားကာ ပရမ်းပတာ ဖြစ်နေလေ၏။

ဈေးဘက်မှ ခေါ်သမားများမှာမူ ဆုတ်ခွာလျက်ရှိကြပြီး အလွန်အကျွံ ချီတက်လာသော မြင်းစီးကျော်တို့မှာလည်း နောက်သို့လှည့်စပြုနေသည်။

ဤတွင် စွန့်ချန်း၏လူများက ရန်သူမြင်းစီးကျော်များကို ခုတ်ကြထစ်ကြ၏။

မြင်းစီးသမားများကမူ အလျှော့မပေးဘဲ တစ်ဖန် ပြန်လည်ပြီး အတင်းတိုးဝင်လာရာ လမ်းထဲသို့ အတော်ကျ ပြီး ရောက်လာ၏။

သို့သော်လည်း လမ်း၏အလယ်တွင်မူ ပိုမိုအင်အား တောင့်တင်းသော စွန့်ချန်း၏တပ်များက အပြင်းအထန် တိုက်ခိုက်လိုက်ရာ ရန်သူမှာ လျင်မြန်စွာ ဆုတ်ခွာရပြန်သည်။



ရန်သူ ဆုတ်ခွာနေခိုက် အိမ်ပေါ်မှ ခေါ်သမားများက ရန်သူများအား လိုက်တိုက်ရာ အကျအလွန်များသဖြင့် မြင်းများကို ဒုန်းစိုင်းပြေးကြလေ၏။

လမ်းပေါ်တွင် ရန်သူဟူသ၍ တစ်ဦးမှ မတွေ့ရတော့ချေ။

ထိုအခိုက်တွင် မြို့စားလျူသည် တိုက်ပွဲနေရာကို စစ်ဆေးရန် ရောက်လာခဲ့လေသည်။

* * *

မျက်နှာ ဖြူပင်ဖြူရော် ဖြစ်နေသော်လည်း မျက်လုံးက စူးရှတောက်ပြောင်လျက် ရှိသည်။

တိုက်ပွဲခင်းကိုကြည့်ကာ မြို့စားလျူက မြင်းတော်များကို ဖယ်ရှားရန် အမိန့်ပေးလိုက်၏။

ရန်သူများသည် ထိုအချိန်တွင် လေးမျှားနှင့်ပစ်လျက် ရှိသော်လည်း မြို့စားလျူသည် ရန်သူအား အမှုမထားဘဲ တိုက်ခိုက်သည့်စွမ်းရည် အားကိုးရသဖြင့် စွန်ချန်းအားဂုဏ်ပြု ချီးကျူး၏။

ထို့နောက် ပြုံးရွှင်သော မျက်နှာထားဖြင့်....

'သူရဲကောင်း စွန်ချန်း....ခင်ဗျား မိုးမရွာစားကိုမြင်ရင် ကျုပ်ကို အသိပေးဖို့ မမေ့ပါနဲ့၊ ဒီကောင်ကြီးကို ကျုပ်ကိုယ်တိုင် သုတ်သင်ချင်တယ်၊ တခြားလူက သုတ်သင်ခဲ့ရင်တော့ ကျုပ်မကျေနပ်ဘူး'

* * *

'ဒုက္ခရှာမနေပါနဲ့၊ ဒီမှာ ကျွန်တော်တို့ရှိနေတာပဲဥစ္စာ'

'ခင်ဗျား တာဝန်ကျတဲ့လမ်းက အရေးကြီးတယ်၊ တိုက်ပွဲအကြီးအကျယ်ဖြစ်ရင် ဒီမှာ ဖြစ်မှာပဲ၊ ဒီမှာရှုံးရင် ကျုပ်တို့ ရှုံးဖို့ပဲရှိတယ်၊ ဒါကြောင့် ဒီနေရာကို အခိုင်အမာလုပ်ဖို့ လိုတယ်၊သတိဝီရိယ ကြပ်ကြပ်ထားပြီးတော့ တိုက်ပါဗျာ'

စွန်ချန်းအား ဖက်လဲတကင်း ပြုလုပ်နေလေသည်။



စွန်ချန်းမှာ ခေါင်းဆောင်ပီပီ သူရသတ္တိပြောင်မြောက်စွာဖြင့် ရှေ့ဆုံးမှ ချီတက်တိုက်ခိုက်လေ့ရှိသော မြို့စားလျူအား လေးစားသော အမူအရာနှင့် ကြည့်နေလေသည်။

( ၄၆ )

## အောင်ပွဲ

စွန်ချန်းသည် နံဘေးပတ်ဝန်းကျင် အခြေအနေကို ကြည့်လိုက်ရာ မြားချက်များ လျော့သွားပြီဖြစ်၍ ဈေးထဲတွင်ရန်သူများကို မမြင်ရတော့ပေ။

လမ်းပေါ်ရှိ ဆီးနှင်းများမှာခြေရာများဖြင့်ပွနေပြီးလူသေကောင်၊မြင်းသေကောင်များနှင့် ပြည့်နှက်နေ၏။

မိမိတို့ဘက်မှလည်း အကျအဆုံးများလာပြီဖြစ်ရာ လမ်းများနှင့် ကတုတ်များတွင် အလောင်းကောင်များ သေယေ်ဇောနှင့် မြောနေသူများဖြင့် ပြည့်နေပြီး လူ ၁၀၀ တွင် ၇၀ ခန့်သာ အကောင်းကျန်တော့၏။

အချိန်မှာကုန်လွန်လျက်ရှိ၏။ နောက်မှလာမည့်အကူကိုသာ မျှော်မှန်းလျက် ရှိကြသည်။

မြို့စားလင်မှာ သူ့လူများလည်း ပွဲဦးထွက် အရေးနိမ့်သဖြင့် နောက်တစ်ကြိမ် အသစ်တစ်ဖန်တိုက်ရန် စိုင်းပြင်းကြလေသည်။

စွန်ချန်းသည် အနားတွင် ဒဏ်ရာရနေသော လေးသမားတစ်ဦးအား....

'တို့ဘက်က အတိုက် ကောင်းပေလို့ပေါ့၊ ရန်သူတွေနောက်တစ်ခါ ကြိုးစားရဲပုံ မရဘူး'

'ဆရာကလဲ အတိုက်ကောင်းပါတယ်၊ မြို့စားလျူကလဲ ဒီလိုတိုတောင်းတဲ့ အချိန်တွင်းမှာ ဘယ်သူ့ကိုမှ မမြှောက်စားဘူး၊ ဒါပေမယ့် ကောင်းကောင်းမတိုက်ရင် အပြစ်ဒဏ်ခတ်ဖို့ကျတော့ အလွန်ရက်စက်တဲ့လူ တစ်ယောက်ဖြစ်တယ်၊ အမှန်အတိုင်းပြောရရင် ခင်ဗျား သစ္စာဖောက်လို့ကတော့ နောက်ကနေ ဓားနဲ့ထိုးဖို့ ကျုပ်ကို တာဝန်ပေးထားတယ်'

'ဟာ....ဟုတ်ရဲ့လား'

'သိပ်ဟုတ်တာပေါ့'

'ကျွန်တော်က ဒီအကြံအစည်ကို မကြိုက်တာနဲ့ ဖွင့်ပြောနေတာ၊ မြို့စားလျူဟာသူပေးတဲ့တာဝန်ကို ထမ်းဆောင်မှကြိုက်တယ်'

'ဒါနဲ့များ သူခေါင်းဆောင်ရာနောက်ကို လူတွေက လိုက်နေကြသေးလားကွာ'



'လိုက်တာပေါ့၊ အပြစ်ပေးတဲ့နေရာမှာ ရက်စက်သလောက် ချီးမြှောက်တဲ့နေရာမှာလဲ သူများနဲ့မတူဘူး၊ သူကိုယ်တိုင်လဲ ရှေ့ဆုံးက အသေခံတိုက်တာပဲ'

စွန်ချန်းမှာ လေးသမား၏ ပြောစကားအား ကြားရသောကြောင့် သတိနှင့်အလုပ်လုပ်ရန် စိတ်ပိုင်းဖြတ်လိုက်၏။

ဈေးဘက်သို့ ကြည့်လိုက်သောအခါ လှုရိပ်လှုခြည်ကို မတွေ့ရသောကြောင့်....

'ငါတော့ ဒီလိုငြိမ်သက်နေတာကို မကြိုက်ဘူးကွ'

ထိုအခိုက်တွင် ရန်သူ၏ လေးသမားများမှာ ကတုတ်ဘက်ဆီသို့ မြားနှင့် ပစ်ကြပြန်၏။

စွန်ချန်းသည် ရန်သူက ချောင်းမြောင်း တိုက်ခိုက်နေသည်ကို သိပေသည်။

အမှန်ပင် လမ်း၏အလယ်လောက်ရှိ အိမ်တစ်အိမ်မှတံခါးတစ်ချပ်ပွင့်လာပြီး မြို့စားလင်၏ လေးသမားများ ပေါ်လာကာ စွန်ချန်းတို့၏ နောက်ကျောမှ လေးများနှင့် ပစ်ခတ်ကြလေသည်။

ထိုအခိုက်ပင် ဈေးဘက်မှလည်း မြားများမလှုပ်သလို ပြန်လည်ပစ်ခတ်စ ပြုနေလေ၏။

သို့ဖြင့် လူများအား အိမ်ပေါ်မှဆင်းစေကာ နှစ်ဖက်ညှပ်တိုက်နေသော ရန်သူများအား နှစ်ဖက်မျက်နှာမူကာ တုံ့ပြန်တိုက်ခိုက်နေရလေ၏။

သူကိုယ်တိုင်လည်း ရှေ့ဆောင်ပြီး အားကြိုးမာန်တက်တိုက်ခိုက်နေလေသည်။ ။

ထိုအခိုက် လမ်းထဲမှ တစ်အိမ်ပြီးတစ်အိမ် အပေါက်များ ပွင့်လာကာ မြို့စားလင်ဘက်မှ လူများသည် အိမ်ပေါ်မှ ခုန်ဆင်းပြီး တိုက်ခိုက်လျက်ရှိ၏။

ရှေ့တွင်ရှိသော ရန်သူနှင့် နောက်ကျောမှာရှိသော ရန်သူတို့မှာ လူဦးရေ ညီမျှလာပြီဖြစ်၍ ထိုနေရာတွင် ရေရှည်ခံနိုင်ရန် ခဲယဉ်းလှသည်။

မြို့စားတန်ဘက်မှ လူများသည် လုံးဝရှုံးနိမ့်မည့်ကဲ့သို့ ရှိနေလေသည်။

စွန်ချွန်းမှာ နောက်တွင်ရှိသော ဓားသမားများ ခံတိုက်နေသည်ကို မြင်ရသဖြင့် သူ့ဟိုအားခေါ်ခေါ်ပြီး တိုက်ခိုက်နေရပြန်၏။

ရန်သူက အတိုက်ကြမ်းလာသောကြောင့် မိမိတို့ဘက်မှ လူများ ပြိုကွဲနေကြ၏။

ထိုအခိုက်တွင်....

ဈေးဘက်မှ ရန်သူများသည် ကတုတ်ကို ဖြတ်ကျော်ကာ ကူးလာပြန်သဖြင့် နောက်သို့လှည့်ပြီး တိုက်ခိုက်ရာ ရန်သူဆုတ်ခွာနေခိုက် တစ်ဖန် တစ်ဖက်မှရန်သူက ထိုးစစ်ဆင်ပြန်၏။

ထိုသို့ တိုက်ခိုက်နေကြခိုက်တွင် မြို့ပြင်မှအသံတစ်သံကြား ရသောကြောင့် မြို့စားလျူ၏လူများမှာ အကူလာပြီကို သိသဖြင့် စိတ်ဓာတ် ပြန်လည် တက်ကြွလာကာ ရန်သူကို တရကြမ်း တိုက်ခိုက်ကြရာ မကြာမီ ရန်သူများ ဆုတ်ခွာသွားကြပြန်၏။



အခြေအနေကို ကြည့်ရခြင်းဖြင့် တိုက်ပွဲတစ်ပွဲ ခေတ္တ ဖြီးငြိမ်းသွားပြန်ပြီး မြို့စားလင်၏တပ်များ ပရမ်းပတာဖြင့် ဆုတ်ခွာသွားကြရလေ၏။

ရန်သူများ ဆုတ်ခွာနေခိုက် တန်၏လူများသည် အတင်း လိုက်ပြီး ထိုးခုတ်နေကြ၏။

တိုက်ပွဲတစ်နေရာဆီတွင် မြို့စားလျူအား မြင်ရ၍ သူကိုယ်တိုင် ဦးဆောင်ချီတက်လာလေသည်။

မြို့စားလျူသည် မိုးမခရွာစားရှိရာဘက်သို့ ရှေ့ဆုံးမှ ချီတက်သွား၏။

နှစ်ယောက်သား တွေ့ကြသောအခါ မိုးမခရွာစားမှာ ထွားကျိုင်းသန်မာသဖြင့် မြို့စားလျူက အားအင်ချည့်နဲ့ပေ သည်။

သို့သော်လည်း ယှဉ်ပြိုင် တိုက်ခိုက်ကြသောအခါ မိုးမခ ရွာစားသည် မြို့စားလျူ၏ဓားချက်နှင့် မြင်းပေါ်မှထိုးကျ သွားလေ၏။

သို့ဖြင့် စွန်ချွန်း အတိုက်အခိုက် ကောင်းသောကြောင့် လည်းကောင်း၊ နောက်မှအကူတပ်အင်အား (၃၀) ရောက်လာ သောကြောင့်လည်းကောင်း၊ မြို့စားလျူမှာ မျောက်ပါးစပ် ရွာ တိုက်ပွဲကို အောင်ပန်းဆွတ်ခူးလိုက်ကြလေသည်။

## ( ၄၇ )

ရှာပုံတော်

အနီးအနားတစ်ဝိုက်တွင် ခုတ်ထစ်သတ်ဖြတ်ရန် ရန်သူဟူ၍ပင် မရှိတော့ချေ။

တိုက်ပွဲ၏ ဒဏ်ရာဒဏ်ချက်ဖြင့် အားအင်ချည့်နဲ့မှု၊ ပင်ပန်းမှု၊ နာကျင်မှုများသည် စွန်ချန်းအား ဖိစီးလျက်ရှိကြ၏။

မျောက်ပါးစပ်ရွာကို တိုက်ခိုက်ရမည်ဖြစ်၍ အောင်မြင်မှုတစ်ခုဖြစ်သော်လည်း ရပ်နားရန် အချိန်မဟုတ်ချေ။

မြို့စားလျူမှာ ရွာသူရွာသားများအား ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသေးသည်။

စွန့်ချန်း၏ တာဝန်မှာကား ကျင်ကျူးအား ရှာဖွေပြီး ထိန်းသိမ်းကြည့်ရှုရန် တာဝန်ဖြစ်လာ၏။

သို့ဖြင့် တပ်သားများအား ခေါ်ကာ လူသူကင်းမဲ့သော ဈေးဘက်သို့ ချီတက်သွားသောအခါ အချို့နေရာများတွင် ကိုက်ပွဲငယ်လေးများ ဖြစ်နေဆဲရှိ၏။

အချို့နေရာများတွင် အိမ်များကို သိမ်းပိုက်နေရာ ရန်သူများကလည်း ခုခံဆဲဖြစ်၏။

လမ်းများပေါ်တွင်ကား ရန်သူ မရှိသလောက်ပင် ဖြစ်နေသည်။

စွန့်ချန်းမှာ ဤတိုက်ပွဲငယ်များကိုရှောင်ကွင်းကာ သူ့လူများနှင့် ဘုန်းကြီးကျောင်းဘက်သို့ ချီတက်သွား၏။

လမ်းမကြီးပေါ်သို့ ရောက်သောအခါတွင် ရောင်ချန်း၏ အိမ်ကို တိုက်ခိုက်နေသည်အား မြင်ရသဖြင့် စိုးရိမ်စိတ် ဝင်လာ၏။

ပြတင်းပေါက်နံရံများ မှာ အချို့နေရာများတွင် ကျိုးပဲ့နေပြီး အပေါ်ထပ်တွင် ခုခံနေသူများ ရှိနေသေး၏။

အိမ်နားသို့ရောက်သောအခါ အိမ်ကြီးပေါ်မှ နံရံတစ်ခု ကွာကျလာပြီး လူတစ်ဦးလိမ့်ကျလာရာ အောက်တွင်စောင့်နေသော လူများက လှံနှင့် ထိုးသတ်လိုက်ကြ၏။

စွန့်ချန်းသည် အိမ်ဆီသို့သွားကာ ကျင်ကျူးနေသော အခန်းဘက်ဆီသို့သွားသည်။

အခန်းတစ်ခုလုံး ရစရာမရှိဖြစ်နေပြီး စားပွဲကုလားထိုင်မှာ ပြန့်ကျဲနေ၏။



ရောင်ချန်း, ဘုန်းကြီး ဟိုင်ရှမ်းနှင့် ကျင်ကျူးအား မတွေ့ရတော့ဘဲရှိရာ အသတ်ခံကြရပြီလား၊ သို့မဟုတ် လွတ်မြောက်ထွက်ပြေးကြပြီလား မည်သို့မျှ မမှန်းဆနိုင်ပေ။

သို့ဖြင့် အနားရှိ လေးသမားတစ်ဦးအား....

'ဒီအိမ်ကို စ,တိုက်တုန်းက မင်း ရှိနေလား'

'ဟော့ကောင်....ဖယ်ပေး၊ ဆော်လိုက်ရမလား'

'ဒီ...အချင်းချင်းတွေလေ၊ မလုပ်ပါနဲ့'

လေးသမားမှာ အရမ်းမူးနေသူဖြစ်ရာ စွန့်ချန်း၏ပခုံးကို လှမ်း၍ ပုတ်လိုက်သဖြင့် စွန့်ချန်းသည် တအားညှစ်ကာ မြန်မာ ဖမ်းထား၏။

'အသက်မသေချင်ရင် မေးသမျှကို ကောင်းကောင်းဖြေ'

'ပြောပါ့မယ်...ပြောပါ့မယ်၊ ဒီအိမ်ကို စ,တိုက်ကတည်းက ကျုပ်ရှိနေပါတယ်'

'ဒါဖြင့် မင်း ရောင်ချန်းကြီးကို သိလား'

'သိတယ်'

'သူ ခု ဘယ်မှာလဲ၊ အိမ်ထဲမှာ ရှိသလား'

'မရှိဘူး၊ ကျုပ်တော်တို့က အရှေ့က ဝင်တော့ သူက နောက်ဖေး ဥယျာဉ်ထဲက ထွက်သွားတယ်'

'တစ်ယောက်တည်းလား'

'လိုက်ငိုင်စစ်သားတွေပါပါတယ်'

'မိန်းမတွေကော ပါသလား'

'တစ်ယောက်မှ မပါဘူး'

'အေး....အေး....ကျေးဇူးတင်တယ်'

'ရော့....ဒီမှာ'

ဟု ပြောကာ အိတ်ထဲသို့ပိုက်ဆံနှိုက်လိုက်ရာ တစ်ပြားမှ မစမ်းမိသဖြင့်....

'မနက်ဖြန်ကျရင် ငါဆီလာခဲ့၊ ငါ့နာမည် စွန်ချန်းလို့ ခေါ်တယ်'

စွန်ချန်းသည် အကြံတစ်ခုရသဖြင့် အိမ်ဝိုင်းကိုဖြတ်ကျော်ကာ ဘုန်းကြီးကျောင်းဘက်သို့ လျှောက်ခဲ့၏။

ဘုန်းကြီးကျောင်း ဝင်းတစ်ခုလုံးတွင် ရှာသူ ရှာသား စစ်ပြေးဒုက္ခသည်များ ပြည့်လျက်ရှိသည်။

ပလ္လင်အောက်တွင် ဘုန်းကြီးများမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆုတောင်းလျက်ရှိ၏။

ဘုန်းတော်ကြီးတစ်ပါးက စွန်ချန်းအားမြင်လျှင်....

'ဘယ်သွားမလို့လဲ ဟေ့'

'ဒီကိုပဲလာတာ၊ ကိစ္စရှိလို့၊ မြို့စားလျှုအမိန့်နဲ့ လာခဲ့တာ'

'ဩော်....ဒီတိုက်ပွဲမှာ မြို့စားလျှု နိုင်သလား'

'ဟုတ်တယ်....နိုင်တယ်'

'မြို့စားလီရဲ့ လူတွေ ထွက်ပြေးသွားပြီ၊ မိုးမခရှာစားတော့ တိုက်ပွဲမှာ ကျသွားပြီ၊ ကိုင်း....သွားလိုက်ဦးမယ်'

ဟုပြောကာ လူများအား တိုးဝင်၏။

ဘုန်းကြီးကျောင်းမျှော်စင်သို့ ပြေးတက်ခဲ့၏။

မျှောက်ပါးစပ်ရှာ ဘုန်းကြီးကျောင်း မျှော်စင်မှာ အတော်ကလေးမြင့်သောကြောင့်ကုန်းဘက်သို့ လည်းကောင်း



မြစ်ဘက်သို့လည်းကောင်း အဝေးသို့ လှမ်းမျှော်ကြည့်နိုင်ပေသည်။

နေမှာ မွန်းတည့်ချိန်ဖြစ်၍တစ်လောကလုံးထိန်လင်းလျက်ရှိ၏။

ရွာတွင်းရှိလမ်းများပေါ်တွင် ဆူညံလျက်ရှိ၏။

မြစ်ဆိပ်ဘက်တွင်ကား လှေများ တစ်စင်းမှမရှိဘဲ မြစ်ထဲတွင်သာ မြေးသွားသော လှေများသာတွေ့ရလေသည်။

ကုန်းပိုင်းတွင် ရန်သူ၏ မြင်းစီးသမားများမှာ တီယင်၏ သစ်တောဘက်သို့ ချီတက်နေလေသည်။

သို့သော်လည်းနောက်ဝယ် အကူခြေသမားများမှာတီယင်၏ တောထဲမှာရှိသောကြောင့် ဆုတ်ခွာလာရာ ရန်သူများအား တိုက်ခိုက်လျက်ရှိသည်။

နေရာတကာ ဆီးနှင်းများအကြားတွင် ရန်သူများ၏ အလောင်းများကို တွေ့ရလေသည်။

လှေနှင့် မလိုက်ပါနိုင်သော ရန်သူများမှာ မြစ်ဆိပ်များတွင် အရက်ဆိုင်များကို အကာအကွယ်ယူကာ လေးနှင့် ပစ်ခွင်း တိုက်ခိုက်နေကြ၏။

ထိုတစ်ဝိုက်ရှိ အိမ်တစ်လုံး နှစ်လုံးမှာ မီးလောင်လျက်ရှိသည်။

တီသင်ချီ၏ တောအစ လောကအလင်းဘုန်းကြီးကျောင်းဘက်သို့ သွားရာ လမ်းဘက်တွင်မူ မြင်းစီးသမားအချို့ သွားနေသည်ကို တွေ့ရမည်။

ထိုသူများမှာ နေရောင်အောက်တွင် သွားနေကြသဖြင့် ယူနီဖောင်း ဝတ်စုံပြာများကို ဝတ်ဆင်ထားသောကြောင့် ရောင်ချွန်း၏ တပ်များဖြစ်ကြောင်း သိရပေသည်။

သို့ဖြင့် စွန်ချန်းသည် မျှော်စင်ပေါ်မှ ဆင်းခဲ့၏။

သူ၏တာဝန်မှာ မြို့စားလျူ၏ လူများကို ခေါ်သွားခွင့်တောင်းပြီး လူကုံထံရောင်ချွန်း၏ နောက်သို့ လိုက်ရန် ဖြစ်သောကြောင့် မြို့စားလျူကိုရှာရန် ထွက်သွား၏။

ရွာထဲရှိ လမ်းများပေါ်တွင် ဓားသမားများ ရန်သူ့ပစ္စည်းများကို မနိုင့်တနိုင် သယ်ယူလျက်ရှိ၏။

သို့သော်လည်း မြို့စားလျူရှိသော အရပ်ကို မည်သူမှ မညွှန်ပြနိုင်။

နောက်ဆုံးတွင် ကံကောင်းထောက်မစွာဖြင့် မြစ်ဆိပ်တိုက်ပွဲတွင် အမိန့်ပေး တိုက်ခိုက်နေသော မြို့စားလျူအား သွားတွေ့လေသည်။

စွန်ချန်းအားမြင်လျှင် မြို့စားလျူက....



'တိုက်ပွဲနိုင်ရတာ ခင်ဗျားစွမ်းရည်ကြောင့်ပါ၊ အဲဒီတော့ ခင်ဗျားလိုချင်တာသာပြောပါ'

'ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ ရောင်ချွန်းဟာ ကျွန်တော့်ချစ်သူကို ခေါ်ပြီး ထွက်ပြေးသွားတယ်၊ သူ့ကို လိုက်ဖမ်းချင်လို့ လှံကိုင်သမားနှစ်ယောက်ပေးပါ'

'အို....ဒါ အခွင့်အရေး တောင်းဆိုတာမှ မဟုတ်တာ၊ တာဝန်ကို ထမ်းဆောင်တာပဲ'

'တော့....လိုကြားဖျင်....လူ ၅၀ထည့်လိုက်ပါ သူ့ရဲကောင်း စွန်ချန်းက ဘယ်လို ဆုလာဘ်မျိုးရချင်တယ်ဆိုတာ စဉ်းစားထားပါ၊ ကျုပ်ပေးပါ့မယ်'

ထိုအခိုက်တွင် လူများသည် မြစ်ဆိပ်ရှိ ပျော်ပွဲစားရုံတစ်ခုကို တိုက်ခိုက်နေကြ၏။

ခုခံနေသူများမှာ ငါးယောက်သာ ရှိလေသည်။

နှစ်ယောက်မှာ မျောက်ပါးစပ်ရွာစား၏ လူများ ဖြစ်သည်။

ကျန်တစ်ဦးမှာ မိုးမခရွာစား၏ သားဖြစ်သည်။

သူတို့အထဲတွင် အရပ်ရှည်ရှည်နှင့် လှေဦးစီး ကွေ့အိုက်လင်ပါဝင်နေ၏။

စွန်ချန်းက မြို့စားလျူအား....

'အဲဒီ လှေသမားကို လက်လပ်ခွင့်တော့ ပေးပါဗျာ'

'အို .. စွန်ချန်း၊ ကျုပ်ကကျူပင်ခုတ်ကျူကျူငုတ်ပါမကျန်စေရဘူး'

'အခုဟာက မြို့စားဆီက ဆုပေးမယ်ဆိုလို့ ကျွန်တော် တောင်းနေတာပါ'

'ဒီလိုဆိုရင်တော့ ပေးရမှာပေါ့၊ ဒါပေမယ့်မင်းကို နောက် တစ်ခါ ဘာအခွင့်အရေးမှ မပေးနိုင်တော့ဘူး'

'ကိစ္စမရှိဘူး'

'ကိုင်း....ဒါဖြင့်လဲ လှေသမားကို ယူပေတော့'

ဟု မြို့စားလျှုသည် မြင်းနှင့် ထွက်သွားလေ၏။

စွန်ချွန်းမှာ လှေသမား ကွေ့အိုက်လင်အား တောင်းသည် ကို မြို့စားလျှု မကျေနပ်မှန်းသိသဖြင့် ဝမ်းသာရမလို ဝမ်း နည်းရမလို ဖြစ်ပြန်သည်။

သို့သော်လည်း ရောင်ချွန်းကြီးအား တိုက်ခိုက်နိုင်သူမှာ စွန်ချန်းတစ်ဦးတည်းသာရှိသည်ကို နားလည်သဖြင့် မြို့စား လျှုသည် စွန်ချန်းအား သူတောင်းသော လူ (၅၀)ကို ပေး ခြင်း ဖြစ်သည်။

စွန်ချန်းက လှေသမားအားကြည့်ကာ....

'ဒီမှာ ကွေ့အိုက်လင်၊ ကျုပ်တစ်ခါတုန်းက ခင်ဗျားလှေကို စီးခဲ့ဖူးတယ်၊ အဲဒါကို ခွင့်လွှတ်ဖို့ ခင်ဗျားအသက်ကို ကျုပ် ကယ်လိုက်တာပဲ'

ကွေ့အိုက်လင်က စကားပြန်မပြောသဖြင့် စွန်ချန်း ဆက် ပြီး....

'ဘယ့်နှယ်လဲ၊ ကျုပ်ကိုခွင့်လွှတ်ဘယ်မဟုတ်လား'



'ကျုပ်မှာ လှေသာရှိရင် စိတ်အေးအေးချမ်းချမ်းနဲ့ ပင်လယ်ထဲကို ရောက်နေပြီ၊ ခုတော့ ကျုပ်တပည့်တွေလဲ သေ ပြီ၊ ကျုပ်မှာလဲ ဒုက္ခအမျိုးမျိုးရောက်ပြီး မွဲပြာကျနေတာပဲ'

( ၄၉ )

စွန်ချန်းသည် လေ့ဦးစီး ကျွေအိုက်လင်၏ လက်ကိုဆွဲ၍ တောင်းပန်မည်ပြုရာ ကျွေအိုက်လင်သည် ငေ ၁င်းပန်မခံဘဲ ထွက်ခွာသွားလေ၏။

ထိုအချိန်တွင်ပင် စွန်ချန်းနှင့်လိုက်မည့် မြင်းစီးသမား၅၀ အဆင်သင့် ဖြစ်နေပြီဖြစ်၍ လိုကြားဖျင်က စွန်ချန်းအား....

'ခင်ဗျားစီးဖို့ ကျုပ်မြင်း လက်ဆောင်ပေးလိုက်ရမယ်၊ ကျုပ်ကတော့ ခင်ဗျားကိုမြို့စားလျှုမြှောက်စားတာ မနေ့ခလို တော့င် ဖြစ်မိတယ်'

'ကျွန်တော် မြှောက်စားခံရတာ ဘာကြောင့်လို့ ထင်တာလဲဗျာ'

'ခင်ဗျားရဲ့ ရဲစွမ်းသတ္တိတွေကြောင့်ပေါ့ဗျာ'

'ကျုပ်ကတော့ လှေဦးစီး ကွေ့အိုက်လင်ကို ကယ်မိတာနဲ့ နေ ယပဲ အမြှောက်စား ခံရတော့မယ် မထင်ဘူး။ ခင်ဗျားကို မြှောက်စားက အတော်ကြောက်စရာကောင်းတဲ့လူပဲ'

ဟု ပြောကာ စွန်ချန်းသည် ရှေ့သို့မှနေ၍ ဦးဆောင်သွားလေသည်။

ရွာကို ဖြတ်သန်း၍ ရောင်ချန်း သွားမည်ထင်သောလမ်းကို လိုက်ကြလေသည်။

လမ်းတွင် ဒဏ်ရာရသူ သေသူများကို ဆီးနှင်းများကြားတွင် သနားစဖွယ် တွေ့ရလေသည်။

ရွာတွင်း၌ အရပ်ဇာကာမှာကား ဆူညံသံများ ပေါ်နေ၏။

တစ်ချီတစ်ချီတွင် မိန်းမများ၏ အော်သံကို ကြားရ၏။ စွန်ချန်းမှာ သူကိုယ်တိုင် ဖန်တီးခဲ့သော မျောက်ပါးစပ်ရွာ၏ လောကငရဲကြီးကို စဉ်းစားရင်း စိတ်မကောင်းဖြစ်နေမိသည်။

မြို့ပြင်သို့ ရောက်သောအခါ မျှော်စင်ပေါ်မှ မြင်ရသော ရောင်ချန်းတို့၏ သွားရာလမ်းကြောင်းအတိုင်း မြင်းခြေရာများကို တွေ့ရလေသည်။



သို့နှင့် အလျင်အမြန် ချီတက်လာခဲ့ရာ လမ်းပေါ်တွင် ရောင်ချန်း၏ တပ်ဖွဲ့မှ ယူနီဖောင်းပြည့် စားသမားများ သေဆုံးနေကြသည်ကို တွေ့မြင်ရပြန်၏။

၎င်းတို့ထဲတွင် မဒသမရှင်နှင့် လဲနေသောလူတစ်ဦးကို တွေ့ရသဖြင့် မြင်းပေါ်မှ ဆင်းကြည့်ရာ ရောင်ချန်း၏ အိမ်ပေါ်တွင် ကျင်ကျူးနှင့် တွေ့ကြစဉ်က အကူအညီပေးသော မှိုးမဒရွာစား၏ တူမတော်သူ မိန်းမငယ်ဖြစ်နေသည်ကို တွေ့ရ၏။

* * *

မိန်းမငယ်သည် စွန်ချန်းအား ကြည့်ကာ...

'ကျင်ကျူးတို့ကတော့ ရှေ့က ပြေးကြပြီ၊ မြန်မြန်လိုက်ပါမှ မီမယ်'

ပြောဆိုကာ မေ့မြောလဲကျသွားရှာ၏။

စွန်ချန်းသည် လူတစ်ယောက်ထံတွင် အသင့်ပါလာသော အရည်များကို မိန်းမငယ်အား တိုက်ကျွေးလိုက်ရာ မကြာမီ အတွင်း သတိပြန်လည်လာသဖြင့် သူ၏ နောက်မှ မြင်းကျောကုန်းပေါ်တွင် တင်ပြီး ခေါ်ခဲ့လေ၏။

မိန်းမငယ်က....

'ရှင် ကျွန်မကို ဘာလို့ ခေါ်လာတာလဲ၊ ရောင်ချွန်းတို့ကို လိုက်ရတာ နောက်ကျနေလိမ့်မယ်'

'ခင်ဗျားက မိုးမခရွာစားရဲ့ တူမဆိုတော့ မျောက်ပါးစပ်ရွာမှာ နေရစ်ခဲ့ဖို့ စိတ်မချရဘူး၊ ဒါကြောင့် ခေါ်လာခဲ့တာ'

'ဟာ....ရှင်တို့နဲ့ မလိုက်ချင်ဘူး၊ ဒီနားမှာ ချထားခဲ့'

'ခင်ဗျားမှာ ဒဏ်ရာတွေနဲ့ ဆိုတော့ ချထားခဲ့လို့ ဘယ်ဖြစ်မလဲ'

'ကျွန်မမှာ ဒဏ်ရာမရှိပါဘူး၊ ကျွန်မစီးတဲ့မြင်း ဒဏ်ရာရလို့ ကျန်ရစ်ခဲ့တာ'

'ကိစ္စမရှိပါဘူး၊ မင်း ဒီမှာနေခဲ့ရင် ဆီးနှင်းတွေကလဲ ကျနေတယ်၊ တိုက်ပွဲနှစ်ဖက်ကြားထဲမှာနေရစ်ခဲ့လို့လဲ မကောင်းဘူး၊ တစ်ခါတုန်းက မင်းရဲ့ကျေးဇူး ငါ့ပေါ်မှာ ရှိတယ်လေ၊ ငါ အခု ပြန်ဆပ်တာပဲ'



'ကျွန်မဦးလေး မိုးမခရွာစားရော ဘယ်မှာလဲ'

'မပြောတတ်ဘူး၊ တိုက်ပွဲမှာ တစ်ခါပဲ မြင်လိုက်ရတယ်၊ မကျပါစေနဲ့တော့ ဆုတောင်းရမှာပဲ'

( ၅၀ )

### အချစ်ကို ရရှိခြင်း

ရောင်ချွန်းတို့လူစု ဟီယင်ချီရဲတိုက်ကြီးသို့ သွားနေသည်မှာ သောချာပေသည်။

သို့သော်လည်း မှောင်စပြုပြီဖြစ်သဖြင့် အချိန်နောက်ကျနေပြီ ဖြစ်ခြင်း၊ သစ်သားတံတားကို ဖြတ်သန်းသွားရခြင်း၊ လမ်းအချို့ကို ရှောင်ကွင်းသွားရခြင်းတို့ကြောင့် နောက်တစ်နေ့မှသာ ရဲတိုက်ကို ရောက်နိုင်ပေမည်။

စုန်ချွန်းတို့အဖွဲ့ လမ်းနှစ်လမ်း ဖွင့်လျက်ရှိ၏။

တစ်လမ်းမှာ ခြေရာခံပြီး နောက်မှ အကင်းလိုက်ရန်ဖြစ်၏။

နောက်တစ်လမ်းမှာ ဖြတ်လမ်းမှလိုက်ပြီး တစ်နေရာမှ စောင့်တိုက်ရန်ဖြစ်၏။

စွန်ချန်းမှာ နှစ်နည်းစလုံးကို မသုံးနိုင်သေးဘဲ သစ်တော အစပ်နားသို့ ရောက်လာခဲ့ကြ၏။

တိုက်ပွဲစတိုက်ရမည် ဆိုလျှင်လည်း ကျင်ကျူး အတွက် စိုးရိမ်မကင်း ဖြစ်မိ၏။

ရောင်ချွန်းမှာကား ခြေရာကို ကောက်ခြင်းအားဖြင့် သစ်တောအစပ်နားသို့ ရောက်သောအခါ ဘယ်ဘက်သို့ ချိုးသွားပြီး သူလူများကို လမ်းခွဲဖြန့်၍ သစ်ပင်များအောက်မှ သွားစေခဲ့ဟန်တူသည်။

လမ်းမှာ ကျဉ်းမြောင်း၍ အုပ်ဆိုင်းလျက်ရှိ၏။

သို့သော်လည်း လူသံ တိရစ္ဆာန်များအသံကို လုံးဝ မကြားရချေ။

စွန်ချန်းသည် သူ့လူများအား....

'ဟေ့....လမ်းအတိုင်းကိုလိုက်ရင် ကောင်းမလား၊ ဟိုယင် ချီရွာကို ဖြတ်လမ်းက ချီတက်ရင် ကောင်းမလား'

ဟု အကြံဉာဏ်တောင်းရာ လူတစ်ဦးက...

'နောက်ကမီအောင်လိုက်ရင် ကောင်းမယ်'

'လိုက်တာတော့ ဟုတ်ပါရဲ့ လမ်းတစ်လျှောက်လုံးမှာ အိမ်ခြေလဲ မရှိဘူး၊စားစရာ သောက်စရာလဲ မရနိုင်ဘူး၊နောက် တစ်နေ့ မနက်ကျအောင် သွားရမှာ ဆိုတော့ တော်တော် ဒုက္ခရောက်လာလိမ့်မယ်၊မင်းတို့ အဆာခံနိုင်ပါ့မလား'



လူတိုင်းလိုလိုကပင် အဆာခံနိုင်ကြောင်း လမ်းအတိုင်း တည့်တည့်မတ်မတ်သာ လိုက်သင့်ကြောင်း ပြောကြားသဖြင့် ဆက်လက် ထွက်ခွာလာကြသည်။

ဆီးနှင်းများမှာ ထူထပ်စွာ ကျလျက်ရှိ၏။

မြင်းများကို ခပ်သွက်သွက် နှင်လျက်ရှိရာ ပါလာသော လက်နက်များ တစ်ခုနှင့်တစ်ခု ရိုက်ခတ်သံပင် ထွက်နေ၏။

မကြာမီအတွင်း လောကအလင်းသို့ သွားရာ လမ်းတစ်ဖက်ဆီတွင် ရောင်ချွန်းတို့လူစုကို လှမ်းမြင်နေရ၍ သူတို့သည် တစ်စုတည်း မသွားဘဲ ခွဲဖြန့်၍ သွားနေကြပေသည်။

စွန်ချန်းသည် လမ်းအတိုင်း လိုက်လာပြီး သစ်တော ထူထပ်ရာ အရပ်၌ သူ့လူများကို ၁၂-ယောက်တစ်စု ခွဲ၍လိုက်ကြသည်။

သို့သော်လည်း အချိန်မှာ ကုန်လျက်ရှိပြီဖြစ်ရာ မှောင်သည်ထက် မှောင်လာလေသည်။

သို့ဖြင့် လမ်းအတိုင်း ချီတက်ရန် အချိန်မရတော့ဘဲ လောကအလင်း ဘုန်းကြီးကျောင်းသို့ ဆက်လက်သွားကြရတော့သည်။

သို့သော်လည်း မှောင်လှသဖြင့် လမ်းမှာ မှန်းဆ၍ သွားနေရလေသည်။

မကြာမီအတွင်း လ ထွက်လာစရာ အကြောင်းရှိသော်လည်း အရမ်းသွားလျှင် သမ်းမှားမည်ကို စိုးရိမ်ရသဖြင့် ဆီးနှင်း ကင်းသော ကွက်လပ်တစ်ခုတွင် လ ထွက်သည့်အချိန်တိုင်အောင် ကင်းများချပြီး ရပ်နားနေကြ၏။

နားနေကြခိုက် မြေခြောက်သောနေရာတွင် မီးဖိုဘစ်ခုကို ဖိုကာ ပါလာသော အစားအစာများကို ဝေငှစားသောက်နေကြရာ မိုးမခရွာစား၏ တူမသည် စွန်ချန်းက မုန့်လာပေးသည်ကို ကြည့်ပြီး ငြင်းပယ်သဖြင့် စွန်ချန်းက....

'မင်း ဘာလို့ မုန့်ကို မစားတာလဲ၊ ငါ့ကို ဘာအငြိုးရှိလို့လဲ၊ မင်းကို ငါ အခုခေါ်လာတယ်ဆိုတာကလဲ မင်းရဲ့ လုံခြုံမှုအတွက်ပဲ၊ ဒါပေမယ့် ဒီလိုညကြီးမှာ အပင်ပန်းခံပြီး မရပ်မနားဘဲ ချီတက်လာရတာကတော့ မင်း သူငယ်ချင်းဖြစ်တဲ့ ကျင်ကျူးကို ကယ်ဆယ်ရမှာမို့ သွားနေတာပဲ'

'ကျွန်မဦးလေးမိုးမခရွာစားကိုသတ်ကဲ့ လူတွေဆီကအစားအစာကို ကျွန်မ မစားချင်ဘူး'

'မင်းဦးလေးကို ငါမသတ်ဘူးဆိုတာ ကျိန်ပြောရဲတယ်'

'ဒါဖြင့် မိုးမခရွာစား တိုက်ပွဲမှာမကျဘူးဆိုတာ ကျိန်ရဲရဲလား'

'ဟင့်အင်း....မကျိန်နိုင်ဘူး'

'အမှန်က မင်းဦးလေးဟာ မြို့စားလျူနဲ့ တိုက်ရင်း တိုက်ပွဲမှာ ကျသွားပြီ'

'ဒါနဲ့ ရှင်က အစားအသောက် လာကျွေးနေရသေးသလား ရှင့်။

'ရှင်....ချီးမြှင့်ခံနေရတာတွေဟာ ကျွန်မ သွေးသားတစ်ဦးသေဆုံးမှ ချီးမြှင့်ခံရတာပဲ၊ ရောင်ချွန်းရဲ့ အိမ်မှာတုန်းက ကျွန်မ ရှင့်ကို ကယ်ခဲ့ဖူးတာ အမှားကြီးမှားတာပဲ'



'ငါလဲ ငါ့လူတွေအတွက် တိုက်ရတာပဲ၊ မင်းဦးလေးသာ အသက်ရှင်နေသေးရင် ဒီလိုလုပ်တဲ့အတွက် ငါ့ကို အပြစ်တင်မှာ မဟုတ်ဘူး'

# ( ၅၁ )

'ရောင်ချွန်းကပြောတော့ သူတို့က မြို့စားလီသားက အရေးနိမ့်တာဟာ ရှင့်ကြောင့်လို့ ပြောတယ်၊ စစ်ပွဲမှာလဲ ရှင် တိုက်တာပဲ၊ အဲဒီကော့ ကျွန်မဦးလေး မိုးမခရွာစားကို ရှင် သတ်တာဖြစ်မှာပဲ၊ ရောင်ချွန်းကလဲ ရှင် ပျက်စီးအောင် ပြန် တိုက်တယ် ပြောနေတယ်'

စွန်ချန်း စိတ်အကြီးအကျယ် ပျက်လာပြီး....

'မင်းလို ကျင်ကျူး၏ မိတ်ဆွေတစ်ဦးက ဘာလို့ ငါ့လို လူကို အပြစ်တင်ရတာလဲ'

‘ရှင်….ဘာလို့ စစ်တိုက်နေရတာလဲ၊ ရှင်ဟာ တကယ်တော့ ဘယ်ဘက်ကမှလ မဟုတ်ဘူး၊ အသကားသက်သက် ဝါသနာပါလို့ တိုက်နေတာ မဟုတ်လား’

‘မပြောတတ်ဘူးလေ၊ တရုတ်ပြည်မှာ ဒီလောက်ဆောင် အခြေအနေရောက်ရင် စစ်ဖြစ်နေတဲ့အချိန်မှာ လူတစ်ယောက်ဟာ ဒီဘက်ကမတိုက်ရင် ဟိုဘက်ကတိုက်မှာပဲ၊ ဘယ်ဘက်ကမှ မပါလို့မရဘူး’

‘တိုက်ပွဲဆိုတာ ရည်ရွယ်ချက်ရှိပြီးမှ တိုက်တာကောင်းပါတယ်၊ ဒါပေမယ့် ရှင့်လိုရည်ရွယ်ချက်မရှိတဲ့ လူအဖို့မှာတော့ တိုက်ပွဲဆိုတာ လူသတ်ဖို့သက်သက် ဖြစ်နေတာပေါ့’

‘အေးကွာ….ပြည်တွင်းစစ်ထဲ ပါဝင်တိုက်နေမိတာ မှားတာပဲ၊ အကျိုးရှိလိမ့်မယ်ထင်ပြီး တစ်ခါတုန်းက ငါ လှေ တစ်စီး ခိုးခဲ့ဖူးတယ်၊ ဒါပေမယ့် နောက်ဆုံးတော့ လူတွေ သေရတာပဲ အဖတ်တင်တယ်၊ ငါ့အတွက်နဲ့ လင်ဟုတ်အန်း ဆိုတဲ့လူကြီးလဲ သေမလောက် ခံရတယ်၊ ကံကောင်းထောက်မလို့ အဲဒီလူကြီး အသက်တော့ မသေသေးဘူး၊ ဒီနေ့မနက် ဆိုရင်လဲ ငါချစ်တဲ့သူနဲ့ ရဖို့အတွက် တိုက်ပွဲဝင်ခဲ့တယ်၊ မိုးမခရွာစားလို ငါ့အပေါ် ကောင်းခဲ့တဲ့လူ သေရတာလဲ ငါ့ မယောဂကြောင့်ပဲ၊ ငါတို့ တန်ဘက်ကလူတွေ တရုတ်ထီးနန်းကို သိမ်းပိုက်နိုင်ရင် တိုင်းပြည်အခြေအနေ ပိုကောင်းလာမယ် ဆိုတာလဲ အတိအကျ ပြောနိုင်တာ မဟုတ်ဘူး၊ ငါမှားတာပဲ၊ ကျင်ကျူးကို ရပြီးရင် ပြည်တွင်းစစ် တိုက်တဲ့ခိုက်တဲ့ အလုပ်ကို စွန့်ပစ်ပြီး ငါ ဘုန်းကြီး ဝတ်လိုက်တော့မယ်’



ဤသို့ ပြည်တွင်းစစ်ခင်းမှုကြီးကို ဝန်ခံနေခိုက်…

မိုးမခရွာစား၏တူမသည် သူ့အား ထူးဆန်းစွာ ကြည့်နေသဖြင့်….

‘ငါ ဒီလို မတိုက်တော့ မခိုက်တော့ဘူးဆိုရင် မင်း မကျေနပ်ဘူးလား’

‘ကောင်းတာပေါ့’

ဟု ပြောကာ စွန်ချန်းအံ့သြနေခိုက်တွင်မှ မိန်းမငယ်သည် မျက်ရည်ကို သုတ်ရင်း စွန်ချန်းအား တအားဖက်ကာ နမ်းလေသည်။

## ( ၁၂ )

တို့နောက် ဝမ်းမြောက်သည့် လေသံဖြင့်....

'ကိုင်း....အစားအစာတွေ စားလေ၊ ဘာလို့မစားတာလဲ'

'စားမှာပေါ့....ဒါပေမယ့် စကားပြောနေတုန်းမို့ မစားသေးတာပါ၊ ကျွန်မနာမည် လင်ရင်ပွေးလို့ ခေါ်တယ်၊ ကျွန်မနဲ့တူတူပဲ စားရအောင်'

သူတို့နှစ်ယောက်စကားများ ပြောဆိုကာ အစားကို အတူစားသောက်ကြလေတော့သည်။

ကောင်းကင်တွင် လမှာ အတော်မြင့်လာပြီဖြစ်၍ လောကကြီး တစ်ခုလုံး ထိန်ထိန်သာ ပြန်တော့သည်။

လရောင်အောက်တွင် လင်ရင်ပွေးက ထူးဆန်းစွာ ကြည့်နေသည့်ကို သတိထားမိသောကြောင့်....

'ဟော့....ဘာဖြစ်နေတာလဲ'

'ကျွန်မကိုကြည့်စမ်း....ကျွန်မ မလှဘူးလား'

'ဒါပေမယ့် မင်းက အရပ်ပုတယ်'

'မလှဘူးလားလို့ မေးတာ ရှင့်၊ အရပ်ပုတာကို မေးတာ မဟုတ်ဘူး'

'လှပါတယ်ဗျာ... လှပါတယ်'

'ကျွန်မကို လင်ရင်ပွေးလို့ ခေါ်ပါရှင့်'

'လင်ရင်ပွေး... လင်ရင်ပွေး'

'ရှင်ဟာ ကျွန်မဦးလေးကို သတ်ခဲ့တော့ ကျွန်မကိုဒက္ခပေးတာနဲ့ တူတူပဲ၊ အဲဒီတော့ လျော်ကြေး ပေးရလိမ့်မယ်'

'မင်းဦးလေးကို သတ်တာ ငါကိုယ်တိုင် သတ်တာ မဟုတ်ဘူး၊ ဒါပေမယ့် ပြောမယ်ဆိုရင် တစ်စွန်း တစ်စတော့ ပယောဂပါတာပေါ့လေ'

'ရှင် ကျွန်မကို စွန့်ပစ်ခဲ့မလို့လား၊ မစွန့်ပါနဲ့'

'မစွန့်ပါဘူး၊ မင်း တရားပေးလို့တောင် ငါတရားကျပြီး စစ်မတိုက်တော့ဘူးလို့ ပြောနေပြီပဲ'

'ဒါဆို ရှင့်ကို ကျွန်မ ပိုင်ပြီပေါ့'

'အင်း....ပိုင်တယ်ပဲ ဆိုပါတော့'



'သေသေချာချာ ပြောစမ်းပါ၊ ရှင့်ကို ကျွန်မ ပိုင်တယ် မဟုတ်လား'

'အင်း....ပိုင်ပါတယ်'

'ဒါဖြင့်ရင် ရှင် ကျွန်မကို လက်ထပ်ရလိမ့်မယ်၊ နောက်နေတာ မဟုတ်ဘူးနော်၊ တကယ်ပြောတာ၊ ကျွန်မရဲ့ဦးလေးကိုလဲ သတ်ခဲ့တယ်၊ ကျွန်မကိုလဲ ဆင်းရဲအောင် ရှင်ပဲလုပ်ခဲ့တယ်၊ ကျင်ကျူးနဲ့ ပတ်သက်လို့ သူနဲ့ကျွန်မက သူငယ်ချင်းပဲ၊ ဘာဖြစ်သေးလဲ၊ သူငယ်ချင်းနှစ်ယောက် လင်တစ်ယောက်ပဲ ထားရမှာပေါ့'

'ဟာ....မလုပ်ပါနဲ့ကွာ၊ ကျင်ကျူးကလွဲပြီး တခြားလူကို လက်ထပ်ရမယ်ဆိုတာ ငါ့အဖို့တော့ မဖြစ်နိုင်ဘူး၊ ဒီလို ပြောလို့လဲ စိတ်မရှိပါနဲ့'

'မကြောက်ပါနဲ့....ကျွန်မ ဒီလောက် သဘောထားမသေးပါဘူး'

ဤသို့ စကားပြောရင်း ရပ်နားနေခိုက်တွင် မြင်းများမှာ အတော်အတန် အမောပြေလာကြပြီဖြစ်၍ လူများမှာလည်း စားသောက်ပြီးစီးကြပြီ ဖြစ်၏။

သို့ဖြင့် လှုံနေသောမီးဖိုကို ငြိမ်းပစ်လိုက်ကြပြီး စွန်ချန်းသည် အနီးအနားရှိ သစ်ပင်တစ်ပင်ပေါ်သို့ တက်လိုက်၏။

ထိုသစ်ပင်ပေါ်မှနေပြီး လရောင်၏အောက်တွင် အရပ်လေးမျက်နှာကို လှမ်းမျှော်၍ ကြည့်နေသည်။

အနောက်မြောက်ဘက်ဆီတွင် တစ်ခါက ကျင်ကျူးသည့် စွန်ချန်းတို့ အနက်ရောင်ဝတ်ထားသော ရောင်ချွန်းနှင့် တွေ့ရသော နေရာအား တွေ့ရှိရ၏။

ထိုနေရာတွင် အရောင်တောက်ပသော အကွက်တစ်ခုကို တွေ့ရသဖြင့် ရောင်ချွန်းတို့ စခန်းချကာ လှုံနေသောမီးဖို ဖြစ်ကြောင်း သိရ၏။

ထိုမီးဖိုရှိရာသို့ အရောက်သွားရန် လမ်းတစ်လျှောက်လုံးတွင် ထူထပ်သော သစ်ပင်များ၊ ကုန်းများ၊ ကျောင်းများရှိသောကြောင့် မြင်းများနှင့်သွားခြင်းထက် ခြေကျင်သွားသည်က ပိုကောင်းမည်ဟု ယူဆမိ၏။

ထို့ကြောင့် လူဆယ်ယောက်အား မြင်းများစောင့်ရန် ထားခဲ့ပြီး ကျန်လူရှိသမျှ ချီတက်သွားကြသည်။

လမ်းတွင် တစ်ဦးနှင့်တစ်ဦး အချက်ပြသည့် နည်းလမ်းများကိုလည်း ကြိုတင်စီမံ သွားကြရာ လင်ရင်ပွေးမှာ အများနည်းတူ လိုက်ပါခဲ့ရ၏။

လူများမှာ ဝန်စည်စလယ်များကိုထားခဲ့ပြီး အေးမြသော ဆီးနှင်းများကြားဝယ် တရွေ့ရွေ့သွားလျက် ရှိ၏။

သစ်တောများထဲတွင် အသံကလေးများကိုပင် အဝေးမှ ကြားနိုင်သောကြောင့် နားပါးသော လင်ရင်ပွေးသည် တစ်နေရာတွင် လက်နှင့် သတိပေးအချက်ပြကာ ရပ်တန့်နေသဖြင့် အားလုံး ရပ်လိုက်ကြ၏။

သို့သော် သူကြားရသောအသံမှာ အဝေးမှ မြေခွေး တစ်ကောင် အော်သံဖြစ်သည်။



လင်ရင်ပွေးက စွန်ချန်းအား....

'ကျွန်မကတော့ မြင်းကုန်းတင်သံ ကြားတယ် ထင်တယ်'

'ဟုတ်ချင် ဟုတ်မှာပေါ့၊ ဒါပေမယ့် ဒီအသံက ငါတို့ စခန်းချတဲ့ နေရာကလာတဲ့အသံ မဟုတ်ဘူးလား'

( ၅၃ )

'မဟုတ်ဘူး....မဟုတ်ဘူး၊ ဒီအသံက တစ်ဖက်ကလာနေ တာ'

'ကိုင်းလေ....ရှိပါစေတော့၊ ဆင်းသွားကြမယ်ဟေ့'

ဟု ပြောကာ ဆက်လက် ခရီးထွက်ပြန်လေသည်။

လမ်းတစ်လျှောက်လုံးတွင် မြင်းခွာရာများကို တွေ့ရသော ကြောင့် သူတို့လူစုသည် အခြား မြင်းစီးလူတစ်စုဘက်သို့ နီး ကပ်လာပြီ ဖြစ်ကြောင်း တွေးဆမိကြ၏။

မကြာမီအတွင်း မလှမ်းမကမ်းမှ မီးခိုးတလူလူ ထွက်နေ သည်ကို မြင်ရသောကြောင့် စွန်ချန်းသည် သူ့လူများကို ခွဲဖြန့်

ပြီး ရန်သူကိုဝိုင်းရန်ဝိုင်းမြင်းဒေနဂဥ် လင်ရင်ပွေးတို့ ဂလ်သစ်ချုပင်အောက်တွင် အကာအကွယ်ယူစေပြီး သူ့ကိုယ်တိုင်ကမူ မီးပုံရှိရာသို့ တိုးသွားလေ၏။

အနီးသို့ရောက်သောအခါ မီးပုံထားသည့်စခန်းမှ အရပ်သုံးမျက်နှာ၌ ချုံနွယ်ပိတ်ပေါင်းများနှင့် ကာရံနေပြီး မီးဖိုမှာ အင်အားကောင်းစွာ တောက်လောင်လျက်ရှိသည်ကို တွေ့ရသည်။

အလယ်တွင် လူ ၁၂ ယောက်ခန့်ရှိပြီး မြင်းများကိုပါ မတွေ့ရချေ။

သို့သော်လည်း သေချာစွာ ကြည့်လိုက်သောအခါ မီးဖိုဘေးတွင် မီးလှုံနေသူတစ်ဦးမှာ မိတ်ဆွေဟောင်းကြီး ယင်ကဲ့ယန်း ဖြစ်၍ အနီးတွင် ယောကျ်ားဝတ် ယောကျ်ားစား ဝတ်ဆင်ထားသော ယင်ကဲ့ယန်း၏ ဇနီးနှင့်အတူ တွေ့ရလေသည်။

ထိုအခိုက်တွင် မီးဖိုတစ်ဖက်ဘေးဆီမှ လေချွန် အချက်ပေးသံကို ကြားရသောကြောင့် စွန်ချန်းသည် မီးပုံတစ်ဖက်ဘေးတွင် ဝိုင်းမိနေပြီဖြစ်ကြောင်း သိရလေသည်။

သို့နှင့် စွန်ချန်းက အော်ဟစ်၍ ရန်သူများအား....

'ဟေ့... ယင်ကဲ့ယန်း အကျိုးမရှိဘဲ လူအသေခံ တိုက်မနေနဲ့၊ အရှုံးပေးလိုက်တော့'

'သြော်...စွန်ချန်း အသံပါလား၊ မင်းမှာ လူ ဘယ်နှစ်ယောက်ပါလို့ အရှုံးပေးရမှာလဲ'

'လူနှင့်ရာကျော်ပါတယ်၊ ခင်ဗျားကို ဝိုင်းပိနေပြီ'



'မင်းကိုတော့ ငါ မတိုက်ချင်ပါဘူး၊ ဒါပေမယ့် ငါမှာ မတိုက်ရင် မဖြစ်တဲ့ တာဝန်က တစ်ဖက်ဖြင့်နေတယ်'

တုပြောကာ ယင်ကဲ့ယန်းသည် သည်နေရာမှထပြီး သူ့လူများအား အော်ဟစ်ခေါ်လိုက်သည်။

စွန်ချန်းမှာ ကျင်ကျုံးတို့အား သက်ညှာသောအားဖြင့် မည်သို့မျှ အမိန့်မပေးဘဲနေခိုက် ယင်ကဲ့ယန်း၏ လူများသည် တစ်ဦးနှင့်တစ်ဦး ကျောချင်းကပ်ကာ ခုခံရန်ပြင်ဆင်ကြသည်။

ကျင်ကျုံးမှာကား စွန်ချန်း၏ အသံကြားရာဘက်ဆီသို့ ပြေးလာရာ မကြာမီအတွင်း ချစ်သူ၏ ရင်ခွင်ကြားသို့ ရောက်နေတော့သည်။

သို့သော်လည်းစွန်းချန်းမှာ ရောင်ချွန်း၏ဇနီးအား သနားနေသောကြောင့် တိုက်ခိုက်ရန် အမိန့်မပေးဘဲနေခိုက် သူ့လူများက အမိန့်ကို မစောင့်တော့ဘဲ တိုက်ခိုက်စပြုနေသဖြင့် မတတ်သာတော့ဘဲ တိုက်ခိုက်ရန် အမိန့်ပေးလိုက်ရတော့၏။

ထိုအခိုက်တွင် နံဘေးရှိ သစ်တောများထဲမှ မြင်းသံများကို ကြားရပြီး ယင်ကဲ့ယန်းအား ကူညီရန် ရန်သူတပ်များ ရောက်လာကြသည်။

စွန်ချန်းလည်း သူ့လူများအား အကြမ်းတိုက်ရန် အမိန့်ပေးသော်လည်း ရန်သူ၏ အင်အားမှာ များသည်ထက်များလာသည်။

နောက်သို့ ဆုတ်စပြုနေကြရသည်။

လက်ထဲတွင် ချစ်သူကျင်ကျူး ဆောက်နေပြီဖြစ်သော်လည်း စွန်ချန်း၏ နောက်လိုက်များမှာ အကွဲကွဲအပြဲပြဲ ဆုတ်ခွာနေရပြီဖြစ်၍ စွန်ချန်းလည်း ဆိုင်းမနေတော့ပေ။

ကျင်ကျူးအား လက်ဆွဲကာ ထွက်ပြေးရတော့သည်။

ရန်သူများမှာ ထွက်ပြေးနေသူများအားအတင်းတရကြမ်း လိုက်၍နေကြသည်။

လရောင်မှာ ထိန်လင်းစွာ သာလျက် ရှိသည်။

ထွက်ပြေးသူများမှာအရပ်တကာသို့အန္တံအပြား ထွက်ပြေးကြသဖြင့် လိုက်သူများကလည်း အန္တံအပြားလိုက်လျက် ရှိကြသည်။

စွန်ချန်း သည် ကျင်ကျူးအား....

'ငါ့လူတွေ အကုန်လုံးကို အတိုက်ခိုင်းမိတာ မှားတယ်၊ နောက်မှာ အရန်တပ် ချန်ထားမိခဲ့ရင် ရောင်ချွန်းရဲ့လူတွေကို ပြန်တိုက်နိုင်ဦးမှာပဲ၊ ခုတော့ ဘာအရန်လူမှမရှိခဲ့လို့ တိုက်ဖို့ ခက်နေပြီ'

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ ရှင့်လက်ထဲ ရောက်နေပြီပဲ၊ စိုးရိမ်စရာ မလိုတော့ပါဘူး'

'ဒီလိုပဲ အောက်မေ့ရတော့မှာပေါ့လေ၊ ကိုင်း....မထူးပါဘူး၊ ငါတို့ လောကဒ္ဓလင်း ဘုန်းကြီးကျောင်း သွားရအောင်၊အဲဒီမှာ လင်ဟုတ်အန်းရှိတယ်၊ ဟိုရောက်တာနဲ့ မင်းနဲ့ငါ လက်ထပ်ကြမယ်၊ ဒါနဲ့ ပြောရဦးမယ်၊ ဒီနေ့မနက်ပဲ ငါဟာ မျောက်ပါးစပ် တိုက်ပွဲမှာ ရဲရဲရင့်ရင့် တိုက်ခိုက်လို့ သူရဲကောင်းဘွဲ့တောင် ရယောတယ်၊ ဒါပေမယ့် မြို့စားလျူကာ



သူ့အကျဉ်းသား လျှော်ဦးစီး ကွေ့အိုက်ယင်ရဲ့အသက်ကိုကယ်လို့ ငါ့ကို မလေးစားတော့ဘူး'

'ဩော်....ဟုတ်လား၊ ရှင် သူရဲကောင်းဘွဲ့ ရခဲ့တယ်ပေါ့'

'အေး....ရခဲ့တယ်၊ ဘယ့်နှယ်လဲ ငါ့ကို မင်း လက်ထပ်မှာလား'

'လက်ထပ်မှာပေါ့'

## ( ၅၄ )

ထိုသို့ စကားပြောနေခိုက်တွင် နောက်နားမှ လင်ရင်မွေး၏ အသံဖြင့်....

'စွန့်ချန်းက စစ်မတိုက်ဘဲ ဘုန်းကြီး ဝတ်တော့မယ်လို့ဆို၊ ခုမှ ဘာလက်ထပ်မယ် ပြောနေရတာတုံး'

ဟု ပြောသံကြားရသောကြောင့် ကျင်ကျူး လှည့်ကြည့်လိုက်ရာ....

'ဩြော်....လင်ရင်မွေးပါလား၊ ဘယ်ပုံဘယ်နည်းနဲ့ ဒီကို ရောက်လာတာလဲ'

'ဟုတ်တယ်....လင်ရင်ပွေးပဲ၊ ရှင်တို့ကသေပြီထင်ပြီးပစ်ထားခဲ့ပေမယ့် စွန်ချန်းကယ်လို့ အခု အသက်ရှင်နေတာ၊ အခု စွန်ချန်းနဲ့ကျွန်မ ကြိုက်နေတာင်နေကြပြီ'

'မညာပါနဲ့၊ ကျွန်မ ရှင်ပြောတာမယုံပါဘူး'

'စွန်ချန်းက ကျွန်မကို ဝက်သစ်ချပင်နားမှာ ပစ်ထားခဲ့တယ်လေ၊ ကောင်းသေးရဲ့လား'

'ခွင့်လွှတ်ပါကွာ ငါ မင်းကိုမေ့နေတယ်'

'ကျင်ကျူးနဲ့တွေ့တော့ မေ့နေတာပေါ့'

'သက်သက်မဲ့ မေ့ထားတာတော့ မဟုတ်ဘူးနော်'

'ကိုင်းလေ.... စကားကြော ရှည်မနေပါနဲ့ ဘုန်းကြီးကျောင်းကို သွားကြရအောင်'

ကျင်ကျူးက....

'ရှင့်ကို စွန်ချန်းက ချစ်တယ်ဆိုတာ တကယ်ပြောတာလား'

'မဟုတ်ပါဘူး၊ သူက ကျွန်မကိုမကြိုက်ပါဘူး၊ ကျွန်မကသာ သူ့ကိုကြိုက်တာ'

'ကဲ...ကဲ....ဘုန်းကြီးကျောင်းကို တန်းသွားမှာလား၊ ဒါမှမဟုတ် စခန်းဟောင်းကို ပြန်သွားဦးမှာလား'

'စခန်းဟောင်းကို ပြန်သွားဦးမှ ဖြစ်မှာပေါ့ကွ၊ တစ်နေ့လုံး မျောက်ပါးစပ်မှာ စစ်တိုက်ရလို့ ပင်ပန်းလှပြီ၊ စခန်းဟောင်းက မြင်းကို ယူစီးသွားမှဖြစ်မယ်၊ ဒီကနေ ဘုန်းကြီးကျောင်းကို တော်တော်ဝေးသေးတာ'



မကြာမီအတွင်း သူတို့သုံးယောက်သည် ခရီးထွက်ခဲ့ပြန်လေသည်။

ကျင်ကျူးမှာကား စွန်ချန်း၏လက်မောင်းကိုဆွဲကာ လိုက်ပါလာသည်။

လင်ရင်ပွေးမှာမူ နောက်မှ စကားတပြောပြောနှင့် လိုက်ပါလာ၏။

သစ်တောထဲတွင် ရောင်ချွန်း၏ လူများက စွန်ချန်း၏နောက်လိုက်လူများကို လိုယ်လ တိုက်ခိုက်နေသော အသံကိုကြားနေရဆဲ ဖြစ်သော်လည်း စွန်ချန်းတို့ သုံးယောက်မှာ တိုက်ပွဲခိုက်ပွဲ အလ ီလ ီအလာလာ ကြုံကြိုက်ခဲ့သည်ဖြစ်၍ မကြောက်ရွံ့ကြတော့ချေ။

သို့ဖြင့် ခရီးသွားရင်းနှင့်ပင် မကြာမီအတွင်း ရန်သူ့အသံများ ဝေး၍ သွားလေတော့သည်။

နောက်ဆုံး၌ လောကအလင်း ဘုန်းကြီးကျောင်းမှပြတင်းတံခါး မှန်ချပ်များသည် လရောင်အောက်ဝယ် တောက်ပနေသည်ကို လှမ်း၍ မြင်ရစပြုလာသည်။

ကျောင်းဝိုင်းထဲတွင် ဖိုထားသော မီးဖိုများမှ မီးရောင်များကို လှမ်းမြင်ရသဖြင့် စွန်ချန်းက....

'ကျောင်းထဲမှာတော့ လင်ဟုတ်အန်းတို့လူစု စခန်းချဆဲရှိနေမှာပဲ၊ အဝိုင်းဖြူအရပ်မှာနေပြီးသူတို့ဆီကိုတော့ မျောက်ပါးစပ်ရွာဆီ လာခဲ့ဖို့ ဆက်သားလွှတ်လိုက်တာပဲ၊ သူတို့ဆီက အကူရရင် ရောင်ချွန်းကို ပြန်တိုက်ရမယ်'

ဟု ပြောလေသည်။

သို့သော် လင်ဟုတ်အန်း၏ လူများမှာကား ထိုအချိန်က ပဲ လောကအလင်း ဘုန်းကြီးကျောင်းတွင် မရှိဘဲ မျောက်ပါးစပ်ကို ချီတက်နေခဲ့သည်။

( ၅၅ )

သူတို့ချီတက်၍ လမ်းတစ်ဝက်ခန့်တွင် ဆက်သားနှင့် တွေ့ရလေ၏။

ဆက်သား၏ ပြောစကားအရ မျောက်ပါးစပ်သို့ ချီတက်ကြရန်မလိုဘဲ လောကအလင်း ဘုန်းကြီးကျောင်း၌ပင် စောင့်၍ ဆုတ်ခွာလာမည့် ရန်သူတပ်များကို တိုက်ခိုက်ရန် တာဝန်ရှိကြောင်း သိရသဖြင့် လောကအလင်း ဘုန်းကြီးကျောင်းသို့ ပြန်လည်ဆုတ်ခွာက ရန်သူတပ်များကို တိုက်ခိုက်ရန် အသင့်ပြင်နေကြ၏။

မြို့စားလျှူမှာလည်း ရန်သူအား တိုက်ခိုက်ရင်း လေလကအလင်း ဘုန်းကြီးကျောင်းသို့ ရောက်လာသဖြင့် ဓမ်းသာသော အထိမ်းအမှတ်ဖြင့် မီးများတွန်းညှိထားခြင်း ဖြစ်၏။

စွန်ချန်းတို့ ဘုန်းကြီးကျောင်းသို့ ရောက်လာသောအခါ၌ မြို့စားလျှူမှာ ပင်ပန်းနွမ်းနယ်နေသဖြင့် ကျောင်းခန်းတစ်နေရာ၌ လိုင်နေခဲ့လေသည်။

အနားတွင်ကား နားလန့်ထစ လင်ဟုတ်အန်းမှာ လှေနှင့်သွားရောက် တိုက်ခိုက်စဉ်က ရလာသောဒဏ်ရာ ပျောက်ဖြစ်၍ အားပျော့ဟန် မျက်နှာထားဖြင့် စကားပြောနေ၏။

လင်ဟုတ်အန်းမှာ ပျောက်ပါးစပ်သို့ ချီတက်စဉ်က ဆက်သား၏ ပြောစကားအရ ရန်သူဘပ်များကို လေလကအလင်း ဘုန်းကြီးကျောင်းမှ ဆီးကြို၍ တိုက်ခိုက်ရမည်ဟု သိသဖြင့် ပြန်လည်ရောက်ရှိနေခြင်း ဖြစ်၏။

မြို့စားလျှူသည် စွန်ချန်းရောက်လာသည်ကို မြင်လျှင်....

'ဘယ့်နှယ်လဲ၊ ရှောင်ချွန်းရဲ့ခေါင်းကို ဖြတ်ခဲ့ရဲ့လား'

'မဖြတ်နိုင်ခဲ့ဘူး၊ တိုက်ပွဲမှာ ကျွန်တော်ရှုံးခဲ့ရတယ်'

မြို့စားလျှူသည် မျက်မှောင်ကြုတ်ကာ ကြည့်ရင်း....

'မင်းကို ငါ လုံ့ကိုင်သမား ၅၀ တောင် ပေးလိုက်တာပဲ၊ နိုင်အောင်မတိုက်နိုင်ခဲ့ဘူးလား'

'ဟုတ်တယ် လူ ၅၀ ဆိုပေမယ့် ကျွန်တော်နဲ့ ပါလာတာလုံ့ကိုင်သမားတွေ မဟုတ်ဘူး'

'ဘယ်လိုဖြစ်တာလဲ'

ဟု မေးရာ အနားတွင်ရှိသော လိုကြားဖျင်က....



'ရန်သူကို လိုက်တိုက်ရုံတိုက်မယ်ဆိုလို့ မြင်းတပ်သား ၅၀ ကို ပေးလိုက်တယ်၊ လုံ့ကိုင်ကို မပေးလိုက်ဘူး'

'ခြော်....ဟုတ်ရဲ့လား၊ ဒါဖြင့် မြင်းတပ်နဲ့ တိုက်တာဆိုရင် ဘယ်နိုင်ပါ့မလဲ၊ ကဲ....စွန်ချန်းသွားတော့၊ ကိစ္စမရှိဘူး'

* * *

မြို့စားလျှူက စွန်ချန်းအား အပြစ်မှ ချမ်းသာခွင့်ပေးလိုက်၏။

ဤအခိုက်တွင် လင်ဟုတ်အန်းက စွန်ချန်းအား...

'မင်း ကောင်မလေးကိုရော ခေါ်နိုင်ခဲ့ရဲ့လား'

'အခု ကျွန်တော်နဲ့ အတူပါလာပါတယ်၊ မနက်ဖြန် လက်ထပ်ဖို့ စိတ်ကူးထားပါတယ်'

ဟု ပြောရာ မြို့စားလျှူက ကြားဝင်ပြီး....

'ဒီလူဟာ သတ္တိလဲကောင်း....တိုက်ရည်ခိုက်ရည်လဲ ရှိလို့ ကျုပ် ချက်ချင်း မျောက်ပါးစပ်မှာ သူ့ရဲကောင်းဘွဲ့ပေးလိုက်တယ်၊ ဒါပေမယ့် အလွန်စိတ်ပျော့တဲ့လူ....အခု ကြည့်ပါလား၊ လက်ထပ်တော့မလို့တဲ့၊ ရှိပါစေတော့လေ.... မျောက်ပါးစပ်တိုက်ပွဲကို နိုင်အောင်တိုက်ပေးခဲ့တဲ့လူဆိုတော့ သူ့ဆန္ဒအတိုင်း လက်ထပ်ပေးရတော့မှာပေါ့'

လင်ဟုတ်အန်းက....

'ဩော်....ဒီလူ သတ္တိကောင်းပါတယ်၊ ဗျို....စွန်ချန်း၊ အလျင် ကျင်ကျူးနဲ့ လက်ထပ်ပေးမယ်လို့ ကျုပ် ကတိပေးထားတဲ့ ပိုအင်ကိုလဲ ခင်ဗျားနဲ့ ကျင်ကျူး ယူတော့မယ်လို့ အကျိုးအကြောင်း ကျုပ်ပြောပြပြီးပြီ၊ အဲဒီတော့ မနက်ဖြန်ခါ လက်ထပ်ကြပေါ့'

ထိုအခိုက်တွင် လူတစ်ဦး လှေကားအတိုင်း တက်လာကာ မြို့စားလျှူအား ဝမ်းသာအားရ မျက်နှာထားနှင့် လူအားလုံး ကြားရအောင် ကျယ်လောင်စွာဖြင့်....

'စစ်နိုင်ပြီ သခင်၊ ရန်သူ တပ်တွေကို ကျွန်တော်တို့ လုံးဝနိုင်လိုက်ပြီ'

ဟု သတင်းကောင်း လာပို့လေသည်။

ဤတွင် နံဘေးရှိ သတင်းကောင်းကြားရသူ လစီဘက်သားများမှာ ဝမ်းသာလှသဖြင့် အော်ဟစ်ခုန်ပေါက်ဆူညံနေကြ၏။



အမှန်ပင် လစီ၏ စစ်တပ်များသည် မျောက်ပါးစပ်အနီးတစ်ဝိုက်ရှိ ရန်သူစစ်တပ်များကို ထိုနေ့တွင်ပင် နာလန်မထူနိုင်အောင် တိုက်ခိုက်အောင်မြင်လိုက်ကြ၏။

( ၂၆ )

## စွန်ချွန်းနှင့် ကျင်ကျူး

နောက်တစ်နေ့နံနက်မှာ စွန်ချွန်းမှာ နေမထွက်မီကပင် နိုးနေပြီး လင်ဟုတ်အန်းထံမှ ငှားရမ်းထားသော ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားလေ၏။

ချစ်သူနှင့် လက်ထပ်ရမည်ဖြစ်သောကြောင့် ဝမ်းသာလုံးဆို့ကာ စိတ်လှုပ်ရှားလွန်းလှသဖြင့် လမ်းလျှောက်နေရလေသည်။

အတန်ကြာမျှ ကျောင်းဝိုင်းထဲရှိ စားသမားများကြားဝယ် လျှောက်သွားနေ၏။

မကြာမီအတွင်း ရွာစွန်ရှိ ကင်းစခန်းကို ဖြတ်ကျော်ကာ ရွာပြင်ဘက်သို့ လမ်းလျှောက်လျက်ရှိလေ၏။

သူ၏ စိတ်မှာ ကျင်ကျူးနှင့် လက်ထပ်ရတော့မည် ဖြစ်၍ တစ်ကြောင်း၊ ကျင်ကျူး၏ မွေးစားဖခင် လင်ဟုတ်အန်း၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို တစ်သက်လုံး ခံရတော့မည် ဖြစ်သောကြောင့် လည်းကောင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက်ရှိ၏။

အရှေ့ဘက် ကောင်းကင်တွင်ကား နေရောင်ထွက်ပြုစ ဖြစ်၍ လေပြည်လေညင်းကလေး သာယာစွာ တိုက်ခတ်လျက် ရှိ၏။

စွန်ချန်းသည် လမ်းလျှောက်ရာမှ လှည့်၍ ပြန်တော့မည် လုပ်နေခိုက် သစ်ပင်တစ်ပင်နောက်တွင် လူတစ်ယောက်ကို မြင်ရသောကြောင့်....

'ဟေ့....ရပ်လိုက် ဘယ်သူလဲ'

ဟု လှမ်းမေးလိုက်၏။

အမေးခံရသူမှာ စကားမပြန်ဘဲ လက်ကို ဝှေ့ယမ်းပြခဲ့၏။

မျက်နှာကိုလည်း အဝတ်ဖြင့် ဖုံးထား၏။

သို့သော်လည်း ထိုသူ၏ အမူအရာကိုကြည့်ရခြင်းဖြင့် လူကို ထံ ရောင်ချွန်းဖြစ်ကြောင်း သိရလျှင် စွန်ချန်းသည် ခေးကို ကိုင်၍ ချဉ်းကပ်သွားရာ ရောင်ချွန်းက လေသံတိုးတိုးဖြင့်...

'မင်း ငါ့ကိုတိုက်မလို့လား'



'ကျုပ်ရဲ့ မွေးစားဖခင် ဖြစ်ခဲ့ဖူးလို့ ခင်ဗျား အသက်ကို ကျုပ် မသတ်ပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ ခင်ဗျားအပေါ်မှာ ကောင်းခဲ့သလောက် ခင်ဗျားဟာ ကျုပ်အပေါ် တော်တော် ဆိုးခဲ့တာကို စဉ်းစားမိရင်တော့ ...'

'ငါ အခုနေသင်တာရနေပါပြီကွာ၊ ခုလာတာကလဲ လောက အလင်း ဘုန်းကြီးကျောင်းကိုသွားပြီး ဘုန်းကြီးဝတ်ဖို့လာတာပါ၊ ဘုန်းကြီးဝတ်ပြီး တောရချောင်တစ်ခုခုမှာ တစ်သက်လုံး ပျော်မွေ့တော့မယ်လို့ စိတ်ကူးတယ်'

'နေဦး....ခင်ဗျား လောကအလင်း ဘုန်းကြီးကျောင်းကို သွားလို့ မဖြစ်သေးဘူး'

'ဘာဖြစ်လို့လဲ'

'ဒီနေ့မနက်ဘဲ ကျုပ်နဲ့ကျင်ကျူး လက်ထပ်တော့မယ်။

'ခင်ဗျားဟာ လူ့ဘဝမှာ အလွန်ဆိုးသွမ်းခဲ့တဲ့ လူ တစ်ယောက်ပဲ၊ ဒါပေမယ့် ကျုပ် ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ခုကျုပ်က လီဘက်ကဖြစ်နေပြီ၊ လောကအလင်း ဘုန်းကြီးကျောင်းမှာလဲ လီဘက်က ခေးသမား လှံသမားတွေ ရှိတယ်၊ ခင်ဗျားသွားရင်တော့ ကျုပ် တာဝန်အရ ခင်ဗျားကို ဖမ်းခိုင်းရတော့မှာပဲ'

'မနေ့ာက်ပါနဲ့ကွာ....ငါဘုန်းကြီးကျောင်းကို မခိုကိုးရရင် အသက်မချမ်းသာနိုင်တော့ဘူး ဆိုတာလဲ ထောက်ထားပါဦး'

'ဒါတော့ မတတ်နိုင်ဘူးလေ ဒီနေရာကသာ အမြန်ဆုံး ထွက်သွားပါ၊ ကျုပ်မှာ ကင်းတွေကို လိုက်ဖမ်းခိုင်းဖို့ တာဝန်ရှိတယ်'

'ဟုတ်ကဲ့ပြောနေတာလား'

'ဟုတ်ကဲ့ပြောနေတာပေါ့....မယုံရင် ခင်ဗျား ကျောင်းဘက်ကို လိုက်ခဲ့၊ လိုက်ခဲ့ရင်တော့ ဘာမှကိုတောင် မပြောတော့ဘူး၊ ကျုပ်ကိုယ်တိုင် ခင်ဗျားကို စ,တိုက်မယ်'

ဟု ပြောလိုက်ရာ ရောင်ချွန်းသည် စွန်ချွန်း၏ခေါင်းကို ကြည့်ကာ....

'ဒါပေမယ့် မင်းခေါင်းကရှည်ပြီး ငါ့ခေါင်းက တိုနေတယ်'

'လက်နက်ချင်းတူမှ တိုက်မယ်ပေါ့လေ....ကောင်းပြီ'

ဟု ပြောကာ စွန်ချွန်းသည် ခေါင်းမြှောင်ချင်းယှဉ်လျက် တိုက်မည်ဟူသော သဘောနှင့် လက်မှခေါင်းရှည်ကို လွှင့်ပစ်လိုက်၏။

ရောင်ချွန်းက....

'နောက်တစ်ခါကွာ....မင်းကို ငါမတိုက်ဝံ့ပါဘူး'

'ဒါဖြင့် ခင်ဗျား မြန်မြန်ပြေး၊ ကျုပ်ခေါင်းသမားတွေ ခေါ်လိုက်တော့မယ်'

'ပြေးပါ့မယ်....ဒါပေမယ့် မင်း ခုလိုကြမ်းကြမ်းတမ်းတမ်း လုပ်တဲ့အမှုအရာအတွက် နောက်တစ်ကြိမ် မင်းနဲ့ငါတွေ့တဲ့အခါ မင်း နောင်တရပါလိမ့်မယ်'

ရောင်ချွန်းသည် ပြောပြီး နောက်သို့လှည့်ကာ ခြေလှမ်းခပ်သွက်သွက်လှမ်းရင်း သစ်ပင်များအောက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

သူ သွားနေသောလမ်းတွင် ချုံပုတ်တစ်ခုရှိ၏။



တိုနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက်-ရှိုးခနဲ လေးပစ်သံ တစ်ချက်ကြားရ၏။

ရောင်ချွန်းမှာ မြေ့သို့ ဟပ်ထိုးလဲကျသွားလေ၏။

သူ၏ နောက်ကျောဝယ် မြားနီတစ်စင်း စိုက်ဝင်နေခဲ့သည်။

စွန်ချွန်း အပြေးကလေး လှမ်းလာခဲ့မိ၏။

*  *  *

လဲကျနေသော ရောပ်ချွန်းအား ပွေ့ထူလိုက်ရာ....

ရောင်ချွန်းက....

'မြားနီလားဟေ့....မြားနီလား'

'ဟုတ်တယ်....မြားနီပဲ'

ဤသို့ပြောပြီးသည်နှင့် တစ်ပြိုင်နက်ပင် ရောင်ချန်းသည် ခဏအတွင်းမှာပင် မြားနီဒဏ်ရာဖြင့် သေဆုံးသွားလေတော့သည်။

စွန်ချန်းသည် ရောင်ချန်း၏အလောင်းကို ဆီးနှင်းဖုံးနေသော မြေပြင်ပေါ်တွင်ချပြီး....

မတ်တတ်ရပ်လိုက်သောအခါ မလှမ်းမကမ်းဝယ် လေးတစ်စင်းအား ကိုင်ထားပြီး ဒူးတစ်ဖက်ထောင်ကာ မုဆိုးထိုင်ထိုင်နေသော လူတစ်ဦးကို တွေ့ရှိရ၏။

ထိုလူမှာ မျက်နှာတွင် မျက်နှာဖုံးစွပ်ထားရာ မျက်နှာဖုံးကို ချွတ်လိုက်သောအခါတွင် မြားနီဂိုဏ်း ခေါင်းဆောင် တိတ်ဝှက် ဖြစ်နေလေ၏။

တိတ်ဝှက်က....

'မင်းက ဒီလူကို မွေးစားဖခင်မို့ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နိုင်ပေမယ့် ငါကတော့ ခွင့်မလွှတ်နိုင်ပါဘူး စွန်ချန်း၊ မင်းငါ့ကို နားလည်မှာပါ'

'ခင်ဗျား နှစ်ရှည်လများ ငြိုးခဲ့တဲ့အငြိုးကို လက်စားချေလိုက်တယ် ပြောပါ'

'အေးလေ....ဒီလိုပဲ သဘောထားလိုက်ပါတော့၊ ခုချိန်က စပြီး ငါဟာ လက်စားချေချင်တာကိုလဲချေလိုက်ရပြီ၊အသက်လဲကြီးပြီ၊ ဆက်လဲ မမိုက်ချင်တော့ဘူး၊ အဲဒီတော့ မြားနီဂိုဏ်းကို ဖျက်လိုက်ပါတော့မယ်ကွာ၊ မြားနီဂိုဏ်းကိုဖျက်ပြီးနောက်တော့ မင်းမှာ ဂိုဏ်းသားတစ်ဦးအနေနဲ့ ဘာတာဝန်မှ မရှိတော့ဘူး၊ သွားချင်ရာသွား လုပ်ချင်ရာလုပ်၊မင်းကိုငါ



ခေါင်းဆောင်တစ်ဦးအဖြစ် လွှတ်လပ်ခွင့်ပေးလိုက်ပြီ၊ တိတ်ဝှက်ဆိုတဲ့ မြားနီဂိုဏ်းခေါင်းဆောင် ငါ့ကိုလဲ မင်းမေ့လိုက်တော့'

*　*　*

ထိုနေ့ နံနက် နေခြည်ပွင့်ကာစတွင် လင်ဟုတ်အန်းသည် လှပစွာဝတ်စားဆင်ယင်ထားသောသတို့သမီး ကျင်ကျူးအား ခေါင်းဆောင်ပြီး ခေါ်ဆောင်လာလေသည်။

သူ၏နောက်မှ လင်ရင်ပွေး လိုက်ပါလာ၏။

မြို့စားလျူက တစ်နေရာမှရပ်ကာ သတို့သမီးကိုကြည့်ပြီး စိတ်နေစိတ်ထား စမ်းသပ်မည်ဟု လင်ဟုတ်အန်းအားကြည့်ကာ....

'ဒီဟာ ခုလက်ထပ်မယ့်သတို့သမီးလား၊မျက်နှာဖွင့်ပြစမ်းပါဦး၊ ရုပ်ရည်ကြည့်ရအောင်ဗျာ'

ကျောင်ကျူးက လက်ထပ်မည့် သတို့သမီးတို့၏ထုံးစံအတိုင်း လွှမ်းထားသော မျက်နှာဖုံး ဇာလွှာပါးလေးအား ဖွင့်လှစ်ပြ လိုက်သောအခါ ...

'အို....တော်တော်လှပါလား၊မင်း ငါသဘောတူတဲ့အခြား တစ်ယောက်နဲ့ လက်ထပ်မလား'

'မလုပ်ပါနဲ့ရှင်၊ကျွန်မ စွန်ချန်းနဲ့မှလက်ထပ်မယ်'

'ဪ...ဟုတ်ရဲ့လား၊ ငါသဘောတူတဲ့သူနဲ့ လက်ထပ် ရင် အမှုသည်ဖြင့် ကြီးမြင့်ချမ်းသာမယ်၊ စွန်ချန်းက သူ့ မြစ်မှုနဲ့သူ မကြာမီဒေသရေဘာဘူးဖယ်လူ'

'သေရမယ့်လူဆိုရင်လဲ ကုသိုလ်ပေါ့ရှင်၊ဒါပေမယ့် သူသေ ရင် ကျွန်မလဲ လိုက်အသေခံလိုက်မယ်'

'အင်း....သူတို့ နှစ်ယောက်ကတော့ စိတ်သဘောထားချင်း လိုက်ပါတယ်၊ စွန်ချန်းကလဲ အလွန်ခေါင်းမာပြီး အလွန် သစ္စာရှိတဲ့သူ၊ သူဆုံးဖြတ်ပြီးသားဆိုရင် ကျုပ်က မလုပ်နဲ့ဆို ရင်တောင် မရဘူး၊ မင်း ဒီဟာမလုပ်နဲ့ ဒီဟာလုပ်ရင် ငါ့ အကူအညီမရဘူးဆိုတာတောင် ဟားလို့မရဘူး၊သူလုပ်ချင်တာ လုပ်ရမှ ကျေနပ်တယ်၊ ဒီ သတို့သမီးကလဲ စွန်ချန်းအတိုင်းပဲ၊ အသွင်တူလို့ အိမ်သူဖြစ်တယ်ဆိုရမှာပေါ့'

ဤတွင် လင်ရင်မွေးက ကြားဝင်ပြီး....

'စွန်ချန်းက ဒီလောက်တောင်ပဲ ခေါင်းမာသလားရှင်'

ဟု ဝင်မေးသဖြင့် မြို့စားကြီးလျူက ဘင်ရင်ဘွဲ့အား ကြည့်ပြီး ဘဖန် လင်ဟုတ်အန်းအား....

'ဒီမိန်းမက ဘယ်သူလဲ'



'သူက စွန်ချန်းဖမ်းဆီးလာတဲ့လင်ရင်မွေး'

'ဒါဖြင့် သူကိုလဲ တစ်ယောက်ယောက်နဲ့လက်ထပ် ပေးဦး မှပေါ့'

'ဟုတ်ကဲ့....ကျွန်တော်သူ့ကို ပိုအင်နဲ့ လက်ထပ်ပေးမလို့ စိတ်ကူးထားတယ်'

'ဒါဖြင့်လဲ မြန်မြန်လက်ထပ်ပေးလိုက်ပါဗျာ'

ပြောရင်း မြို့စားကြီးလျူသည် ထိုနေရာမှ ထွက်ခွာသွား သည်။

တူရူးရှိခိုးခန်းအဲတွင်ကားစွန်ချန်းမှာ လူပျိုအဖော်အချို့ နှင့် သတို့သမီးအလာကို စောင့်ဆိုင်းနေ၏။

မကြာမီတွင် သတို့သမီးကျောင်ကျူးနှင့် အခြွေအရံများ ရောက်လာရာ လက်ထပ်ပွဲအခမ်းအနားကို ပျော်ပျော်ရွှင်ရွှင် ကျင်းပကြလေသည်။

ဘုန်းကြီးကျောင်းအတွင်းမှ သတို့သားနှင့်သတို့သမီးထွက် လာသောအခါ၌ မင်္ဂလာအခမ်းအနားအဖြစ် လမ်းပေါ်တွင် မြို့စားလျူကြီးမှာ သူ၏ တပ်ဖွဲ့ကို ခေါင်းဆုံးမှဦးဆောင်၍ မြင်းကို စီးနှင်သွားလေသည်။

လှည့်လည်ပွဲပြီးသည့်နောက် မင်္ဂလာစာမင်းပွဲကိုဆက်လက် ကျင်းပကြသည်။

ကျန်ရစ် ပူပူနွေးနွေး ပိုအင်မှာ ကျောင်ကျူးကို မရသော် လည်း ဝမ်းမနည်းဘဲ လင်ရင်မွေးကို တစ်နေရာမှ ထိုင်ကာ ချိတ်ထိတ်ထိတ် လုပ်နေသည်ကို တွေ့ရ၏။

စွန့်ချန်းနှင့် ကျင်ကျူးသည် ခင်းကျင်းမွမ်းမံထားသော နေရာတစ်ခုတွင် ယှဉ်တွဲ၍ ထိုင်နေကြကာ နီးလျက်နှင့်ဝေးခဲ့ရပြီး ယခု ဝေးရာမှ ခက်ခက်ခဲခဲနှင့် နီးလာရသော ဖူးစာကံ၏ ဆန်းကြယ်ပုံကို စဉ်းစားရင်း ဝမ်းသာအားရဖြစ်နေကြကာ တစ်ဦးကိုတစ်ဦး ကြည့်မဝနိုင်အောင် ကြည်နူးကြနေလေတော့သတည်း။

ဇာတ်သိမ်းပိုင်းပြီး။

ရဲရန်အောင်